w w w . k a n t a r a w a d d y t i m e s . o r g

Monthly
KANTARAWADDY
TIMES

*Accurate* *Reliable* *Trustworthy*

အတွဲ – ၈ ၊ အမှတ်စဉ် – ၃ ကန္တာရဝတီတိုင်း(မ်)ဂျာနယ် မတ်လ ၁ ရက်နေ့၊ ၂၀၂၀ ခုနှစ်

# နယ်လှည့်ဆေးကုသရင်း ဖက်ဒရယ်ကျန်းမာရေးစနစ် ဖော်ဆောင်နေ



စာမျက်နှာ – ၇

## ငြိမ်းချမ်းရေးအတုအယောင် မလိုချင်ဘူးလို့ ကလလတ ဆို

စာ – ၆

## "မြတ်ပေဒါ"အဖွဲ့ နှင့် တစ်နိုင်တစ်ပိုင် ဝက်မွေးမြူရေး

စာ – ၉

## မိမိတို့ ယုံကြည်ရာပန်းတိုင် ဆက်သွားမည့် ကယန်းအမျိုးသမီး အစည်းအရုံး



စာ – ၂၂

# မြေကျွံမှုဖြစ်ပေါ်နိုင်လို့ သတိဖြင့် နေထိုင်ဖို့ နိုးဆော်ထားတဲ့ မော်ချီးဒေသ

စာ – ၂၀

၂၀၁၃ ခုနှစ်၊ ဇန္နဝါရီလတွင် စတင်ဖြန့်ချိသည်။

# ၂၀၂၀ ခုနှစ် ရွေးကောက်ပွဲကို ချဉ်းကပ်ခြင်း ( ၃ )

ယခုလတွင် စာရေးသူ အနေနှင့် ၂၀၂၀ ခုနှစ် ရွေးကောက်ပွဲကာလတွင် ကယားပြည်နယ်၌ ရှိလာနိုင်မည့် ခန့်မှန်း လူဦးရေနှင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူဦးရေ ခန့်မှန်း အနေအထားကို အဓိက ဦးတည် ချဉ်းကပ်ရေးသားပါမည်။

လက်ရှိ စာရေးနေချိန် ( ၂၀၂၀ ခုနှစ် ဖေဖော်ဝါရီလ ) အထိ အလုပ်သမား၊ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ၂၀၂၀ ခုနှစ် နောက်ဆုံးရ လူဦးရေစာရင်းကို ပြုစုနေဆဲ ဖြစ်ပြီး ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်မှလည်း ဆန္ဒမဲပေးပိုင်ခွင့်ရှိသူဦးရေကို မထုတ်ပြန်နိုင်သေးပေ။ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတွင် ကယားပြည်နယ်၏ အသက် ( ၁၈ ) နှစ်ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူဦးရေမှာ ( ၁၇၈၃၁၆ ) ဦး ဖြစ်သည်။

လူဦးရေ အကြောင်းပြောမည်ဆိုလျှင် နိုင်ငံ၏ အနီးကပ်ဆုံးကာလ၌ ကောက်ယူခဲ့သော သန်းခေါင်စာရင်းကို အခြေခံရပေမည်။ ထို့အတွက်ကြောင့် “ ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံလူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ” ( 2014 Census ) ကို ပြန်လည် လေ့လာရမည် ဖြစ်သည်။ ကယားပြည်နယ် အတွက် သီးသန့် ထုတ်ဝေသည့် “ သန်းခေါင်စာရင်း အစီရင်ခံစာ အတွဲ ( ၃ – ခ ) ” ပါ အချက်အလက် များကို ရယူပြီး ရေးသားပါမည်။


## ကယားပြည်နယ်၏ ခရိုင်၊ မြို့နယ်များရှိလူဦးရေ

| | လူဦးရေစုစုပေါင်း | | |
|---|---|---|---|
| | ပေါင်း | ကျား | မ |
| **ကယားပြည်နယ်** | ၂၈၆,၆၂၇ | ၁၄၃,၂၁၃ | ၁၄၃,၄၁၄ |
| မြို့ပြ | ၇၂,၄၁၈ | ၃၅,၆၇၉ | ၃၆,၇၃၉ |
| ကျေးလက် | ၂၁၄,၂၀၉ | ၁၀၇,၅၃၄ | ၁၀၆,၆၇၅ |
| **လွိုင်ကော်ခရိုင်** | ၂၄၃,၇၁၈ | ၁၁၉,၈၃၃ | ၁၂၃,၈၈၅ |
| လွိုင်ကော်မြို့နယ် | ၁၂၈,၄၁၁ | ၆၃,၁၀၉ | ၆၅,၃၀၂ |
| ဒီးမော့ဆိုမြို့နယ် | ၇၉,၂၁၁ | ၃၈,၉၄၆ | ၄၀,၂၆၅ |
| ဖရူဆိုမြို့နယ် | ၂၉,၃၇၄ | ၁၄,၄၅၇ | ၁၄,၉၁၇ |
| ရှားတောမြို့နယ် | ၆,၇၄၂ | ၃,၃၅၁ | ၃,၃၉၁ |
| **ဘော်လခဲခရိုင်** | ၄၂,၉၀၉ | ၂၃,၃၈၀ | ၁၉,၅၂၉ |
| ဘော်လခဲမြို့နယ် | ၈,၄၈၀ | ၄,၆၅၁ | ၃,၈၂၉ |
| ဖားဆောင်းမြို့နယ် | ၂၅,၅၉၄ | ၁၃,၉၀၆ | ၁၁,၆၈၈ |
| မယ်စဲ့မြို့နယ် | ၆,၁၀၉ | ၃,၄၀၂ | ၂,၇၀၇ |
| ရွာသစ်မြို့နယ်ခွဲ | ၂,၅၁၆ | ၁,၄၂၁ | ၁,၀၉၅ |

Source ❯ 2014 Census

၂၀၁၄ ခုနှစ် မြန်မာနိုင်ငံလူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ ကယားပြည်နယ်တွင် လူဦးရေ ( ၂၈၆၆၂၇ ) ဦးသာ ရှိကြောင်း တွေ့ရပါသည်။ ကယားပြည်နယ်တွင် မြန်မာနိုင်ငံ စုစုပေါင်းလူဦးရေ ( ၅၁၄၈၆၂၅၃ ) ဦး ၏ ( ၀.၆ ) ရာခိုင်နှုန်းသာ နေထိုင်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ လူဦးရေ အချိုးအစားအရ အနည်းဆုံးဖြစ်ကြောင်း တွေ့ရှိရပါသည်။

## တိုင်းဒေသကြီး/ပြည်နယ်များ၏ လူဦးရေအချိုးအစား





Source ❯ 2014 Census

ကယားပြည်နယ်၏ မြို့ပြနှင့် ကျေးလက်နေ လူဦးရေကို လေ့လာကြည့်သောအခါ မြို့ပြတွင် ( ၇၂၄၁၈ ) ဦး ( ၂၅ % ) နေထိုင်၍ ကျေးလက်ဒေသတွင် ( ၂၁၄၂၀၉ ) ဦး ( ၇၅ % ) နေထိုင်ကြသည်ကို တွေ့ရသောကြောင့် ကျေးလက်နေ လူဦးရေမှာ မြို့ပြထက် ( ၃ ) ဆ ပိုများပါသည်။ လူဦးရေ သိပ်သည်းဆကို ကြည့်ရာ ကယားပြည်နယ်၌ ပျမ်းမျှအားဖြင့် တစ်စတုရန်း ကီလိုမီတာတွင် ၂၄ ဦးကျော် နေထိုင်သည်ကို တွေ့ရပါသည်။ တစ်နည်းအားဖြင့် တစ်စတုရန်း မိုင်တွင် ၃၉ ဦးခန့် နေထိုင်ကြပါသည်။

| | |
|---|---|
| မြို့ပြ | ၇၂,၄၁၈ (၂၅%) |
| ကျေးလက် | ၂၁၄,၂၀၉ (၇၅%) |
| Source ❯ 2014 Census | |
| လူဦးရေသိပ်သည်းဆ | ၂၄.၄ (တစ်စတုရန်းကီလိုမီတာ) |

ထိုကဲ့သို့ နယ်မြေဧရိယာ ကျဉ်း၍ လူဦးရေ နည်းခြင်းကြောင့် ရွေးကောက်ပွဲအတွက် အားသာချက်များ ရှိသည်ဆိုပြီး ငွေကြေးကြွယ်ဝသည့် ပြည်နယ်ပြင်ပ အခြေစိုက် ပါတီကြီးများနှင့် တစ်သီးပုဂ္ဂလ တို့၏ အလွန် စိတ်ဝင်စားခြင်းကို ခံခဲ့ရပါသည်။ ၂၀၂၀ ခုနှစ် ရွေးကောက်ပွဲတွင်လည်း ထိုနည်းတူ ဖြစ်လာကြလိမ့်အုန်းမည်ဟု သုံးသပ်ပါသည်။

## ကယားပြည်နယ်၏ လူဦးရေပိရမစ်




Source ❯ 2014 Census

၂၀၁၄ ခုနှစ် မြန်မာနိုင်ငံလူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ ကယားပြည်နယ်၏ လူဦးရေပိရမစ် ပုံစံမှာ အောက်ခြေကားသော ပုံစံဖြစ်နေသည်ကို တွေ့ရှိရပါသည်။ ဆိုလိုသည်မှာ မွေးဖွားနှုန်း မြင့်မားလာနေပြီး လူငယ်ဦးရေနှင့် ကလေးဦးရေ အချိုး မြင့်မားမှုကို ပြသနေပါသည်။ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်း ကောက်ယူစဉ်က အသက် ( ၁၂ ) နှစ်ရှိ ကလေးသည် ၂၀၂၀ ခုနှစ် ရွေးကောက်ပွဲကာလတွင် အသက် ( ၁၈ ) နှစ်ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ( First Voter ) ဖြစ်လာပါလိမ့်မည်။ ထို့ကြောင့် ကယားပြည်နယ်တွင် အသက်အပိုင်းအခြားအလိုက် သန်းခေါင်စာရင်းအရ ပထမဆုံး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ ( First Voters ) အရေအတွက် ( ၃၀၀၀၀ ) ဝန်းကျင် ရှိလိမ့်မည်ဟု ခန့်မှန်းပါသည်။

၂၀၁၈ ခုနှစ် စက်တင်ဘာလအထိ ကယားပြည်နယ်ရှိ မြို့နယ်အသီးသီး၏ အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနမှ ထုတ်ပြန်ထားသည့် ကိန်းဂဏန်းများအရ ပြည်နယ်၏ လူဦးရေ တိုးနှုန်း ပျမ်းမျှမှာ တစ်ရာခိုင်နှုန်း ကျော်သာဖြစ်သည်။ မွေးဖွား၊ သေဆုံး၊ ပြောင်းဝင်၊ ပြောင်းထွက် လူဦးရေ စာရင်းတွင်လည်း သိသာထူးခြားသည့် အပြောင်းအလဲများကို မတွေ့ရပါ။

သို့ဖြစ်ပါသောကြောင့် စာရေးသူ၏ လေ့လာတွက်ချက်မှုများအရ ၂၀၂၀ ခုနှစ် ရွေးကောက်ပွဲကာလတွင် ကယားပြည်နယ်၌ ရှိလာနိုင်မည့် လူဦးရေမှာ ( ၃ ) သိန်းဝန်းကျင်နှင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူဦးရေမှာ ( ၂ ) သိန်း မပြည့်မီနိုင်သေးဟု ခန့်မှန်းပါသည်။

စိတ်ဝင်စားစရာ အကောင်းဆုံး ထူးခြားချက်မှာ ကယားပြည်နယ်ရှိ လွှတ်တော် မဲဆန္ဒနယ် အားလုံးပေါင်း ( ၃၄ ) နေရာတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူဦးရေ ( ၁၀၀၀၀ ) မပြည့်မည့် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် ( ၃ ) နေရာ ၊ အမျိုးသား လွှတ်တော် မဲဆန္ဒနယ် ( ၆ ) နေရာ ၊ ပြည်နယ်လွှတ်တော် မဲဆန္ဒနယ် ( ၂ ) နေရာတို့အပြင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူဦးရေ ( ၅၀၀၀ ) မကျော်နိုင်သော ပြည်နယ်လွှတ်တော် မဲဆန္ဒနယ် ( ၆ ) နေရာတို့ ရှိနေခြင်း ဖြစ်သည်။

ကျော်ထင်အောင်

**လွှတ်တော်နှင့် ပါတ်သက်ပြီး အရပ်ဖက်အဖွဲ့အစည်း၊ တက်ကြွလှုပ်ရှားသူ၊ လူငယ်စတဲ့ ဒေသခံပြည်သူတွေရဲ့ ထင်မြင်သုံးသပ်ချက် အဆက်.....**



ဒေါ်မာဂရက်စိန် – အရပ်ဖက်အဖွဲ့အစည်း ( ပပွာကလူ အမျိုးသမီးအဖွဲ့)

ကျမတို့ မော်ချီးအတွက်ဆို အားရကျေနပ်မှု မရှိသလို တစ်ပြည်နယ်လုံးအတွက်ဆိုရင်လည်း အားရကျေနပ်မှု မရှိဘူး။

ဘာဖြစ်လို့လဲဆိုတော့ လုပ်ဆောင်မှုတိုင်းမှာ ပွင့်လင်းမြင်သာမှု နည်းပါးတာရယ်၊ ပြည်သူထဲက ဌာနေတိုင်းရင်းသား ပါဝင်မှု နည်းပါးနေလို့ပါ။

ကျန်တဲ့ တစ်နှစ်ကိုတော့ တကယ်လိုအပ်တဲ့ ပြည်နယ်ရဲ့ အစိတ်အပိုင်းထဲက မြို့ နယ်တော်တော်များများကို ကွင်းဆင်းပြီး တကယ်ဖြည့်ဆည်းပေးစေချင်ပါတယ်။

# ကုန်ပစ္စည်းတွေမှာ ပစ္စည်းအညွှန်းတွေ ထည့်သွင်းမထားရင် အရေးယူနိုင်တော့မည်

**အန်ထော်နီ**

ကုန်ပစ္စည်း အရောင်းဆိုင်တွေမှာ ရောင်းချတဲ့ ကုန်ပစ္စည်းတွေအတွက် အညွှန်းအမှတ် အသားဖော်ပြပြီးမှ ရောင်းချသွားဖို့ဆိုတဲ့ အသိပေး ရှင်းလင်းပွဲကို ပြီးခဲ့တဲ့ ဖေဖော်ဝါရီလ ၂၀ ရက်နေ့ က စားသုံးသူရေးရာ ဦးစီးဌာနက ပြုလုပ်ခဲ့ပါတယ်။




"ကျနော်တို့ရဲ့ စားသုံးသူရဲ့ဥပဒေမှာ သူ့ရဲ့ နစ်နာဆုံးရှုံးမှု ဝန်ဆောင်မှုအရဖြစ်စေ စားသောက်ကုန်မာပဲဖြစ်စေ ပေးထားတဲ့ဟာအတိုင်း ကျေနပ်နှစ်သိပ်မှုမရှိဘူးအန္တရာယ်ဖြစ်စေတယ်ဆိုရင်ကျနော်တို့ကို လာတိုင်ပြီးဆိုရင် ကျနော်တို့ရဲ့ စုံစမ်းစစ်ဆေးရေးမှူးတွေက စုံစမ်းတွေ့ရှိမယ်ဆိုရင်တော့ စားသုံးသူရေးရာကောင်မတီရဲ့ ဥပဒေနဲ့ အရေးယူလို့ရတယ်။ အဲ့ဒီစားသုံးသူတွေရဲ့ ဥပဒေနဲ့မလုံလောက်တော့ဘူး နယ်ဖက်ဆိုင်ရာ တရားရုံးတွေမှာ တရားစွဲဆိုတင်ပို့ရမဲ့ အမှုမျိုးဖြစ်လာရင် နယ်ဖက်ဆိုင်ရာ တရားရုံးတွေက တရားစွဲဆိုပိုင်ခွင့်ရှိတယ်" လို့ စုပေါင်းကူးသန်း ရောင်းဝယ်ရေးဌာန ပြည်နယ်ဦးစီးမှူး ဦးကျော်ဝင်းကပြောပါတယ်။

အညွှန်းအနေနဲ့ ကုန်စည်တွေမှာ ကုန်စည်ရဲ့ အမျိုးအမည်၊ အရွယ်အစား၊ အရေအတွက်နဲ့ အသားတင်ပမာဏ၊ ထားသိုသိမ်းစည်းမှုအညွှန်း၊ သုံးစွဲ ပုံနည်းလမ်း၊ ကျန်းမာရေးဆိုင်ရာ ဘေးထွက်ဆိုးကျိုး၊ ဓါတ်မတည့်ကြောင်း ဖော်ပြချက်၊ ကြိုတင်သတိပေးချက် စတဲ့အချက်တွေကို မြန်မာဘာသာနဲ့ ဖြစ်စေ၊ တခြားဘာသာစကားတခုနဲ့ ဖြစ်စေ ၂ခုတွဲလျှက် ဖြစ်စေ ဖော်ပြပေးရမှာ ဖြစ်ပါတယ်။

စားသောက်ဆိုင်တွေနဲ့ စတိုးဆိုင်တွေက သတ်မှတ်ထားတဲ့ထုတ်ပြန်ချက်အတိုင်းလိုက်မနာပါက တရားဥပဒေအရအရေးယူလို့ရတယ်လို့ စုပေါင်းကူးသန်းရောင်းဝယ်ရေးဌာန ပြည်နယ်ဦးစီးမှူး ဦးကျော်ဝင်းက ပြောပါတယ်။

ရှင်းလင်းပွဲကို တက်ရောက်လာသူတစ်ဦးဖြစ်တဲ့ ပုလဲစတိုးကိုယ်စားလှယ် ဦးကိုရယ် က "အခုထုတ်ပြန်လိုက်တဲ့ ဥပဒေတွေကကောင်းတယ် ကိုက်ညီမှုရှိတယ် စားသုံးသူတွေ အတွက်လည်း လုံခြုံရေးရှိရမယ် နောက်ပြီးတော့ ရောင်းဝယ်ဖောက်ကားသူတွေနဲ့ ဝန်ဆောင်မှုလုပ်တဲ့ သူတွေကလည်း သက်တမ်း ကုန်ဆုံးရက်တွေ ကြည့်ရမယ်ပြီးတော့ မြန်မာစာသားနဲ့ ပါရမယ်ဆိုတာ မှန်တယ်။" လို့ ပြောပါတယ်။

ကုန်ပစ္စည်း အရောင်းဆိုင်တွေဖက်ကတော့ ကုန်ပစ္စည်း တွေကို ထုတ်လုပ်တဲ့ သူတွေဆီကဝယ်ပြီး ပြန်လည်ရောင်းချကြရတာဖြစ်တဲ့အတွက် သူတို့ အနေနဲ့ ကုန်ပစ္စည်း အညွှန်းကိုထည့်သွင်းဖို့ရာ မဖြစ်နိုင်ကြောင်းပြောပါတယ်။

ဦးကိုရယ် ပုလဲစတိုး ကိုယ်စားလှယ်က"အခုကျနော့်ဆိုင်မှာ ဥပဒေနဲ့မကိုက်ညီတဲ့ စားသုံးကုန်တွေတော့ မထုတ်လုပ်ဘူး ဝယ်ပြီးတော့ ကုန်သွယ်မှုပဲလုပ်တယ်။ ဒီစည်းကမ်းချက်တွေကိုတော့ ကြိုက်တယ် ဒါပေမဲ့ ထုတ်လုပ်မှုအပေါ်မှာ ရန်ကုန်၊ မန္တလေး ထိုင်းကနေ လာတဲ့ထုတ်ကုန်တွေ ဒီလိုမျိုး အဝေးကနေ လာတဲ့ ကုန်စည်တွေဟာ မြန်မာစာလို ပါရမယ်ဆို တဲ့ဟာတော့ တော်တော် လေးခက်တယ်။ ဒါပေမဲ့ မြန်မာစာမပါရင် တစ်ခြားဘာသာနဲ့ ပါရင်လည်း ရတယ်လို့ ပြောတယ်။ မုန့်တွေဆိုရင် မြန်မာစာမပါဘူး။ ပါအောင်ဆိုရင် ထုတ်လုပ်သူတွေ အနေနဲ့ကပိုအရေးကြီးတာပေါ့။ ဒါတွေကမှန်တယ်။ Date တွေ ပါရမယ်လေ။ စထုတ်တဲ့ရက် ကုန်ဆုံးတဲ့ရက်၊ ဘယ်အချိန်ထိ အကန့်အသတ်ရှိတယ်ဆိုတာသိအောင် စားသုံးသူတွေကို ပြောပြမှရမှာပေါ့။" လို့ပြောခဲ့ပါတယ်။

စားသုံးသူဆိုင်ရာ ဥပဒေကို ၂၀၁၄ ခုနှစ်မှာ ပထမအကြိမ် ပြဋ္ဌာန်းခဲ့ပြီး ၂၀၁၉ ခုနှစ် မတ်လ ၁၅ ရက်နေ့တွင် နောက်ဆုံးအကြိမ် အတည်ပြုပြဋ္ဌာန်းခဲ့တယ်လို့ သိရပါတယ်။

အဆိုပါ အတည်ပြုပြဋ္ဌာန်းထားသော စားသုံးသူကာကွယ်ရေးဥပဒေ ပုဒ်မ ၁၊ ပုဒ်မခွဲ (ခ) အရ ဒီဥပဒေ အခန်း (၁၈)ပါ ကုန်အညွှန်း အမှတ်အသားဆိုင်ရာ ပြဋ္ဌာန်းချက်တွေဟာ ဥပဒေ ပြဋ္ဌာန်းပြီး တစ်နှစ်ပြည့်မြောက်တဲ့နေ့ဖြစ်တဲ့ ၂၀၂၀ ခုနှစ်၊ မတ်လ ၁၆ ရက်နေ့မှစပြီး အာဏာတည်မှာ ဖြစ်ပါတယ်။

အာဏာတည်ပြီး နောက်ပိုင်း ဆိုင်တွေမှာ လိုက်လံစစ်ဆေးမှာဖြစ်ပြီး ဥပဒေအတိုင်းမလိုက်နာပါက အရေးယူဆောင်ရွက်သွားမယ်လို့သိရပါတယ်။

---

# မော်ချီးခဲ အလုပ်သမားတွေရဲ့ကျန်းမာရေးကိစ္စ လွှတ်တော်မှာတင်ပြရန်အစီအစဉ်မရှိသေး

**စိုးထိုက်အောင်**

ကယားပြည်နယ် ဖားဆောင်းမြို့နယ် မော်ချီးခဲသတ္တုတွင်းထဲမှာ အလုပ်လုပ်နေကြတဲ့ အလုပ်သမားတွေရဲ့ ကျန်းမာရေးဆိုင်ရာလုံခြုံမှုနဲ့ပတ်သက်လို့ ပြည်သူတွေဘက်က တင်ပြချက်မရှိတဲ့အတွက် လွှတ်တော်ထဲမှာ တင်ပြဖို့ အစီအစဉ်မရှိသေးဘူးလို့ ဖားဆောင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းထွေးသူက ပြောပါတယ်။

ဒေါ်နန်းထွေးသူက "ခဲဆိပ်နဲ့ပတ်သတ်ပြီးမှတော့ ဒါပြည်သူတွေဆီကနေလဲ အမတို့ကလူထုတွေ့တယ်လေ လူထုအမြဲတန်းတွေ့တုန်းက ဒီကိစ္စနဲ့ ပတ်သတ်ပြီး သူတို့တင်ပြတာတွေလဲ မရှိဘူး၊ မေးမြန်းတာတွေလဲ မရှိဘူးဆိုတော့ အမတို့က လွှတ်တော်ဘက်ကနေ လွှတ်တော်ကိုယ်စားလှယ်ဆိုတော့ ပြည်သူ့အသံနားထောင်မှ ပြည်သူတွေရဲ့ တင်ပြချက်တွေ အပေါ်မှာအမတို့က တစ်ဆင့်ပြန်တင်တာပေါ့နော်။"လို့ ပြောပါတယ်။

အခုလို ခဲသတ္တုတွင်းလုပ်ငန်းမှာ ခဲဆိပ်ကြောင့်ဖြစ်တဲ့ အဆုတ်ရောဂါတွေ၊ ခဲဆိပ်ရောဂါတွေဖြစ်ပွားနေပေမဲ့လည်း အများနဲ့သက်ဆိုင်တဲ့ကိစ္စရပ်တွေလိုတင်ပြလာတာမရှိတဲ့အတွက် လွှတ်တော်မှာ တင်ပြဖို့ပြင်ဆင်ထားတာမရှိဘူးလို့ဆိုပါတယ်။

မော်ချီးဒေသ အတွင်းမှာ ခဲသတ္တုတူးဖော်ရေး လုပ်ငန်းလုပ်ကိုင်နေလျက်ရှိတဲ့အမျိုးသားတွေအနေနဲ့ ဂန်းထိုးခြင်း၊ ယမ်းခွဲခြင်းကြောင့် ခဲဆိပ်သင့်ပြီး အသက်ဆုံးရှုံးရတဲ့ သူတွေရှိသလို၊ ခဲကျင်းတွေအတွင်းမှာလဲ မတော်တဆမှုတွေကြောင့် အသက်ဆုံးရှုံးရတာတွေရှိနေတယ်လို့ ခဲကျဉ်းထဲမှ လူနာတွေကို ဆေးကုသပေးနေတဲ့ မော်ချီးဒေသ ယူကော်ခိုကျေးရွာမှ ဆေးခန်း ဆရာမဒေါ်မာဂရက်စိန်က ပြောပါတယ်။



မောချီးခဲသတ္တု တူးဖော်ရေးလုပ်ငန်းမှ အလုပ်သမားတစ်ဦး ယူကော်ခိုရွာမှ ဆေးခန်းတွင် မြင်တွေ့ရစဉ် (ဓါတ်ပုံ – ကန္တာရဝတီတိုင်း(မ်))

ဆရာမဒေါ်မာဂရက်စိန်က " ခဲဆိပ်ကြောင့် အဆုတ်ရောဂါ ချောင်းဆိုးတယ်၊ တီဘီ လက္ခဏာလိုပဲ ပိန်တယ်၊အစားမစားနိုင်ဘူး၊မျက်လုံးတွေပျူးလာတယ်၊ အသားတွေမဲလာတယ်၊ ရုတ်တရက်ကြည့်ရင် AIDS လို့ထင်ရတယ်။ အဲ့ဒါမဟုတ်ဘူး ဒါ monocotosis လို့ခေါ်တဲ့ ခဲ၊ ယမ်းတွေ၊ အငွေ့တွေကြောင့်ဖြစ်တဲ့၊ အဆိပ် တွေကြောင့်ဖြစ်တဲ့ရောဂါ ဟုတ်တယ်။ အဲ့ဒါကမ္ဘာက အသိအမှတ်ပြုတာနော် သို့သော် မြန်မာက မကြေညာဘူး monocotosis ပါလို့ဘယ်သူမှ မကြေညာဘူး။" လို့ ပြောပါတယ်။

ခဲဆိပ်ကြောင့်ဖြစ်တဲ့ အဆုတ်ရောဂါဖြစ်ပွားပြီဆိုရင်လဲ ကျေးလက်ကျန်းမာရေးဌာနတွေ၊ ဆေးရုံကြီးတွေကနေ တီဘီရောဂါလို့သတ်မှတ်ပီး (၆) လ တီဘီဆေးတွေကိုသာ သောက်ခိုင်းနေတာဖြစ်ပြီး အများစုက အိမ်ပြန်ရောက်ရင် အသက်ဆုံးရှုံးနေကြရတယ်လို့ ဆိုပါတယ်။

ခန္ဓာကိုယ်အတွင်းသို့ခဲဆိပ်ဝင်ရောက် နိုင်တဲ့ နေရာတွေကတော့ နှာခေါင်း၊ ပါးစပ်နဲ့အရေပြားတွေကနေ ဝင်ရောက်နိုင်ပြီးတော့၊ ခဲကျင်းတွေမှာ ယမ်းခွဲဖို့အတွက် ဂန်းထိုးတဲ့အခါမှာလဲ ရင်ဘက်နဲ့ဖိပြီး ထိုးရတဲ့အတွက်ကြောင့်လဲ ဂန်းရဲ့တွန်းအားကြောင့် အဆုတ်ပျက်ဆီးတာတွေဖြစ်နိုင်ပါတယ်လို့ လည်းဆိုပါတယ်။

၂၀၁၉ ခုနှစ်အတွင်းမှာ မော်ချီးဒေသ ယူကော်ခိုကျေးရွာမှာ ခဲဆိပ်သင့် အဆုတ်ရောဂါ ဖြစ်ပွားသူ ၅ ဦးနဲ့ခဲဆိပ်ရောဂါဖြစ်ပွားသူ ၁ဦးခန့်ရှိတယ်လို့ပြောပါတယ်။

ရောဂါဖြစ်ပွားပြီဆိုရင်လဲ ယခုအချိန်ထိတော့ မြန်မာနိုင်ငံမှာ ပျောက်ကင်းအောင်မကုသနိုင်သေးဘူးလို့ ဆရာမဒေါ်မာဂရက်စိန်ကတဆင့်သိရပါတယ်။

မြန်မာနိုင်ငံရဲ့ ခဲသတ္တုအများဆုံးထွက်ပေါ်ရာ မော်ချီးသတ္တုတွင်းထဲမှာ နေရာတွေထဲမှာ မော်ချီးဒေသဟာဆိုရင်လဲ တစ်ခုအပါအဝင်ဖြစ်ပါတယ်။

မော်ချီးဒေသကလူတွေသာ မက တစ်ခြားပြည်နယ်/တိုင်းတွေဘက်က အလုပ်လာလုပ်တဲ့သူတွေ အသက်အန္တရာယ် ရှိမှန်း သိနေပေမဲ့လဲ စားဝတ်နေရေးအတွက် လာရောက်လုပ်ကိုင်နေရခြင်းပဲ ဖြစ်ပါတယ်။

www.kantarawaddytimes.org
www.facebook.com/kantarawaddytimes

**Vol:8, Issues: 3**

March 1, 2020

Editor in Chief – ကယားထဲ
News Editor – မော်ဦးမြာ
Video Editor – ဖဲဘူး
Reporter – နော်ဒွေးအယ်ရှ
Web Master – ဘိုကဲတ်
Layout Designer - ရှူးလီးရယ်
Copy Editor – ဂျွန်ပေါလ်

**Radio Team**

Radio Producer – ရှူးဖရက်ရယ်
Presenter – မော်ဒေးဒေး

**Office Staff**

Coordinator – ရှူးဖဲဘီး
Finance Manager – မာတီးနာ
Admin & Accountant - ဝင်းလှဲ့လှဲ့ဦး
Marketing – မူဘူးမူ

**ရုံးလိပ်စာ** – ပြည်ထောင်စုလမ်းမကြီး၊ ညောင်ကိုင်း၊ ဒီးမော့ဆိုမြို့၊ ကယားပြည်နယ်။ ဖုန်း– ၀၈၃၄၀၃၄၁။

**ဖြန့်ချိရေးလိပ်စာ** – ကန္တာရဝတီတိုင်း(မ်)၊ ပြည်ထောင်စုလမ်းမကြီး၊ ညောင်ကိုင်း၊ ဒီးမော့ဆိုမြို့၊ ကယားပြည်နယ်။

**ဖြန့်ချိသည့်နေရာ** – ကယားပြည်နယ်။

**ပုံနှိပ်တိုက်** – သုဝဏ္ဏသိင်္ဂီ၊ ပုံနှိပ်တိုက်
**မှတ်ပုံတင်အမှတ်** (၀၀၄၃၁)
**လိပ်စာ** – No. 146/ 48th Street(apper)/ Botahtaung Township, Yangon
**ဖုန်း** – ၀၉၃၁၂၇၁၉၇၅၊ ၀၉၇၉၅၈၀၇၅၀၀၊ ၀၉၇၈၀၃၈၆၁၁၈
sunncolor1995@gmail.com

**ထုတ်ဝေသူ** – ဒေါ်စိုးစိုးထက်
**မှတ်ပုံတင်အမှတ်** – ၀၀၇၆၅
**ဖုန်း** – ၀၉၇ ၉၀၂၃ ၈၁၁၉၊ ၀၉၇ ၉၃၈၉ ၃၄၁၉။

**ဆက်သွယ်ရန် လိပ်စာ** –
**ဒေါ်စိုးစိုးထက်** – ဦးမြင့်ဆွေ၊ သ/၂၀၊ အောင်သပြေရပ်ကွက်၊ ငွေတောင်ကျေးရွာ၊ ဒီးမော့ဆိုမြို့၊ ကယားပြည်နယ်။
**ဖုန်း** – ၀၉၇ ၉၃၈၉ ၃၄၁၉။
**အီးမေးလ်** –
kayahhtet@kantarawaddytimes.org
kayahhtet@gmail.com
**မူဘူးမူ** – Marketing Manager
**ဖုန်း** – ၀၉၂၆၂၇၂၉၃၅ ။

**ကန္တာရဝတီတိုင်း(မ်)** ဂျာနယ်ထံသို့ သတင်း၊ ဆောင်းပါး၊ ကာတွန်း၊ ပေးစာနှင့် အကြံပြုစာများ ပေးပို့နိုင်ပါသည်။ ပေးပို့လာသည့် စာမူများကို အလျဉ်းသင့်သလို ဖော်ပြပေးသွားမည် ဖြစ်ပါသည်။

# အယ်ဒီတာ့ အာဘော်

## သက်ငယ်မုဒိမ်းမှုကျူးလွန်သူ ထိုက်သင့်တဲ့အပြစ်ပေးပါ

ဖရူဆိုမြို့နယ်ဘက်မှာ ပြီးခဲ့တဲ့နှစ်က သက်ငယ်မုဒိမ်းမှု၂ မှုဖြစ်ပွားခဲ့ရာမှာ တရားဥပဒေအတိုင်း သက်ငယ်မုဒိမ်းမှုနဲ့ ကျူးလွန်သူတွေကို တရားမျှတမှုရှိအောင် အပြစ်ပေးသင့်ပါတယ်။

၂၀၁၉ ခုနှစ်အတွင်း မုဒိမ်းမှု၁၀မှု ဖြစ်ပွားခဲ့ပြီး ဖရူဆိုမြို့နယ်အတွင်း သက်ငယ်မုဒိမ်းမှု ၂ မှုရှိပါတယ်။ သက်ငယ်မုဒိမ်းမှု ၁ မှုကိုတော့ ၂၀၁၉ခုနှစ် အောက်တိုဘာလ ၃၁ ရက်နေ့မှာ ထောင်ဒဏ်အနှစ်၂၀ အပြစ်ဒဏ်ချမှတ်ခဲ့ပါတယ်။

ကျန်တစ်မှုကိုတော့ ဒီဇင်ဘာ ၂ ရက် ၂၀၁၉ ခုနှစ်မှာ ပစ်ဒဏ်ချမှတ်နိုင်ဖို့ လွိုင်ကော်ခရိုင်တရားရုံးမှာ စစ်ဆေးသွားပါတယ်။

၂၀၁၉ခုနှစ်ကတည်းက အမှုကိုစစ်ဆေးလာတာ အခုချိန်ထိမပြီးသေးပဲ ကြန့်ကြာလျက်ရှိနေပါတယ်။

စီရင်ချက်ချဖို့ ကျန်နေသေးတဲ့ သက်ငယ်မုဒိမ်း ၁ မှုမှာ ကျူးလွန်ထားသူ မည်သူမည်ဝါ ဆိုတာကို မဖော်နိုင်သေးတာဟာ အာဏာပိုင်တွေကိုလာဘ်ထိုးထားသလားဆိုတာက မေးခွန်းထုတ်စရာ ဖြစ်နေပါတယ်။

အသက်ပြည့်ပါတယ်ဆိုတဲ့ပုံစံမျိုးနဲ့ တစ်ဖက်ကျူးလွန်သူတွေကို လျော့ပေါ့အောင် စီစဉ်နေတာမျိုးတွေ ရှိနေတယ်လို့လည်း ဖရူဆိုမြို့နယ်က ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသဲရယ်က ပြည်သူတွေရဲ့ စိုးရိမ်မှုကို ကန္တာရဝတီတိုင်း(မ်)ကို အင်တာဗျူးချိန် ပြောဆိုထားပါတယ်။

ဒီလိုကြန့်ကြာပြီး အသက်အရွယ်တွေကို ပြောင်းဖို့ သက်ဆိုင်ရာကပြုလုပ်နေခြင်းက သက်ငယ်မုဒိမ်းမှုပပျောက်ဖို့အတွက် ကူညီရာမရောက်ပဲအားပေးနေသလိုဖြစ်ပါတယ်။

ကျူးလွန်သူ မဖော်ထုတ်နိုင်သေးတာဟာလည်း မိဘပြည်သူတွေမှာ မိမိတို့ ကလေးတွေရဲ့ အသက်အန္တရာယ်လုံခြုံရေးကအစ အစစအရာရာ စိုးရိမ်ပူပန်မှုတွေဖြစ်ပေါ်စေပါတယ်။

လက်ရှိခံစားကြုံတွေ့နေရတဲ့အမှုကို တရားမျှတအောင် စီရင်ပေးဖို့ မိဘပြည်သူတွေက လိုလားနေကြပါတယ်။

သက်ငယ်မုဒိမ်းပပျောက်ရေး ပြည်နယ်အစိုးရအနေနဲ့ ဘယ်လိုတွေ ဆောင်ရွက်နေပြီ လဲဆိုတာ ပြီးခဲ့တဲ့ ဖေဖော်ဝါရီလ ၁၄ ရက်နေ့က လွှတ်တော်အစည်းအဝေးမှာ လွှတ်တော်ကိုယ်စားလှယ် ဦးသဲရယ်က မေးမြန်းခဲ့ ပြီးဖြစ်ပါတယ်။

တရားရုံးကနေ တရားမျှတအောင် ချမှတ်ဖို့ စီစဉ်ဆောင်ရွက်နေတယ်လို့လည်း ပြည်နယ် လွှတ်တော်အစည်းအဝေးမှာ ကယားပြည်နယ်လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်ဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်ဖြူက ပြန်လည်ဖြေကြားခဲ့ပြီးဖြစ်ပါတယ်။

တရားမျှတမှုရှိစေဖို့၊ ကလေးဘက်က နစ်နာမှုမရှိစေဖို့အတွက် အစိုးရအဖွဲ့အနေနဲ့လည်း ပြည်သူတွေဘက် ရပ်တည်ပေးဖို့ လိုလားနေကြပါတယ်။

သက်ငယ်မုဒိမ်းမှုကျူးလွန်သူတွေကို ထိုက်တန်တဲ့ အပစ်ပေး အရေးယူမှုတွေချမှတ်တဲ့ နေရာမှာ သက်ဆိုင်ရာတွေက အသက်အရွယ်ပြောင်းလဲပြင်ဆင်လိမ်လည်ထားတာ မဖြစ်စေဖို့ အရေးကြီးပါတယ်။

ဒါကြောင့် အစိုးရမှာကော သက်ဆိုင်ရာဌာနဆိုင်ရာတွေမှာကောသက်ငယ်မုဒိမ်းပပျောက်ဖို့ပြစ်ဒဏ်ကျူးလွန်သူကို ထိုက်သင့်တဲ့ အပစ်ပေးဖို့ တာဝန်ရှိပါတယ်လို့ တိုက်တွန်းလိုက်ရပါတယ်။

---

## သက်ငယ်မုဒိမ်းမှုတွေမှာ တရားစီရင်ရေးကြန့် ကြာနေတာ မဖြစ်သင့်

**စိုးထိုက်အောင်**

ဖရူဆိုမြို့နယ်မှာ သက်ငယ်မုဒိမ်းမှုကနေ သက်ပြည့် မုဒိမ်မှုပြန်ဖြစ်သွားတဲ့ကိစ္စရပ်တွေရှိနေတာကြောင့် သက်ငယ်မုဒိမ်းမှုတွေ တရားစီရင်ရေးမှာ ကြန့်ကြာနေတာမဖြစ်သင့်ဘူးလို့ ဖရူဆိုမြို့နယ်မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသဲရယ်က ပြောပါတယ်။

"တရားခံကတော့ ဒါဘယ်ကလူမှန်းမသိဘူး ပေါ့နော် ဆိုတော့ တစ်ဘက်က ငွေရေးကြေးရေးနဲ့ အာဏာပိုင်တွေကို လာဘ်ထိုးပြီးတော့မှ ဒီအမှုသည် ငယ်သွားအောင်ဆိုတဲ့ပုံစံမျိုးပေါ့နော် အဲ့လိုလုပ်သွားရင် ဒါကျတော်တို့ ဒေသခံအမျိုးသမီးတွေအတွက် အရမ်းနစ်နာတယ်ပေါ့နော်။"လို့ ဦးသဲရယ်က ပြောပါတယ်။

ဒီကိစ္စနဲ့ပတ်သက်လို့ လွှတ်တော်ကိုယ်စားလှယ်အနေနဲ့ ပြီးခဲ့တဲ့ ဖေဖော်ဝါရီလ၁၄ရက်က ကျင်းပခဲ့တဲ့ ပြည်နယ်လွှတ်တော်အစည်းအဝေးမှာ မေးမြန်းခဲ့ပေမယ့်လည်း တိကျတဲ့ အဖြေမရခဲ့ဘူးလို့ဆိုပါတယ်။ လက်ရှိ ဖရူဆိုမြို့နယ်အတွင်းမှာ သက်ငယ်မုဒိမ်းမှုနဲ့ပတ်သက်လို့ လွိုင်ကော်ခရိုင်တရားရုံးမှာ စစ်ဆေးနေဆဲအမှုရှိနေပြီး တရားခံအမှုမှန်ပေါ်ပေါက်နိုင်ရေး အစိုးရမှမည်ကဲ့သို့ ဆောင်ရွက်ထားလဲဆိုတာ သိရှိလိုကြောင်း မေးမြန်းခဲ့တာဖြစ်ပါတယ်လို့ဆိုပါတယ်။

ဦးသဲရယ်က "ဒီမုဒိမ်းမှုနဲ့ပတ်သတ်တာကတော့ ကျတော်တို့ဖရူဆိုမှာ ပြောရမယ်ဆိုလို့ရှိရင် ၃ခုပေါ့ သက်ငယ်က ၂ခုမြောက်တယ် တစ်ခုကျတော့ သက်ပြည့်ဖြစ်သွားတာပေါ့နော်။ ဆိုတော့အဲ့လိုဘာကြောင့်ကျတော်မေးရတာလဲဆိုလို့ရှိရင်ကျတော်တို့ ဆီမှာဖြစ်နေတဲ့မုဒိမ်းမှုက ဒါရှင်းရှင်းပြောရရင် သက်ပြည့်သွားတဲ့အမှုတစ်မှုပေါ့နော် ပထမတုန်းကတော့ သက်ငယ်မုဒိမ်းမှုဖြစ်တာပေါ့ကြာလာတဲ့အခါကျတော့ သက်ပြည့်ဖြစ်သွားတယ်။" လို့ပြောပါတယ်။

တရားစီရင်ရေးနဲ့နောက်နှေးနေတာနဲ့ပတ်သတ်ပီးတော့ ဖက်ဒရယ် Training Teamစီနီယာ Trainner ဆရာခိုင်ကျော်မိုးက "ကျတော်မြင်တာ ကတော့ လေဒီမဏ္ဍိုင် တွေအကုန်လုံးပေါ့ လောလော ဆယ်တော့ ဖက်ဒရယ်တွေဘာတွေတော့မရောက် သေးဘူးပေါ့။ ဒါပေမဲ့ ဒီမိုကရေစီ တံခါးပွင့်လာတဲ့အချိန်မှာ ရွေးကောက်ပွဲနဲ့ တက်လာတဲ့ အစိုးရအုပ်ချုပ်ရေးမဏ္ဍိုင်တွေ၊ တရားစီရင်ရေးမဏ္ဍိုင်တွေ အကုန်လုံးက တစ်ခုအား မကောင်းရင်တစ်ခုလဲ ကျတာဘဲ။ ဆိုတော့တစ်ခုနဲ့တစ်ခုအပြန်အလှန်မှီနေတယ် ဒါက ဒီ Institution တွေအကုန်လုံးက တစ်ပြိုင်နဲ့အပြန်အလှန် မှီခိုပြီးတော့ အားကောင်းအောင်လုပ်ဖို့လိုတယ်။ ကျန်တဲ့ ဆိုလိုချင်တာက ကျန်တဲ့မဏ္ဍိုင်တွေက အားနည်းရင် တရားစီရင်ရေးမဏ္ဍိုင်လဲ အားနည်းမှာဘဲ။" လို့ရှင်းပြပါတယ်။

သက်ငယ်မုဒိမ်းမှုကနေ သက်ပြည့်မုဒိမ်းမှုဖြစ်သွားတဲ့အတွက် တရားခံတွေဘက်ကို ပြစ်ဒဏ်လျော့ပေါ့တဲ့ ပုံစံမျိုးနဲ့လုပ်သွားတဲ့အနေအထားမျိုးတွေ တွေ့နေရတယ်လို့ ဦးသဲရယ်က ပြောပါတယ်။

---



ကရင်နီ (ကယား)ဘာသာဖြင့် ထုတ်လွှင့်တဲ့ ကန္တာရဝတီတိုင်း(မ်) သတင်းများကို လွတ်လပ်တဲ့အာရှအသံ **RFA** ရေဒီယို အသံလွှင့်ဌာန၏ အပတ်စဉ် ကရင်နီဘာသာ အစီအစဉ်တွင်လည်း ဖမ်းယူနားဆင်နိုင်ပါကြောင်း သတင်းကောင်းပါးလိုက်ပါသည်။

**ဖမ်းယူနားဆင်ရန် – အင်္ဂါနေ့ မနက် ၇း၄၅ မိနစ်**

လှိုင်းတိုမီတာ ၁၉ --- ကီလိုဟတ်စ် ၁၅၇၀၀၊
လှိုင်းတိုမီတာ ၂၅ --- ကီလိုဟတ်စ် ၁၂၁၁၅၊
လှိုင်းတိုမီတာ ၃၂ --- ကီလိုဟတ်စ် ၉၉၄၀



၂၀၁၃ ခုနှစ်၊ ဇန္နဝါရီလတွင် စတင်ဖြန့်ချိသည်။

## ကယားပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၉-၂၀၂၀ ခုဘဏ္ဍာရေးနှစ်၊ ပြည်နယ်အစိုးရ(ဒေသဖွံ့ဖြိုးရေး)ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် မော်ချီး(တောင်ပေါ်)၊ မော်ချီး(အောက်ရွာ)၊ လိုခါးလို ရေရရှိရေးလုပ်ငန်း တင်ဒါစိစစ်ရွေးချယ်ခြင်း အခမ်းအနားပြုလုပ်ခြင်း




ကယားပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ ၂၀၁၉-၂၀၂၀ ခုဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရ (ဒေသဖွံ့ဖြိုးရေး) ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် Lot-28၊ မော်ချီး(တောင်ပေါ်)၊ မော်ချီး(အောက်ရွာ)၊ လိုခါးလိုရေရရှိရေးလုပ်ငန်းတင်ဒါစိစစ်ရွေးချယ်ခြင်း အခမ်းအနားကို ကယားပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမတွင် (၁၃.၂.၂၀၂၀)ရက်နေ့၊ နံနက် (၉း၄၅) နာရီအချိန်တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

အခမ်းအနားတွင် ကယားပြည်နယ်အစိုးရအဖွဲ့၊ စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်နယ်ဝန်ကြီးမှ အဖွင့်အမှာစကားပြောကြားပြီး ကယားပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးမှ တင်ဒါစိစစ်ရွေးချယ်ခြင်းနှင့် ပတ်သက်၍ အကျဉ်းချုပ်ကို ရှင်းလင်းတင်ပြ ခဲ့ပါသည်။

ဆက်လက်၍ တင်ဒါကော်မတီများမှ Lot-28 ၏ နည်းပညာအဆိုပြုလွှာများ ဖွင့်ဖောက်စစ်ဆေး မှတ်တမ်းတင်ခြင်း၊ ဈေးနှုန်းအဆိုပြုလွှာများ စစ်ဆေး မှတ်တမ်းတင်ဆောင်ရွက်ခြင်း၊ တင်ဒါဖွင့် ဖောက်စစ်ဆေးမှုအခြေအနေများအား အတည်ပြုလက်မှတ်ရေးထိုးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

---

## ကျေးလက်ကုန်ထုတ်လမ်း၊ တံတားလုပ်ငန်းများနှင့် မြစိမ်းရောင်စီမံကိန်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေးခြင်း





စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး၊ ဦးညွန့်ဇော်နှင့် အဖွဲ့သည် (၂၄.၂.၂၀၂၀)ရက်နေ့တွင် ဒီးမော့ဆိုမြို့နယ်၊ ကုန်းသာကျေးရွာ မြစိမ်းရောင်စီမံကိန်း ဖရဲသီး စိုက်ပျိုးရေးလုပ်ငန်း၊ ဒေါပိတကျေးရွာမြစိမ်းရောင်စီမံကိန်း စိုက်ပျိုးရေးလုပ်ငန်းများနှင့် ၂၀၁၉-၂၀၂၀ ခုဘဏ္ဍာရေးနှစ် မာလာဖူးကုမ္ပဏီ၊ စံရွှေနန်းထိုက်ကုမ္ပဏီ တို့ဆောင်ရွက် လျက်ရှိသော လယ်ယာကုန်ထုတ်လမ်းလုပ်ငန်း၊ ရေပေးရေးလုပ်ငန်းနှင့် (၂၅.၂.၂၀၂၀) ရက်နေ့တွင် ဖရူဆိုမြို့နယ် မွန်မွန်မြတ်ကုမ္ပဏီ၊ Modu Co;Ltd တို့ဆောင်ရွက်လျက်ရှိသော ရေပေးရေးလုပ်ငန်း၊ လယ်ယာကုန်ထုတ်လမ်းအူကြောင်းဖောက်လုပ်မှုအခြေအနေ တို့အား ကွင်းဆင်းစစ်ဆေးခဲ့ပါသည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းဖြင့် ဒေါခရောခူ၊ ထီးတော်ကူး၊ ဒေါကူးခူ၊ ဒေါညေးခူ၊ ဆိုလျားခူကျေးရွာများမှလမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာစေမည်ဖြစ်ပြီး စိုက်ပျိုးကုန်ထုတ်လုပ်ငန်းများ တိုးတက်လာ စေနိုင်မည်ဖြစ်ပါသည်။

ဖြူဖြူ (ကျေးလက်)

---

ကြော်ငြာ ကိစ္စ ဆက်သွယ်လိုပါက ........ ဖုန်း - ၀၉၂၆၂၁၇၂၈၃၅

# အမိုးပျောက်တဲ့ ငွေတောင်ဆည် ထိုင်ခုံ

အန်ထောနီ

ကယားပြည်နယ် ဒီမောဆိုမြို့မှာရှိတဲ့ ငွေတောင်ဆည်ဟာ တစ်နှစ်ထက်တစ်နှစ် ခရီးသွားဧည့်သည်တွေ ပိုများလာပါတယ်။ ရွှေတောင်၊ ငွေတောင်၊ ပတ္တမြားတောင် တို့ရဲ့အရိပ်ထင်ဟပ်မှုနှင့် စပါးခင်းတွေဟာဆိုရင် ငွေတောင်ဆည်ရဲ့အလှကို ပိုမိုပေါ်လွင်စေပါတယ်။ ကယားပြည်နယ်ရဲ့ သင်္ကေတလို့ပြောရင်လည်းမမှားပါဘူး။

ကန်ဘောင်ရိုးတစ်လျှောက်မှာ လှပတဲ့ ပန်းပင်မျိုးစုံနှင့် ညအချိန်မှာ ထွန်းထွန်းတောက်မဲ့ မီးတိုင်တွေကို ကြည့်လိုက်ရင်တော့ ရင်ထဲအေးချမ်းစေမှာအမှန်ပါပဲ။ ငွေတောင်ဆည်ကို ပတ်ပတ်လည်ကြည့်ရှုဖို့ကန်ပတ်လမ်းတွေ ဖောက်လုပ်ပေးထားပါတယ်။

လေညင်းလေးတွေတိုက်ခတ်နေတဲ့ကန်ဘောင်ပေါ်မှာ ဆင်ကြီးစီးပြီးတော့လည်း ငွေတောင်ဆည်ရဲ့ အလှတရားတွေ ခံစားနိုင်ပါတယ်။

ညအချိန်ရောက်ရင် အများအားဖြင့် လူငယ်တွေက ဝိုင်းဖွဲ့ပြီးတော့ ဂီတာတီးပြီးမီးရောင်အောက်မှာသီချင်းတွေအော်ဆိုကြပါတယ်။ အပန်းဖြေလာသူတွေကြောင့် လည်း ငွေတောင်ဆည်ရဲ့အလှတရားများဟာ ပိုမိုအသက်ဝင်စေပါတယ်။

ယနေ့အချိန်မှာငွေတောင်ဆည်သို့ ပြည်တွင်းပြည်ပ ခရီးသွားတွေ နေ့စဉ်နှင့်အမျှ လာရောက်လည်ပတ်နေကြတာကို တွေ့မြင်နေရပါတယ်။

တစ်ချို့အလည်လာတဲ့ ခရီးသွားတွေကတော့ ကယန်းဝတ်စုံလေးတွေအငှားဝတ်ပြီး ကယန်းမလေးတွေနဲ့အမှတ်တရဓါတ်ပုံရိုက်ကြပါ

“ပျက်စီးသွားတာလည်းများတယ် ထိုင်ခုံတွေဆိုရင် အရင်တုန်းကအမိုးတွေပါတယ် အခုကတော့ ထိုင်ခုံရိုးရိုးပဲ အမိုးမရှိတော့ဘူး။ ကျနော့်အမြင်အရဆိုရင် တစ်ခြားကျေးရွာက ညညလာလည်တဲ့လူငယ်တွေ မူးရူးပြီးတော့ ဖျက်စီးသွားကြတယ်လို့ မြင်မိတယ်။”လို့ ဦးစိုးညွန့်အောင်က ပြောပါတယ်။

အထူးသဖြင့် ညအချိန်အလည်လာတဲ့သူတွေက မီမွှေးပြီးတော့ မီးလှုံကြတဲ့အတွက်လည်း ကန်ဘောင်ကိုညစ်ပေစေပါတယ်။

ခရီးသွားပြည်သူတွေ အလည်လာတဲ့အချိန်မှာ အနားယူဖို့အတွက် ပြုလုပ်ပေးထားတဲ့ထိုင်ခုံတွေဆိုရင်လည်း အချို့သောစည်းကမ်းမဲ့သူများကြောင့် ဘောင်အောက်ဖက်ကိုလွှင့်ထွက်သွားတာမျိုးကိုလည်း တွေ့မြင်နေရပါတယ်။

"အများပြည်သူသွားလာချိန်မှာ အနားယူဖို့အတွက် ထိုင်ခုံတွေ ဖျက်ဆီးခံရတယ်။ ငွေတောင်ဆည်ပေ ၅၀၀၀ အတွင်းမှာ ထိုင်ခုံ ၅၂ လုံးချထားတယ်။ ထိုင်ခုံတွေရဲ့အမိုးတွေကို ဒေသခံလူငယ်တစ်ချို့က ဖျက်စီးသွားကြတယ်" လို့ ငွေတောင်ဆည် အနီးမှာနေထိုင်တဲ့ အမည် မဖော်လိုသူ အသက်ငါးဆယ်ကျော်အရွယ်ရှိတဲ့ ဒေသခံအမျိုးသား တစ်ဦးက ပြောကြားခဲ့ပါတယ်။

ညအချိန်ဆိုရင်လည်း မီးသတ်ဖွဲ့ဝင်တွေ၊ ရဲတွေ ဆည်မြောင်းဦးစီးဌာနက ဝန်ထမ်းတွေ ကျေးရွာအုပ်ချုပ်ရေးမှူးတွေနဲ့ လုံခြုံရေးကင်းလှည့်



ငွေတောင်ဆည်သို့ လာရောက်လည်ပတ်ကြတဲ့ ခရီးသွားများမြင်တွေ့ရစဉ်။

တယ်။ ရိုးရာ ကိုကြိုက်နှစ်သက်ပြီးတော့ ရိုးရာပစ္စည်းတွေကိုဝယ်တဲ့လူတွေလည်းရှိပါတယ်။

"ဒီလိုမျိုးရိုးရာဝတ်စုံနဲ့ဓတ်ပုံရိုက်ထားတာ တွေ့ရတော့ အားကျမိတယ်အဲ့ကြောင့်လာလည်ဖြစ်တာပါ။ ပဒေါင်လည်ကွင်းကိုတွေ့တော့ သဘောကျတယ်အဝတ်အစားတွေကိုလည်းသဘောကျတယ်။ လာလည်ရတာပျော်တယ်။ငွေတောင်ဆည်ကအရမ်းပျော်ဖို့ကောင်းတယ်ကျယ်လည်းကျယ်တယ်" လို့ ဆီဆိုင်မြို့မှ အလည်လာသူ ဒေါ်ချိုချိုသက် ကပြောပါတယ်။

တစ်ချို့ကမိသားစု ဆွေမျိုးတွေနဲ့၊ တစ်ချို့က သူငယ်ချင်းအပေါင်းအသင်းတွေနဲ့၊ တစ်ချို့ကချစ်သူရည်းစား လင်မယားတွေနဲ့ အလည်လာတဲ့သူတွေအားလုံး ပြုံးပျော်နေကြပါတယ်။

အမှိုက်တွေကိုအမှိုက်ပုံးထဲ စနစ်တကျစွန့်ပစ်ဖို့အတွက် စီစဉ်ထားတာကိုလည်း မြင်တွေ့ရမှာဖြစ်ပါတယ်။

ငွေတောင်ဆည်ကြီးဟာလယ်ယာစိုက်ပျိုးရေးအတွက် အဓိကလိုအပ်တဲ့ရေကန်ကြီးလည်းဖြစ်သလို အများပြည်သူတွေအတွက်အပန်းဖြေစရာနေရာ တစ်ခုလည်းဖြစ်ပါတယ်။

ငွေတောင်ဆည်ဘောင်ပေါ်မှာတော့ အပန်းဖြေထိုင်နားနေဖို့ နှစ်ယောက်ထိုင် ထိုင်ခုံတန်းတွေ ကိုယ်ကာယလေ့ကျင့်ခန်းလုပ်ဖို့ ပစ္စည်းတွေ ဇရပ်တွေ ရှိထားပါတယ်။ သို့ပေမယ့်လည်း အခုချိန်မှာတော့ နှစ်ယောက်ထိုင်ခုံတွေကော ကိုယ်ကာယလေ့ကျင့်ခန်းလုပ်ဖို့ ပစ္စည်းတွေကော ပျက်စီးနေတာတွေ့ရပါတယ်။

ဒီလိုလှပတဲ့ ငွေတောင်ဆည်ကြီးဟာ စည်းကမ်းမရှိတဲ့တစ်ချို့လူတွေကြောင့် အလှပျက်သွားတဲ့ အရာတွေလည်းရှိပါတယ်။ ဘာကြောင့်လဲ၊ ဘယ်သူတွေကလည်း ဆိုတာကိုတော့ မေးခွန်းထုတ်စရာရှိနေပါတယ်။

ငွေတောင်ဆည်နှင့်ပတ်သက်လို့ သက်ဆိုင်ရာများက စည်းကမ်းအချို့ချမှတ်ထားပေမဲ့ မလိုက်နာသူတွေရှိနေပါတယ်။ သာယာလှပတဲ့ငွေတောင်ဆည်ဟာ မူးယစ်ယမ်းကားတဲ့လူငယ်တစ်ချို့ကြောင့်ပျက်စီးသွားတယ်လို့ ဆည်မြောင်းကျေးရွာမှ ဒေသခံ ဦးစိုးညွန့်အောင်က သူရဲ့အမြင်ကိုအခုလိုပြောပြထားပါတယ်။

တယ်လို့ သိရပါတယ်။

အခုလိုပျက်စီးသွားတဲ့အရာတွေကို ဝန်ကြီးချုပ်များနှင့် သက်ဆိုင်ရာအစိုးရတွေ ကွင်းဆင်းစစ်ဆေးခဲ့ကြပြီးတော့ ပြန်လည်ပြုပြင်ဖို့အတွက်နှင့် နောက်ထပ်တိုးချဲ့လုပ်ဆောင်ဖို့ကို ခွင့်ပြုချက်ပေးခဲ့ကြောင်းကိုလည်း သိရပါတယ်။

"ပြည်နယ်အစိုးရရံပုံငွေနဲ့ ကျွမ်းနေတဲ့မီးသီး ၂၆ လုံးလောက်ကို မီးလင်းအောင်ပြန်လုပ်မယ်၊ ကားပါကင်ကို ကွန်ကရစ်လမ်းခင်းမယ်။ ဆင်တွေနားနေတဲ့နေရာကို ကွန်ကရစ်လမ်းဆက်ခင်းမယ်၊ ဟိုရွှေ့ ဒီရွှေ့ ဖြစ်နေတဲ့ ထိုင်ခုံခြေထောက်ကိုလည်း ကွန်ကရစ်ခင်းမယ်။ ဝန်ကြီးချုပ်တို့၊ လွှတ်တော်ကိုယ်စားလှယ်တို့ ကွင်းဆင်းပြီးတော့ ခွင့်ပြုချက်ရထားပြီး သားဖြစ်တယ်" လို့ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန ဒုဦးစီးမှူး ဦးဇော်လင်းထွန်း ကပြောပါတယ်။

ငွေတောင်ဆည် သာယာလှပစေရန်နှင့် ရေရှည်တည်တံ့နိုင်ဖို့ဆိုရင် အလည်လာသော ဧည့်သည်များနှင့် ဒေသခံပြည်သူတစ်ရပ်လုံး သက်ဆိုင်တဲ့အတွက်ကြောင့် အားလုံးအတူတူထိန်းသိမ်းကြဖို့ လိုပါတယ်။

ဒီလိုဖျက်စီးတဲ့လူတွေကို သက်ဆိုင်ရာဌာနကနေ ဥပဒေအရ ဖမ်းဆီးအရေးယူမှုတွေ ရှိခဲ့ဖူးတယ်လို့တော့ ကြားသိရပါတယ်။ အသေးစိတ်သတင်းအချက်အလက်ကိုတော့ ဒီးမော့ဆိုမြို့မရဲစခန်းကို သွားရောက်မေးမြန်းခဲ့ရာ သက်ဆိုင်ရာဌာနအကြီးအကဲတွေက ဖြေကြားပေးရန်အချိန်မပေးနိုင်သောကြောင့် တစ်စုံတစ်ရာ သိရှိခြင်းမရှိသေးပါဘူး။

နောက်နောင်ဒီလိုမျိုးမဖျက်စီးအောင် ကျေးရွာဥက္ကဋ္ဌနှင့် ရပ်မိရပ်ဖတွေ အစည်းအဝေးလုပ်ပြီးတော့ တိုင်ပင်ဆွေးနွေးကြပြီး လူငယ်တွေကိုလည်း အသိတရားရှိလာမယ်ဆိုရင် ငွေတောင်ဆည်ပိုသာယာလှပဖို့ မျှော်လင့်ပါတယ်လို့ ဦးဇော်လင်းထွန်းက ပြောပါတယ်။

"ငွေတောင်ဆည်ကို ကောင်းသထက်ကောင်းအောင်လုပ်နေတဲ့အတွက်ကြောင့် လူငယ်တွေ လာရောက်မဖျက်ဆီးပဲ ဝိုင်းဝန်းထိန်းသိမ်းကြဖို့ ပြောချင်ပါတယ်။”

# ငြိမ်းချမ်းရေး အတုအယောင် မလိုချင်ဘူး လို့ ကလလတ ဆို

ကန္တာရဝတီတိုင်း[မ်]

စာရွက်ပေါ်မှာပဲ သဘောတူရေးထားတဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်က အားရကျေနပ်မှုမရှိတဲ့အတွက် အတုအယောင် ငြိမ်းချမ်းရေးကို မလိုချင်ဘူးလို့ ကရင်နီလူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးတပ်ဦး (ကလလတ) ဗဟိုကော်မတီ ဗဟိုနိုင်ငံရေးဌာနမှ တာဝန်ရှိသူ မာကုအီချစ်ထွန်းက ပြောပါတယ်။

“ကျတော်တို့က တကယ့် ဒီငြိမ်းချမ်းရေးက သိမ့်အရေးကြီးတာပေါ့ ဒါပေမဲ့ ဒီငြိမ်းချမ်းရေး အတုအယောင်ဖြစ်တဲ့ငြိမ်းချမ်းရေးတော့ ကျတော်တို့မလိုချင်ဘူး အပေါ်ယံသဘောနဲ့ စာရွက်ပေါ်မှာရေးထားတဲ့ငြိမ်းချမ်းရေးလိုမျိုးဆိုရင်တော့ ကျတော်တို့အနေနဲ့ အားမရဘူး ဒါငြိမ်းချမ်းရေးလို့တော့ ကျတော်တို့ခေါ်လို့လဲမရပါဘူး” လို့ ပြောပါတယ်။

ငြိမ်းချမ်းရေးနဲ့ပတ်သက်လာရင်တော့ပြည်နယ်မှာ သက်ဆိုင်ရာအစိုးရအဖွဲ့၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့နဲ့ အရပ်ဖက်အဖွဲ့အစည်းတွေနဲ့ ကိုက်ညီတဲ့ငြိမ်းချမ်းရေးအခြေအနေကို တိုက်တွန်းလုပ်ဆောင်နေတယ်လို့လည်းဆိုပါတယ်။

ကယားပြည်နယ်အတွင်းမှာ အဓိက ကြုံတွေ့နေရတဲ့ ပြဿနာတွေကတော့ နိုင်ငံရေး၊ လူမှုရေးပြဿနာတွေ လက်နက်ကိုင်ပဋိပက္ခတွေနှင့် တောင်သူအရေးကိစ္စရပ်တွေ ဖြစ်ပါတယ်။

ထိုအချက်တွေကို ကြည့်ခြင်းအားဖြင့် လက်ရှိ ကရင်နီပြည်နယ်မှာ ငြိမ်းချမ်းရေးမရသေးပဲ စစ်မှန်တဲ့ ငြိမ်းချမ်းရေးရမယ်ဆိုရင် ကိုယ်ရဲ့ပိုင်ဆိုင်မှုတွေကို ပိုင်ဆိုင်ရမယ်လို့ လူငယ်ရေးရာဌာန ဒုတာဝန်ခံ အလင်းက သုံးသပ်ပြောဆိုသွားပါတယ်။

“တစ်ကယ်တမ်း စစ်မှန်တဲ့ ငြိမ်းချမ်းရေးရမယ်ဆိုရင်တော့ ကျနော် တို့ကလည်း ကိုယ့်အိမ်ကိုယ်အိုးနဲ့ ကိုယ့်မိသားစုနဲ့ ပျော်ပျော်ရွှင်ရွှင်ပဲ နေချင်ကြမှာပဲပေါ့နော။ အဲ့တာ ကျနော်တို့ပိုင်ဆိုင်နေကြ ကျနော်တို့လယ်မြေတွေ ကျနော်တို့ ဓလေ့ထုံးတမ်း ကျနော်တို့ ယဉ်ကျေးမှုကို ကျနော်တို့ လွတ်လပ်စွာ လှုပ်ရှားပိုင်ခွင့်ရှိပြီဆိုတော့ ဒါကတော့ ငြိမ်းချမ်းရေးတစ်စုံတစ်ရာရမယ်ဆိုရင် ဒါက ကျနော်တို့ ပိုင်ဆိုင်ရမှာပဲပေါ” လို့ ပြောခဲ့ပါတယ်။

ကယားပြည်နယ်ဟာ သံယံဇတ အများအပြားထွက်ရှိတဲ့ ပြည်နယ်ဖြစ်ပြီး တစ်ကယ့် ငြိမ်းချမ်းရေး အစစ်အမှန်သာရမယ်ဆိုရင် ပြည်သူတွေအတွက်လည်း အခွင့်အရေးရှိလာမယ်လို့ မာကုအီချစ်ထွန်းကဆက်ပြောပါတယ်။

“ကျတော်တို့တကယ်စစ်မှန်တဲ့ ငြိမ်းချမ်းရေးရတယ် ဆိုရင်တော့ ကျတော်တို့ပြည်သူတွေအတွက်ကတော့ အခွင့်အရေး အများကြီးရမှာ။ ကျတော်တို့ပြည်နယ်မှာ သယံဇာတ တွေအများကြီးရှိတယ်။ အဲ့တော့ ကျတော်တို့ဟာနဲ့ကျတော်တို့လုပ်လို့တောင်လောက်တယ်။ ဘယ်သူမှ ကျတော်တို့ကိုပံ့ပိုးစရာတောင်မလိုဘူး။ အဲ့လိုဟာမျိုးတော့ခံစားခွင့်အပြည့်အဝ ရှိပါတယ်” လို့ ပြောခဲ့ပါတယ်။

ပြည်သူလူထုတွေ လွတ်လပ်စွာ ပြောဆိုခွင့်မရှိတာတွေ သွားလာခွင့်မရှိတာတွေ အဟန့်အတားတွေရှိနေတာဟာလည်း ငြိမ်းချမ်းရေးမရသေးတာလို့ဆိုပါတယ်။

(ကလလတ) သည် ဦးစန္ဒာနှင့် ဦးထွန်းကျော်တို့ ဦးဆောင်ပြီး ၁၉၇၈ ခုနှစ်တွင် ကရင်နီအမျိုးသား တိုးတက်ရေးပါတီ (ကေအဲန်ပီပီ)မှ ခွဲထွက်ခဲ့ကာ ၁၉၉၄ ခုနှစ် မေလတွင် မြန်မာစစ်အစိုးရနှင့် အပစ်ခတ်ရပ်စဲရေး သဘောတူညီမှု ရယူခဲ့ပြီးနောက် နယ်ခြားစောင့်တပ်ကို အသွင်ကူးပြောင်းထားတဲ့ အဖွဲ့ဖြစ်ပါတယ်။

သတင်းများ၊ ဆောင်းပါးများ၊
ကဗျာများ၊ ကာတွန်းများ၊
ဗေဒင်များ ပေးပို့လိုပါက ---
ဖုန်း - ၀၈၃၄၀၁၃၄၁

# နယ်လှည့်ဆေးကုသရင်း ဖက်ဒရယ်ကျန်းမာရေးစနစ် ဖော်ဆောင်နေ




**စိုးထိုက်အောင်၊ အန်ထောနီ**

ကယား(ကရင်နီ)ပြည်နယ်တွင် တခြားတိုင်းရင်းသားကျန်းမာရေးဌာနအဖွဲ့အစည်းတွေနဲ့ အတူတူ ဖယ်ဒရယ်ကျန်းမာရေးစနစ်ကို ဆောင်ရွက်နေပြီဖြစ်တယ်လို့ ကရင်နီနယ်လှည့်ကျန်းမာရေးကော်မတီမှ စေတနာ့ ဝန်ထမ်းအမျိုးသမီးတစ်ဦးက ပြောပါတယ်။

“ဒီကျမတို့ ဖယ်ဒရယ် Health System ကို ကျမတို့သွားဖို့ လုပ်နေတယ်လေ ဒီအချိန်မှာပဲ တစ်ချိန်တည်းမှာပဲ ကိုယ့်ပြည်နယ်လဲ ကိုယ်က ကျန်းမာရေးကဏ္ဍတွေ အားလုံးပါဝင်သလို တစ်ခြားသော တိုင်းရင်းသား ကျန်းမာရေးအဖွဲ့အစည်းနဲ့လဲ ကျမတို့အလုပ်အတူတူတွဲ လုပ်တယ်ပေ့ါနော်။” လို့ ၎င်းက ပြောပါတယ်။

ဖယ်ဒရယ်ကျန်းမာရေးဝါဒဆိုတာက အစိုးရက လူထုပါဝင်ဆုံးဖြတ်တဲ့ ကျန်းမာရေး ဝန်ဆောင်မှု လုပ်ငန်းတွေဖြစ်ပါတယ်။

ဖယ်ဒရယ်မူဗဟိုချုပ်ကိုင်မှု ဖြေလျှော့ခြင်းဆိုတာက အစိုးရအဆင့်ဆင့်အလိုက် တာဝန်ယူ၊ တာဝန်ခံခြင်းပဲဖြစ်ပါတယ်။

ဒါတွေကိုတော့ လက်တွေ့မှာ အစိုးရက မလုပ်နိုင်သေးတာကြောင့်လည်း ကရင်နီနယ်လှည့်ကျန်းမာရေးကော်မတီအဖွဲ့ကနေပြီး တခြားကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍတွေ ဆောင်ရွက်ရင်း ဖက်ဒရယ် ကျန်းမာရေးမူဝါဒတွေ သွားနေတာဖြစ်တယ်လို့ ဆိုပါတယ်။

ကရင်နီနယ်လှည့်ကျန်းမာရေးကော်မတီ အနေနဲ့ ခွဲစိတ်ရတဲ့ လူနာကလွဲပြီး ကျန်းမာရေးဝန်ဆောင်မှုတွေ၊ကျန်းမာရေးစောင့်ရှောက်မှုတွေနဲ့ ကူးစက်ရောဂါတွေကိုကုသပေးနေတယ်လို့ဆိုပါတယ်။

၎င်းတို့အဖွဲ့ကနေပြီးတော့ တရွာဝင်တရွာထွက် နယ်လှည့်ပြီးတော့ လူနာတွေကို လိုက်ကုသပေးနေတဲ့အဖွဲ့ ဖြစ်ပါတယ်။ ပြည်နယ်အတွင်းမှာတော့ ဆေးခန်း ၁၄ ခုရှိပြီးတော့ နယ်လှည့်တဲ့အဖွဲ့ အဖွဲ့ ၂၀ ရှိပါတယ်။

တခြားမိခင်နဲ့ ကလေးကျန်းမာရေးစောင့်ရှောက်မှုတွေအပြင် ၊ ကာကွယ်ရေးအပိုင်းဖြစ်တဲ့ တကိုယ်ရေသန့်ရှင်းရေးအတွက် ရေနဲ့ အိမ်သာတွေလည်း ဆောင်ရွက်လျက်ရှိပါတယ်။

အဓိက အစိုးရလက်လမ်းမမှီတဲ့ကျေးလက်တွေဘက်ကို ဆောင်ရွက်ပေးနေတာဖြစ်တယ်လို့သိရပါတယ်။

ဘောလခဲမြို့နယ် ကျေးလက်ဒေဘက်မှ ကရင်နီနယ်လှည့်ကျန်းမာရေးကော်မတီဝန်ထမ်း ခဲရီတူးက “တစ်ကယ့်မြို့ပေါ်မှာ ကားလမ်းဘေးမှာကျတော့ လှုပ်ရှားမှုတော့ သိပ်ရှားမှုတော့မရှိဘူး။ အစိုးရတွေလက်လှမ်းမမှီတဲ့နေရာမှာ အကုန်လုံးကို တာဝန်ယူတယ်ပေ့ါ။” လို့ပြောပါတယ်။

လျှပ်စစ်မီးမရ၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲတဲ့နေရာတွေမှာတော့ ကလေးတွေကို ကာကွယ်ဆေးအချိန်မှီ ထိုးပေးဖို့တွေက ဆေးတွေထားဖို့ရခဲတွေလိုအပ်တာဖြစ်တဲ့အတွက် လူငှားပြီးထမ်းရတာမျိုးတွေလုပ်ရတယ်လို့ စေတနာ့ဝန်ထမ်းတွေဆီကနေ ကြားသိရပါတယ်။

“သစ်ကိုင်းတွေဘာတွေလည်း ကျိုးကျတယ် ဒီလိုအခြေအနေမှာ ကျနော်တို့က သွားလာလှုပ်ရှားနေရတယ်။ ဆေးပစ္စည်းနဲ့ပတ်သက်ပြီးတော့ လမ်းပန်းဆက်သွယ်ရေးခက်ခဲတဲ့အတွက်ကြောင့် ကျနော်တို့ သယ်ယူပို့ဆောင်တဲ့နေရာမှာ အခက်အခဲရှိတယ်ပေါ်နော။”လို့ ကရင်နီနယ်လှည့်ကျန်းမာရေးကော်မတီမှ ဖားဆောင်းမြို့နယ် မောချီးဒေသ နယ်စွန်နယ်ဖျားဘက်မှာ တာဝန်ရှိသူ supervisor မောင်ဦးက သူ့ရဲ့ အတွေ့အကြုံကို ပြောပါတယ်။

ဖားဆောင်းမြို့နယ်ဘက်က ကရင်ပြည်နယ် နယ်စပ်နဲ့နီးတဲ့ ကိုတိုးခီး၊ ကွားခီးလိုကျေးရွာတွေမှာဆိုရင် ကရင်နီနယ်လှည့်ကျန်းမာရေးကော်မတီဆေးခန်း ၃ ခု ထားပြီးတော့ အခြေခံ ကျန်းမာရေးလုပ်ငန်းတွေကိုယ်ဝန်ဆောင်မိခင်နဲ့ ၅ နှစ်အောက် ကလေးငယ်တွေကို အထူးပြုစုစောက်ရှောက်မှုတွေ ဆောင်ရွက်ပေးနေတယ်လို့ဆိုပါတယ်။

“ကျနော်တာဝန်ကျနေတဲ့နေရာမှာဆိုရင် အစိုးရကျန်းမာရေးဌာနတော့ လုံးဝမရှိဘူးပေါ်နော ကျနော်တို့ ဒီအဖွဲ့တစ်ဖွဲ့ပဲ ရှိပါတယ်ပေါ့။ အစိုးရကိုတောင်းဆိုချင်တာတော့ အများချည်းပေ့ါ ဒါပေမယ့်လည်း ပူးပေါင်းပါဝင်မှုအဓိကပေ့ါနော်။” လို့ မောင်ဦးက ပြောပါတယ်။

အစိုးရဌာနဆိုင်ရာတွေနဲ့ကတော့ ကာကွယ်ဆေးလုပ်ငန်းတွေအပိုင်းမှာ ချိတ်ဆက်ဆောင်ရွက်မှုရှိတယ်လို့သိရပါတယ်။ တခြား ကျန်းမာရေးဝန်ဆောင်မှုတွေပြုလုပ်တဲ့ နီးနှောဖလှယ်ပွဲတွေ စတာတွေလည်း အစိုးရဌာနဆိုင်ရာတွေနဲ့ ချိတ်ဆက်ပူးပေါင်းလျက်ရှိတယ်လို့သိရပါတယ်။

ကာကွယ်ဆေးလုပ်ငန်းကိုတော့ အစိုးရဘက်က မသွားနိုင်တဲ့ ရှားတောမြို့နယ်နဲ့ဖားဆောင်းမြို့နယ်ထဲက ကျေးလက်တွေကို ဆောင်ရွက်ပေးနေတယ်လို့သိရပါတယ်။

အခုလို အစိုးရကျန်းမာရေးဌာနဆိုင်ရာတွေဘက်လက်လမ်းမမှီတဲ့ ကျေးရွာ ၂၄၀ကျော်ကို ကယား(ကရင်နီ)ပြည်နယ်တစ်ပြည်နယ်လုံးအတိုင်းအတာနဲ့ စေတနာ့ဝန်ထမ်း အယောက် ၂၀၀လောက်ကနေပြီး ဆောင်ရွက်နေတာဖြစ်ပါတယ်။

## "ကျမတို့ ကယန်းဒေသမှာ စစ်ပွဲရဲ့အငွေ့ အသက်တွေ၊ စစ်ပွဲအရင်က ဖြစ်ခဲ့တဲ့ဟာတွေ ကျမတို့ ဒီမငြိမ်းချမ်းတဲ့ ဒဏ်တွေကို ခံစားနေရတယ်ပေ့ါနော်။"



မူအင်နိုးဆင့် (ကယန်း အမျိုးသမီးအစည်းအရုံး တွဲဖက်အတွင်းရေးမှူး(၂))

**ကန္တာရဝတီတိုင်း[မ်]**

ကယန်းဒေသဘက်မှာ ကယန်းအမျိုးသမီးထုတွေအတွက် ငြိမ်းချမ်းရေးနဲ့ အသိပညာပေးလုပ်ငန်းတွေ လုပ်ဆောင်နေတဲ့ မူအင်နိုးဆင့် (ကယန်းအမျိုးသမီးအစည်းအရုံး တွဲဖက်အတွင်းရေးမှူး(၂)) နှင့် တွေ့ဆုံမေးမြန်းထားတာတွေကို ကန္တာရဝတီတိုင်း(မ်)မှ ကောက်နုတ် တင်ပြလိုက်ပါတယ်။

**မေး ။ ။ ကယန်းအမျိုးသမီးအဖွဲ့အစည်းအနေနဲ့ငြိမ်းချမ်းရေးနဲ့အမျိုးသမီးဆိုတဲ့ခေါင်းစဉ်အောက်မှာလဲ အလုပ်လုပ်နေကျတာ တွေ့ရတော့ ဒီရည်ရွယ်ချက်လေးပြောပြပေးပါ။**

ဖြေ။ ။ ကျမတို့ကယန်းဒေသမှာ စစ်ပွဲရဲ့အငွေ့အသက်တွေ၊ စစ်ပွဲအရင်က ဖြစ်ခဲ့တဲ့ဟာတွေ ကျမတို့ဒီမငြိမ်းချမ်းတဲ့ ဒဏ်တွေကို ခံစားနေရ တယ်ပေ့ါနော် အဲ့ထဲမှာမှ ဒီအမျိုးသမီးဆိုရင်ပိုဆိုးတယ်ပေ့ါနော် ဆိုတော့ အမျိုးသမီးတွေက အမျိုးသားတွေထက်ပိုပြီးတော့ သူတို့က ပိုပြီးတော့ မငြိမ်းချမ်းတဲ့ ဒဏ်ကိုခံစားရတဲ့အတွက် ကျမတို့ကဒီငြိမ်းချမ်းရေးဖြစ်စဉ်မှာ ဒီအမျိုးသမီးတွေရဲ့ အသံပါဝင်ဖို့လိုတယ်ဆိုတဲ့ရည်ရွယ်ချက်နဲ့ ဘာဖြစ်လို့လဲဆို အမျိုးသမီးတွေက သူတို့ကခံစား ခံစားခံအဖြစ်ခံရတဲ့အတွက် သူတို့အသံက အရေးကြီးတယ်ပေ့ါနော် သူတို့အသံပါဝင်မှပဲ ဒီငြိမ်းချမ်းရေးဖြစ်စဉ်မှာ ပိုပြီးတော့ မြန်မြန်လေးပြီး မြန်မြန်လေး ဘယ်လိုပြောမလဲ ချောမွေ့မယ်ပေ့ါနော် ဆိုတော့ ငြိမ်းချမ်းရေးရဲ့ အနှစ်သာရလဲ ပိုပြီးတော့ အဓိပ္ပာယ်ပြည့်စုံမယ်ပေ့ါနော် အဲ့လိုမျိုးရည်ရွယ်ချက်နဲ့ကျမတို့အဲ့ဒီလုပ်ငန်းစဉ်လုပ်တာပေ့ါနော်။

**မေး။ ။ အခုက တိုက်ပွဲတွေမဖြစ်တော့ပေမဲ့ မငြိမ်းချမ်းသေးတဲ့အငွေ့အသက်တွေရှိသေးတယ်ဆိုတော့ ဒီအမျိုးသမီးတွေမှာ အခုကဘာအခက်အခဲတွေကြုံတွေ့နေရသေးလဲ၊ ဘာလိုအပ်ချက်တွေ ရှိနေလဲ။**

ဖြေ။ ။ အဓိက ကတော့ အမျိုးသမီးတွေမှာကကျတော့ ဒီရိုးရာဓလေ့အရပေ့ါနော် ရိုးရာဓလေ့အရခွဲခြားဖိနှိမ့်တဲ့ ဥစ္စာတွေ ရှိသေးတယ်ပြီးတော့မှ ဒီဆုံးဖြတ်ချက်ချတဲ့နေရာမှာ အမျိုးသမီးတွေက မပါသေး မပါလုံးဝမပါဘူးပေ့ါနော် ဒီလူမှုရေး၊တစ်ခြားဒီ အလုပ်အကိုင်နဲ့ပတ်သတ်တာတို့ ပညာရေးနဲ့ပတ်သတ်တာတို့ကြည့်မယ်ဆိုရင် ကျမတို့အမျိုးသမီးတွေက အမျိုးသားထက်စာလို့ရှိရင် အများကြီးပိုပြီးတော့ အဲ့ကြောင့်မလို့ကျမတို့ဒီငြိမ်းချမ်းရေးဖြစ်စဉ်မှာရော၊ ဒီနိုင်ငံရေးဖြစ်စဉ်မှာရော အမျိုးသမီးတွေရဲ့ အသံ၊ အမျိုးသမီးတွေရဲ့ဆုံးဖြတ်ချက်၊ အမျိုးသမီးတွေရဲ့အတွေး အခေါ်တွေ အများ ကြီးလိုအပ်တယ်ပေ့ါနော်။

**မေး။ ။ အဲ့ဆိုရင် အခုက ဒီအမျိုးသမီးတွေရဲ့အသံကမပါလာသေးဘူးလို့ပြောချင်တာလားပေ့ါ ဒီငြိမ်းချမ်းရေးစကားဝိုင်းတွေမှာ အစိုးရတွေရော၊ လက်နက်ကိုင်အဖွဲ့အစည်းတွေရောမပါသေးဘူးလို့ ဆိုလိုချင်တာလား သူတို့ကို ဘာတွေတောင်းဆိုချင်လဲ။**

ဖြေ။ ။ ဒီထက်ပိုပြီးတော့လက်တွေ့ကျကျပေ့ါနော် ဆိုတော့ပါဝင်ဖို့ပြောတဲ့အခါမှာ ကျမတို့စာတမ်းလေး အမျိုးသမီး ၃၀ရာခိုင်နှုန်း ပါဝင်ရမယ်ဆိုတဲ့ဟာလေးနဲ့မပြီးဘူးပေ့ါနော် ဆိုတော့ ကျမတို့အမျိုးသမီး ၃၀ ရာခိုင်နှုန်းပါဝင် လာအောင် ကျမတို့ဘယ်လိုလုပ်မလဲ၊ သူတို့ကိုယ်တိုင် ဒီအမျိုးသားတွေကိုယ်တိုင်လဲ ၃၀ ရာခိုင်နှုန်း ပါအောင်ဆို ဥပမာ ရွေးကောက်ပွဲတစ်ခုမှာဆိုလဲ အမျိုးသမီး မဖြစ်မနေမဲထည့်ရမယ်ဆိုတဲ့ ဟာလို

**အဆက်ကို စာမျက်နှာ [၁၀] သို့**

# ကျန်းမာရေးကဏ္ဍတွင် စာရင်းစစ်ချုပ်မှ တွေ့ရှိချက်တချို့ ကောက်နုတ် တင်ပြခြင်း

## ဆေးရုံတွေမှာ ဓါတ်မှန်ခန်းနဲ့ဓါတ်မှန်စက်မရှိခြင်း

ကယားပြည်နယ်အတွင်းရှိ ဆေးရုံတွေမှာ ဓါတ်မှန်ခန်းနဲ့ ဓါတ်မှန်စက်တွေ မရှိဘူးလို့ ပြည်နယ်စာရင်းစစ်ချုပ်က ပြီးခဲ့တဲ့ ဖေဖော်ဝါရီလ ၁၄က ၂၀၂၀ခုနှစ်မှာ ဒုတိယအကြိမ် ကယားပြည်နယ်လွှတ်တော် (၁၆) ကြိမ်မြောက် ပုံမှန်အစည်းအဝေးမှာ တင်ပြခဲ့ပါတယ်။

ဓါတ်မှန်ခန်းစံကိုက်ညီမှု မရှိသေးတဲ့ တိုက်နယ်ဆေးရုံ ၁၂ရုံနှင့် ဟိုယာ၊ ရွာသစ်နှင့် ပန်တိန်းတိုက်နယ်ဆေးရုံ (၃)ရုံ စိစစ်တွေ့ရှိရတယ်လို့ တင်ပြထားပါတယ်။

ကယားပြည်နယ်၏ ၂၀၁၈ခုနှစ် (ဧပြီလမှ စက်တင်ဘာလအထိ)အတွက် ဘဏ္ဍာငွေအရ ၊ အသုံးစာရင်းစစ်ဆေးတွေ့ရှိချက် ဖြစ်ပါတယ်။

National Health Plan အစီအစဉ်ရ ထောက်ပံ့ပေးထားတဲ့ ရှားတောပြည်သူ့ဆေးရုံမှ X-Ray 100MA စက်အား သရီးဒါးတိုက်နယ်ဆေးရုံးသို့ လွှဲပြောင်းပေးပို့ပြီးဖြစ်သော်လည်း တပ်ဆင်အသုံးပြုခွင့်အတွက် တစ်နှစ်အကြာ စောင့်ဆိုင်းခဲ့ရပါတယ်။

တပ်ဆင်ခွင့်ကို သက်ဆိုင်ရာ ကုသရေးဦးစီးဌာန ရုံးချုပ်ကို ၂၀၁၈ခုနှစ် စက်တင်ဘာလ ၂၆ ရက်နေ့က တစ်ကြိမ်၊ ၂၀၁၉ခုနှစ် ဩဂုတ်လ ၁၆ ရက်နေ့ ရက်စွဲပါစာဖြင့် တစ်ကြိမ် အသုံးပြုခွင့်ထပ်မံတင်ပြထားကြောင်း တွေ့ရှိရတယ်လို့ သိရှိရပါတယ်။

အခုလို တပ်ဆင်ခွင့်မရသေးတာနဲ့ သရီးဒါးတိုက်နယ်ဆေးရုံမှာ ခန့်ထားတဲ့ ဓါတ်မှန်ကျွမ်းကျင်ဝန်ထမ်းကိုလည်း နုတ်မိန့်နဲ့ ရှားတောမြို့နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးမှ ရှားတောမြို့နယ်ဆေးရုံမှာ ဓါတ်မှန်လုပ်ငန်းတွေ ကူညီဆောင်ရွက်နေတာတွေ့ရတယ်လို့ဆိုထားပါတယ်။


ဝယ်ယူတဲ့စက်တွေမှာ ပစ္စည်းရောက်ရှိပြီး ၁ နှစ်ခန့်အထိ တပ်ဆင်သုံးစွဲနိုင်ခြင်းမရှိတာဟာ ပြည်သူ့ဘဏ္ဍာငွေကို အကျိုးရှိရှိ ထိရောက်စွာ စီမံခန့်ခွဲနိုင်မှု မရှိကြောင်း တွေ့ရတယ်လို့ ဆိုပါတယ်။

ကုသရေးဦးစီးဌာန(ရုံးချုပ်)ကနေပြီး လွှဲပြောင်းတပ်ဆင်ပြုခွင့်ကိုမူ ၂၀၁၉ ခုနှစ် စက်တင်ဘာလ ၁၁ ရက်နေ့မှာတော့ တပ်ဆင်အသုံးပြုခွင့်ပြုခဲ့ပြီးဖြစ်တယ်လို့ ဆိုပါတယ်။

ပြည်နယ်အတွင်း ဓါတ်မှန်စက်မရှိသေးတဲ့ ဆေးရုံ ၆ ရုံကျန်ရှိနေသေးတယ်လို့သိရပါတယ်။

## ကုသရေးဦးစီးဌာန

ကယားပြည်နယ်အတွင်းရှိ ကုသရေးဦးစီးဌာနနှင့် ဆေးရုံများ ၂၀၁၈ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့အထိ ဖွဲ့စည်းပုံအရ ခွင့်ပြုအင်အားနှင့် အမှန်ခန့်ထားမှု မှာဆိုလျှင် တစ်ပြည်နယ်လုံး ဆရာဝန် ၂၇၃ ဦးခန့်ဖို့ ခွင့်ပြုထားသော်လည်း ၇၇ ဦးသာ ခန့်ထားနိုင်တာဟာဆိုရင် ၂၈.၂၀ ရာခိုင်းသာ ခန့်ထားနိုင်တာကို တွေ့ရတယ်လို့ ဖော်ပြထားပါတယ်။





ပြည်နယ်အတွင်း ဆရာဝန်လိုအပ်ချက်တွေ ဖြည့်ဆည်းပေးဖို့အတွက် ပြည်နယ် ကုသရေးဦးစီးဌာနကနေပြီးတော့ ၂၀၁၈ခုနှစ် ဇွန်လ ၂၂ ရက်နေ့၊ ၂၀၁၉ခုနှစ် ဇူလိုင်လ ၃ ရက်နေ့ ၊ ၂၀၁၉ ခုနှစ် ဩဂုတ်လ ၁၁ ရက်နေ့တွင် ရက်စွဲပါစာများဖြင့် ဦးစီးဌာန(ရုံးချုပ်)သို့လည်းကောင်း၊ ကယားပြည်နယ်အစိုးရအဖွဲ့ရုံးမှလည်း ၂၀၁၈ခုနှစ် စက်တင်ဘာလ ၇ ရက်နေ့နှင့် ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက်နေ့ရက်စွဲများဖြင့် ကျန်းမာရေးဝန်ကြီးဌာန ၊ ပြည်ထောင်စု ဝန်ကြီးသို့ တင်ပြထားချက်တွေ တွေ့ရှိရကြောင်း ဆိုထားပါတယ်။





ပြည်နယ်အတွင်းရှိ ကုသရေးဦးစီးဌာနတွင် စိဆေးတွေ့ရှိရတဲ့ အရာတွေကို ပြည်နယ်စာရင်းစစ်ချုပ်က ကယားပြည်နယ်လွှတ်တော်တွင် တင်ပြဆွေးနွေးနေစဉ်ဖြစ်ပါတယ်။ ဓါတ်ပုံ- ကယားပြည်နယ်လွှတ်တော်

## ကယားပြည်နယ် ပြည်သူ့ဆေးရုံကြီး


ပြည်သူ့ဆေးရုံကြီး ၊ လွိုင်ကော်မြို့၏ ဖွဲ့စည်းပုံအရဆရာဝန်တွေ ရာထူးအလိုက် ခွင့်ပြုခန့်ထားမှု အခြေအနေမှာ ခန့်အားထားနိုင်မှုက လိုအပ်ချက်တွေများနေသေးတာကို စာရင်းစစ်ချုပ်ရဲ့ လွှတ်တော်ထဲမှာ တင်ပြထားချက်အရ သိရှိလိုက်ရပါတယ်။




အထူးကု ဆရာဝန်ကြီး ခန့်ထားမှု ၁၁ ဦးမှာ ဆေးပညာ ၁ ဦး၊ ခွဲစိပ် ၂ ဦး၊ အရိုး ဓါတ်မှန်၊ ရောဂါဗေဒ၊ မျက်စိ၊ ကင်ဆာဆေးကု၊ ကလေးဆေးပညာတို့မှာ ၁ ဦးစီနှင့် သားဖွားမီးယပ်မှာ ၂ ဦးခန့်ထားပြီးဖြစ်သော်လည်း လုပ်ငန်းမှာ အဓိက လိုအပ်ပြီး ခန့်ထားခြင်းမရှိသေးတဲ့ မေ့ဆေးအထူးကု ဆရာဝန်ကြီးရာထူးမှာ လိုအပ်လျက်ရှိတယ်လို့ ဆိုပါတယ်။




အထူးကုဆရာဝန်ခန့်ထား ၈ ဦးမှာ (အကြောအဆစ်) ၁ ဦးမှာ ၂၀၁၉ခုနှစ် ဧပြီလ ၁၃ ရက်နေ့မှစ၍ ဌာနမှ ကင်းကွာလျက်ရှိသဖြင့် ၇ ဦးဖြင့် တာဝန်ထမ်းဆောင်လျက်ရှိတာတွေ့ရတယ်လို့ ဆိုထားပါတယ်။ စစ်ဆေးချိန်မှာ ခန့်ထားခြင်းမရှိသေးတဲ့ အရိုး၊ မေ့ဆေး၊ စိတ်ကျန်းမာရေးတို့မှာ ၁ ဦးစီ ၊ ပေါင်း ၃ ဦးမှာ လုပ်ငန်းတွင်း လိုအပ်လျက်ရှိတာကိုတွေ့ရတယ်လို့ဆိုထားပါတယ်။




လက်ထောက်ဆရာဝန် ခန့်ထား ၅၉ ဦးခန့်ထားမှုမှာ ဘွဲ့လွန်သင်တန်းတက်ရောက်ဆဲ ၁၂ ဦး၊ ၂၀၁၈-၁၉ ဘဏ္ဍာနှစ်မှ ဌာနကင်းကွာ ၅ ဦး၊ ပေါင်း ၁၇ ဦးရှိသဖြင့် ကျန် ၄၂ ဦးဖြင့်သာ တာဝန်တွေထမ်းဆောင်နေရတာကို တွေ့ရတယ်လို့ ဆိုပါတယ်။ အမှန်ခန့်ထားမှုမှာ ခွင့်ပြုအင်အား ရာခိုင်နှုန်းဖြင့် တစ်ဝက်နှုန်းသာ ခန့်ထားနိုင်တယ်လို့ ဆိုပါတယ်။

ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွေမှာ ဆောင်ရွက်နိုင်ဖို့အတွက် အမှန်လိုအပ်တဲ့ ဝန်ထမ်းတွေ ခန့်အပ်ထားနိုင်ရေးကို အထက်အဆင့်ဆင့်တင်ပြညှိနှိုင်းဆောင်ရွက်ပေးဖို့ ပေးသွင်းရမည့်လျော်ကြေးငွေတွေ အမြန်ဆုံးပေးသွင်းစေဖို့ စီမံဆောင်ရွက်သွားရန် လိုအပ်တယ်လို့ ထောက်ပြထားတာသိရပါတယ်။


၂၀၁၃ ခုနှစ်၊ ဇန္နဝါရီလတွင် စတင်ဖြန့်ချိသည်။

# "မြတ်ဗေဒါ"အဖွဲ့ နှင့် တစ်နိုင်တစ်ပိုင်ဝက်မွေးမြူရေး

**နော်ဒွေးအယ်ဒူ**

ဒီမော့ဆိုမြို့ အနောက်ဖက်ခြမ်းမှာရှိတဲ့ ဒေါရောက်ခူ အုပ်စုအတွင်းက မသန်စွမ်းများ စုစည်းထားတဲ့ အဖွဲ့ငယ်လေးတစ်ဖွဲ့ ရှိပါတယ်။ အဖွဲ့ဝင် ၃၇ယောက်နဲ့ဖွဲ့စည်းထားပြီး အဲဒီအဖွဲ့ကို “မြတ်ဗေဒါ” မသန်စွမ်းသူများအသင်း လို့ အမည်ပေးထားပါတယ်။

ပြီးခဲ့တဲ့ ၂၀၁၉ခုနှစ်၊ ဇန်နဝါရီလ မှ စတင်ဖွဲ့စည်းခဲ့တဲ့ “မြတ်ဗေဒါ” မသန်စွမ်းအသင်းတည်ရှိတာ တစ်နှစ်ပြည့်ပြီပဲဖြစ်ပါတယ်။

ဒေါရောက်ခူအုပ်စုအတွင်းက ဒေါရောက်ခူကျေးရွာ၊ လေမအန်းခူ၊ ခူးဘာတို၊ ဟန်လီ၊ ဒေါဝယ်ကူး၊ ဖေါ်င်၊ ဖရူးခေါ စတဲ့ ကျေးရွာ (၇) ရွာမှ မွေးရာပါ အကြားအာရုံ ကိုယ်အင်္ဂါ ညဏ်ရည် မသန်စွမ်းသူများ၊ မတော်တဆကြောင့် ရရှိလာတဲ့ ကိုယ်လက်အင်္ဂါမသန်စွမ်းသူများ နဲ့ ဖွဲ့စည်းထားတာပဲဖြစ်ပါတယ်။

ဒေါရောက်ခူအုပ်စုမှာ မသန်စွမ်း အများအပြားရှိပြီး တစ်နိုင်တစ်ပိုင် အသေးစားစီမံကိန်းတစ်ခုကို ငွေရေးကြေးရေးအတွက် လျှောက်ထားချင်တာကြောင့် အသင်းအဖွဲ့တစ်ခုအနေနဲ့ တည်ထောင်ဖွဲ့စည်းခဲ့တယ်လို့ “မြတ်ဗေဒါ” မသန်စွမ်းအဖွဲ့ရဲ့ ဒုဥက္ကဋ္ဌဖြစ်တဲ့ ခွန်းနန်းရီက စတင်ဖွဲ့စည်းဖြစ်ခဲ့တဲ့အကြောင်းရင်းကို ပြောပြပါတယ်။

“ဒေါရောက်ခူအုပ်စုမှာ မသန်စွမ်းတွေ တအားများတယ် ဆင်းလည်းဆင်းရဲတယ် အဲဒါလည်း ကျတော်လည်းအဖွဲ့အစည်းတည်ထောင်တာပေါ့။ မသန်စွမ်းသူများလည်း မျှမျှတတ တစ်အုပ်စုလုံး တည်ထောင်ချင်တာပေါ့။ရပ်ရွာအလိုက် အုပ်စုလိုက် ဖွံ့ဖြိုးရေးအတွက်တည်ထောင်ချင်တာပေါ့” လို့ သူကပြောပြပါတယ်။

သူတို့အဖွဲ့ကို အသေးစားထောက်ပံ့မှုပေးတဲ့အဖွဲ့ကတော့ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်မှာ ရုံးဖွင့်လှစ်ထားတဲ့ ABILIS Foundation (မြန်မာနိုင်ငံရုံး) ပဲဖြစ်ပါတယ်။

ပြီးခဲ့တဲ့ ၂၀၁၉ခုနှစ်၊ ဩဂုတ်လအတွင်းမှာ အသေးစားထောက်ပံ့မှုကို ရရှိခဲ့တာဖြစ်ပြီး စီမံကိန်းကာလ ၂၀၂၂ အထိ ဖြစ်ပါတယ်။ အသေးစားစီမံကိန်းအောင်မြင်မယ်ဆိုရင် ထပ်မံ၍ အသေးစား၊ အလတ်စားစီမံကိန်းကို လျှောက်ခွင့်ရှိတယ်လို့ ABILIS Foundation (မြန်မာနိုင်ငံရုံး) မှ တာဝန်ရှိသူကပြောပါတယ်။

ABILIS Foundation ကို မသန်စွမ်းသူများကိုယ်တိုင် ၁၉၉၈ ခုနှစ်မှာ ဖင်လန်နိုင်ငံတွင် စတင်ဖွဲ့စည်းတည်ထောင်ခဲ့ပြီး ဖွံ့ဖြိုးဆဲနိုင်ငံများရှိ မသန်စွမ်းသူများ အခွင့်အရေးများ တိုးတက်ရရှိ လာစေရေး၊ တန်းတူအခွင့်အရေးများ ခံစားရရှိလာစေရေး နဲ့ ဘဝရပ်တည်လာနိုင်ရေးတို့ကို ဆောင်ရွက်လျက်ရှိပါတယ်။

“အဖွဲ့တွေက စီမံကိန်းလျှောက်တဲ့အခါမှာ သူတို့ရဲ့ လုပ်ချင်တဲ့စိတ်ဆန္ဒဘယ်လောက်ထိရှိလဲ အဖွဲ့ဝင်တွေကော ညီညွတ်လား အဲဒါတွေကို သူတို့ဆီသွားတဲ့အခါမှာ တွေ့တာတွေကို ဒီဖက်မှာတင်ပြရတယ်။ ရုံးချုပ်ကိုပို့ရတယ် ရုံးချုပ်ကနေ စီမံကိန်း အောင်မြင်တယ် မအောင်မြင်ဘူး အကြောင်းပြန်ကြားတယ်ပေါ့” လို့ ABILIS Foundation မှ မြန်မာနိုင်ငံဆိုင်ရာ ညှိနှိုင်းရေးမှူး မစိုးမိုးဦးက ပြောပါတယ်။

ABILIS Foundation ဟာ ရပ်ရွာလူထုအတွင်းရှိ မသန်စွမ်းသူများနှင့် မသန်စွမ်းအဖွဲ့အစည်းများကို ဘဏ္ဍာငွေ နဲ့ နည်းပညာများ ပံ့ပိုးပေးလျက်ရှိပါတယ်။

အဲလိုပံ့ပိုးတဲ့အခါမှာ မသန်စွမ်းအဖွဲ့များ ရေရှည်ရပ်တည်လာနိုင်ရေးနှင့် မသန်စွမ်းသူများ စွမ်းရည်မြှင့်တင့်ရေး လုပ်ငန်းစဉ်များအတွက် ဦးစားပေး ဆောင်ရွက်လျက်ရှိပြီး ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအစီအစဉ်များ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် ဝင်ငွေတိုးလုပ်ငန်းများ၊ မသန်စွမ်းမှုဆိုင်ရာအမြင်ဖွင့်အစီအစဉ်များ၊ မသန်စွမ်းသူများအရေးကိစ္စများကို တိုက်တွန်းစည်းရုံးခြင်းအစီအစဉ်များ၊ သတင်းအချက်အလက်များဖြန့်ဝေခြင်းအစီအစဉ်များ စတဲ့ အရာတွေကို ပံ့ပိုးပေးပါတယ်။

နည်းပညာပံ့ပိုးတဲ့နေရာမှာလည်း စီမံကိန်းများရေးဆွဲခြင်း၊ စီမံကိန်းများအား ကြီးကြပ်ခြင်း၊ အစီရင်ခံစာများရေးသားခြင်း၊ စွမ်းရည်မြှင့်သင်တန်းများ ပံ့ပိုးပြီး စီမံကိန်းထောက်ပံ့ငွေများကို ABILIS Foundation ရုံးချုပ်(ဖင်လန်) မှ တိုက်ရိုက်ပံ့ပိုးထားပါတယ်။

ပံ့ပိုးမှုတောင်းခံတဲ့အဖွဲ့အစည်းတွေရဲ့လိုအပ်ချက်နှင့် လုပ်ကိုင်နိုင်စွမ်းအပေါ်မူတည်ပြီး အသေးစားပံ့ပိုးမှုအဖြစ် ယူရိုငွေ (၅၀၀)မှ (၃၅၀၀) အတွင်း ပံ့ပိုးပေးခြင်း၊ အလတ်စားပံ့ပိုးမှုအဖြစ် ယူရိုငွေ ၃၅၀၀ မှ၁၀၀၀၀ အထိ ပံ့ပိုးပေးခြင်း၊ အကြီးစားပံ့ပိုးမှုအဖြစ် ယူရိုငွေ ၁၀၀၀၀ မှ ၂၀၀၀၀ အထိ ပံ့ပိုးပေးတာပဲဖြစ်ပါတယ်။

“မြတ်ဗေဒါ” မသန်စွမ်းအဖွဲ့ဟာဆိုရင် အသေးစားပံ့ပိုးမှုရရှိထားပြီး မြန်မာငွေ ၅၂သိန်းကျော်နဲ့ ဝက်မွေးမြူရေးလုပ်ငန်းကို စတင်အကောင်အထည်ဖော်နေပါတယ်။

၎င်းတို့အဖွဲ့အနေနဲ့ အဖွဲ့ဝင်တစ်ဦးလျှင် ၇သောင်းကျပ်နှုန်းဖြင့် တစ်နိုင်တစ်ပိုင် ဝင်ငွေရဖို့အတွက် အသေးစား ဝက်မွေးမြူရေးစီမံကိန်းကို လုပ်ဆောင်နေတာပါ။ ဝက်က လျင်မြန်စွာ ကြီးထွားသားပေါက် နိုင်တာကြောင့် ဝက်မွေးမြူရေးကို ရွေးချယ်ခဲ့ကြပြီး ဒေသထွက် ဝက်ကိုသာ မွေးမြူထားပါတယ်။

ဝက်ရောင်းလို့ရတဲ့ ငွေကနေတဆင့် တစ်စိတ်တစ်ပိုင်းကို အသင်းရဲ့ရန်ပုံငွေအနေနဲ့ထားရှိရမှာပဲဖြစ်ပါတယ်။

“ဘာဖြစ်လို့မွေးတာလဲဆိုရင် ဝက်က ခနလေးနဲ့ အကောင်ထည်တွေ့ရမလားလို့ တစ်နှစ်ဆိုရင် လေး ငါးသုတ်လောက်ရှိတယ်ကောဒါကြောင့်မလို့ ခနလေးရတဲ့ဟာပဲမြင်ချင်ကြတော့ အမြန်ဆုံးပိုက်ဆံဘာရမလဲလို့ဆွေးနွေးကြတော့ ဝက်မွေးတာ အားလုံးသဘောတူကြပြီးတော့ဝက်မွေးတာပေါ့” လို့ အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ ဦးလီဘယ်ရားသူ က ပြောပါတယ်။

အသင်းအဖွဲ့အနေနဲ့ကိုယ်စားပြုပြီး မသန်စွမ်း စွမ်းဆောင်ရည်မြှင့်တင်တဲ့သင်တန်းတွေကိုလည်း အဖွဲ့ဝင်တွေက သွားတက်ပြီး ရပ်ရွာထဲပြန်လည်ပို့ချပေးတယ်လို့ ဆိုပါတယ်။

ဦးလီဘယ်ရားသူ ကဆက်လက်ပြီး “မသန်စွမ်းတွေက တန်းတူအခွင့်အရေးရတယ်ဆိုပြီးတော့ ကိုယ်ကလည်း အားပိုရှိတာပေါ့။ နောက်ပြီး ရွာထဲမှာ ပြန်ပြောပြပေးတယ် ပြန်ပို့ချပေးတယ် ဒါကြောင့်မလို့ ကိုယ်မသိသေးတဲ့ဟာ ဆရာမပြောပြခါကျတော့ ကိုယ်နားလည်သွားတော့ ကိုယ့်အတွက်လည်းအကျိုးရှိတာပေါ့” လို့ဆက်ပြောပါတယ်။

ABILIS Foundation ရဲ့ လုပ်ငန်းစဉ်တွေဟာ မသန်စွမ်းအဖွဲ့ငယ်များကို ဗဟိုပြုဆောင်ရွက်သော စီမံကိန်းဖြစ်ပြီး ဘဏ္ဍာငွေ ပံ့ပိုးတဲ့နေရာမှာ မသန်စွမ်းအဖွဲ့အစည်းများ ကိုယ်တိုင်ရေးဆွဲအကောင်အထည်ဖော်သော စီမံကိန်းများကိုသာ ပံ့ပိုးပြီး မသန်စွမ်းအများစုကို ကိုယ်စားပြုတဲ့ စီမံကိန်းများကိုသာ ပံ့ပိုးထားတာပါ။

မြတ်ဗေဒါအသင်းရဲ့အဖွဲ့ဝင်အားလုံးဟာ ကိုယ်ကိုယ်တိုင် မသန်စွမ်းသူများမဟုတ်ပါ။ မတော်တဆမှုကြောင့် မသန်စွမ်းဖြစ်သွားကြတဲ့ ကလေးတွေရဲ့ကိုယ်စား မိခင် သို့မဟုတ် ဖခင် က အသင်းအဖွဲ့ဝင်အဖြစ် ပါဝင်နေကြတာပဲဖြစ်ပါတယ်။

မတော်တဆမှုကြောင့် လက်ကျိုးသွားတဲ့ သားကိုယ်စား အဖွဲ့ဝင်ဖြစ်လာတဲ့ ဒေါ်ဝယ်ကူးရွာရှိ ဒေါ်မူလွမ်းကတော့ တစ်နိုင်တစ်ပိုင် ဝက်မွေးမြူရေးနဲ့ပတ်သက်ပြီး ခုလိုပြောပါတယ်။

“သားအတွက် ဝက်ကိုကြီးအောင်မွေးမယ်ပေါ့။ ကြီးကျရင် ထုတ်မယ် ထုတ်ပြီး ရတဲ့ပိုက်ဆံကိုတော့ သားအတွက် အသုံးပြုပေးမယ်” လို့ ဒေါ်မူလွမ်းက ပြောပါတယ်။

ဒေါရောက်ခူကျေးရွာမှာနေထိုင်တဲ့ ဒေါ်အန်ဆွန်းသာကလည်း ကျေးရွာဥက္ကဋ္ဌရဲ့ပြောကြားချက်အရ “မြတ်ဗေဒါ” မသန်စွမ်းအသင်းထဲ သမီးကိုယ်စား အဖွဲ့ဝင်ဖြစ်လာခဲ့ပါတယ်။ သူမရဲ့သမီးဟာ ၆လ သားအရွယ်မှာ အပူင်းဖျားပြီး အကြားအာရုံ၊ ကိုယ်အင်္ဂါ၊ ညဏ်ရည်ချို့တဲ့သွားတာဖြစ်ပါတယ်။

“ကိုယ်တအားပူတယ်လေ ဒီရွာမှာပဲနေတယ် ဆေးရုံမတက်ဘူးလေ ဆေးရုံတက်လို့ရှိရင်တော့ ကိုယ်ကုကျနိုင်တယ်ထင်တယ်။ ရွာထဲမှာပဲနေတယ် ဆေးခနခဏထိုးတယ် အရမ်းထိုးတယ် အကြောတက်ပြီးတော့ တစ်လလုံးသတိလစ်ပြီး အဲလိုမျိုးဖြစ်သွားတယ်။ ဆေးလည်းထိုးသောက်လည်းသောက် နှိပ်လည်းနှိပ်ပေးတယ်လေ။ ဒီရွာမှာပဲကုတယ် မသက်သာဘူး ဒီလိုမျိုးဖြစ်သွားတယ်” လို့ သူမကပြောပြပါတယ်။

၎င်းတို့အဖွဲ့ထဲက မသန်စွမ်းအများစုမှာ မွေးရာပါ ကိုယ်အင်္ဂါချို့တဲ့သူအများစုဖြစ်ပါတယ်။

၂၀၁၅ခုနှစ် ဇွန်လ ၅ရက်နေ့မှာ မသန်စွမ်းသူများ၏အခွင့်အရေး ဥပဒေကို ပြည်ထောင်စုလွှတ်တော်တွင် ပြဋ္ဌာန်းခဲ့ပြီး နည်းဥပဒေကို ၂၀၁၇ခုနှစ် ဒီဇင်ဘာလ၂၇ရက်နေ့တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ မသန်စွမ်းသူများ၏ အခွင့်အရေး ပုဒ်မ ၉၂၊ ပုဒ်မ(ခွဲ)အရ အပ်နှင်းထားတဲ့ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် နည်းဥပဒေကို ထုတ်ပြန်ခဲ့ပါတယ်။

မသန်စွမ်းသူများ၏အခွင့်အရေးဥပဒေရဲ့ အခန်း(၁၂)ဖော်ပြချက်အရ မသန်စွမ်းသူများအသင်းအဖွဲ့များ ဖွဲ့စည်းခြင်းနှင့် မှတ်ပုံတင်ခြင်းတွင် မသန်စွမ်းအသင်းအဖွဲ့များနှင့် လိုက်ပါဆောင်ရွက်လျက်ရှိတဲ့ အဖွဲ့အစည်းအနေဖြင့် ဥပဒေပါအခွင့်အရေးများ၊ လိုအပ်တဲ့ နည်းပညာများ၊ ကူညီပံ့ပိုးမှုများနှင့် ပူးပေါင်းဆောင်ရွက်မှုများ ရရှိရေးအတွက် ၎င်းတို့၏ဆန္ဒအလျောက် သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်လျှောက်ထားနိုင်ကြောင်း ပါရှိပါတယ်။

သို့သော် မှတ်ပုံတင်ဆောင်ရွက်ခြင်းလုပ်ငန်းကို ပြည်ထောင်စုအဆင့်မှာ အကောင်ထည်ဖော်ဆောင်ရွက်နေပေမယ့် ကယားပြည်နယ်အတွင်းမှာ လက်ရှိအချိန်ထိ ဆောင်ရွက်နိုင်ခြင်းမရှိသေးတဲ့အတွက် “မြတ်ဗေဒါ” မသန်စွမ်းအသင်းဟာ အစိုးရအသိအမှတ်ပြုထားခြင်းမရှိတာကြောင့် ဥပဒေပါ အခွင့်အရေးများကို မရရှိသေးပါဘူး။

ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာကော်မတီ ဖွဲ့စည်းထားပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက ဥက္ကဋ္ဌ တာဝန်ယူထားပါတယ်။

၂၀၁၄ခုနှစ် မြန်မာနိုင်ငံလူဦးရေနှင့် အိမ်အကြောင်းအရာ သန်ခေါင်းစာရင်းအစီရင်ခံမှာ မြန်မာနိုင်ငံရဲ့မသန်စွမ်းသူဦးရေ ၂သန်း ကျော်ရှိပြီး လူဦးရေရဲ့ ၄.၆ရာခိုင်နှုန်းရှိပါတယ်။

ကယားပြည်နယ်ရဲ့ မသန်စွမ်းသူဦးရေဟာလည်း တစ်သောင်းကျော်ရှိပြီး ပြည်နယ်လူဦးရေရဲ့ ၅.၈ရာခိုင်နှုန်းခန့်ရှိတယ်လို့ အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။

မသန်စွမ်းမှုအမျိုးအစားများအနက် အများဆုံးတွေ့ရှိရတာက အမြင်အာရုံခက်ခဲသူဖြစ်ပြီး ၂.၅ရာခိုင်နှုန်း၊ လုပ်ရှားသွားလာမှုခက်ခဲသူ (ကိုယ်လက်အင်္ဂါချို့တဲ့သူ) ၁.၉ရာခိုင်နှုန်း၊ သင်ယူမှုခက်ခဲသူ ၁.၇ရာခိုင်နှုန်း၊ အကြားအာရုံခက်ခဲသူ ၁.၃ရာခိုင်နှုန်းရှိပြီး အမျိုးသမီးမသန်စွမ်းသူဦးရေက အမျိုးသားမသန်စွမ်းသူဦးရေထက် ရာခိုင်နှုန်းပိုများတယ်လို့ ဖော်ပြထားပါတယ်။



## ကာတွန်းကဏ္ဍ




## ကဗျာကဏ္ဍ

### ဆိုင်ရာများတို့ ဖြေရှင်းကြပါစို့

မြေယာခြံကွက် လုပ်စားခဲ့တာ
နှစ်ပေါင်းကြာ စဉ်လာမပျက်
အမွေဆက်ထား သူ့သားကိုပေး
ရှေးခေတ်ဘိုးဘွား လုပ်ကိုင်စားသောက်
ကျရောက်မြေးမြစ် ကြွယ်သိဖြစ်မျိုး
အဆိုးတွေများ ဘိုးဘွားအမွေ
ကယားမြေ ကယားဌာနေ
တပ်မြေအဖြစ် စစ်တပ်သိမ်းယူ
တောင်သူခြံကွက် သိမ်းယူခဲ့လို့
တို့တောင်သူက ဘဝပျက်သွား
တရားမျှတ ဆုံးဖြတ်ကြပါ
သက်ဆိုင်ရာ ဌာနတိုင်း
သမိုင်းရှိထား တို့ဘိုးဘွားမြေ
သားတွေလုပ်စား မှားသွားလို့လား
စဉ်းစားကြည့်ပါ ရင်နာစရာ
မြေယာခြံကွက် အသက်လဲပြီး
တောင်သူကြီးက ဆန္ဒပြ
ဘဝစွန့်ကာ ငါတို့ဘိုးဘွား
ထားသောအမွေ မသေမချင်း
တပ်သိမ်းသော်လည်း အမြဲတောင်းမှာ
ဒါဘိုးဘွားမြေ ချစ်လို့လေ
ပြန်တောင်းနေ တောင်သူတွေ
ခြံမြေအမှန် ပြန်ရနိုင်ဖို့
ဆိုင်ရာများတို့ ဖြေရှင်းကြပါစို့။
ကယန်းသွေးစစ်စစ်(ငြိမ်းချမ်းလပြည့်)

(ကယန်း အမျိုးသမီးအစည်းအရုံး တွဲဖက်အတွင်းရေးမှူး(၂)) နှင့် တွေ့ဆုံမေးမြန်းခြင်း အဆက်...........

မျိုးလုပ်မှပဲ အမျိုးသမီးတွေသည် တကယ် ဆုံးဖြတ်ချက်ချတဲ့နေရာမှာ ပါဝင်မယ် ပေ့ါနော် ဥပမာ ကျေးရွာမှာဆိုလဲ ကျေးရွာအုပ်ချုပ်ရေးမှူးကို ၊ အနည်းဆုံး အတွင်းရေးမှူး၊ ဥက္ကဋ္ဌတို့၊ အတွင်းရေးမှူးတို့ပေ့ါနော်၊ ဆယ်အိမ်မှူးတို့ရွေးချယ်တဲ့ အချိန်မှာဆိုရင် အမျိုးသမီးက ဘယ်နယောက်ပါရမလဲ ဆိုတဲ့ သူတို့ရဲ့မူပေါ်လစီမှာပါဝင်ပြီးတော့ သူတို့ကိုယ်တိုင်အကောင်ထည်ဖော်ဖို့ လိုတယ်။

**မေး။ ။ ပြည်နယ်အစိုးရကော လွှတ်တော်တွေမှာရော အမျိုးသမီးတွေကိုပါဝင်လှုပ်ဆော်ပေးတာတို့၊ ဒါမှမဟုတ်ရင် ဒီအမျိုးသမီးအခန်းကဏ္ဍအတွက် လုပ်ပေးနေတာတို့ တွေ့နေရပြီးလားအခြေအနေဘယ်လိုရှိလဲ။**

ဖြေ။ ။ သူတို့ကအမျိုးသမီးကို ခြိမ်းခြောက်တယ်၊ ပြီးတော့မှ အမျိုးသမီးကို ဒီဘာလဲ ငြိမ်းစုစီနဲ့အရေးယူမယ်အဲ့လိုပြောတယ်ပေ့ါ ဒါကလဲ ဒါပဲကြည့်လေ ဆိုတော့ အမျိုးသမီးကိုအရေးကိစ္စကိုလုပ်တဲ့ အမျိုးသမီးအစုအဖွဲ့တောင်မှသူတို့က ပုဒ်မအမျိုးမျိုးတပ်ပြီးတော့ သူတို့အရေးယူဖို့အတွက် သူတို့လုပ်တယ် ဆိုကတည်းက သူတို့မှာလုံးဝ စဉ်းစားထားချက်မရှိဘူးပေ့ါ အမျိုးသမီးနဲ့ပတ်သတ်ပီးတော့ ဒါအကောင်အထည်ဖော်ပေးရမယ်ဆိုတဲ့ ဟာသူတို့စဉ်းစားထားချက်လဲ မရှိဘူး။ သူတို့စဉ်းလဲမစဉ်းစားတတ်ဘူး လို့ကျမမြင်တယ်။

**မေး။ ။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း(EAO)တွေဘက်ကို ကြည့်မယ်ဆိုရင်ကော အမျိုးသမီးအသံတွေ ပါလာပီလားပေ့ါ။**

ဖြေ။ ။ မထိရောက်သေးဘူးပေ့ါနော် ပြီးတော့မလုံလောက်သေးဘူးပေ့ါနော်ကျမတို့လဲအများကြီးကြိုးစားပါတယ်ကျမတို့သူတို့နဲ့တွေ့လို့ရှိရင် အမျိုးသမီးတွေပါဝင်ဖို့အတွက် ဒီ အခုဆို သူတို့ရဲ့ဒီငြိမ်းချမ်းရေးဖြစ်စဉ်မှာ အမျိုးသမီးတွေ ၃၀ရာခိုင်နှုန်း ပါဝင်ဖို့အတွက် ကိစ္စရပ်တွေ ကျမသူတို့နဲ့တွေ့တိုင်းကျမတို့ကပြောတယ်ပေ့ါနော် ဆိုတော့ သူတို့ကတော့ ဘယ်လိုပြောမလဲ ဒီမူအရပေ့ါနော် မူအရ သူတို့ကလက်ခံပါတယ်။

**မေး။ ။ အဲ့ဆိုရင် နိုင်ငံရေးပါတီဘက်မှာကော ကယန်းဒေသဘက်နဲ့သက်ဆိုင်တဲ့ပါတီတွေကအမျိုးသမီးတွေဦးစားပေးမှာတို့အဲ့မျိုးတွေ အခြေအနေဘယ်လိုရှိလဲ၊ ဘာတွေကြားမိသေးလဲ။**

ဖြေ။ ။ ကယန်းအမျိုးသားပါတီ KNP မှာဆိုရင် ကြားတော့ ကြားတယ်ပေ့ါနော် ကိုယ်စားလှယ်လောင်း ဘယ်နေရာမှာ ပြိုင်မလဲဆိုတဲ့ ဟာမျိုးတော့၊ အမျိုးသမီး ဘယ်နယောက်ပြိုင်မလဲဆိုတဲ့ဟာမျိုးတော့ ကြားတယ်ပေ့ါနော် ။ ဒါပေမဲ့ ဘယ်လိုပြောရမလဲ အားနည်းတယ်ပေ့ါ အားနည်းတယ်ဆို အမျိုးသမီးပြိုင်ဖို့အတွက်ဆို အမျိုးသမီးရဲ့နေရာတွေက ဘယ်လိုပြောမလဲသူတို့ကသိပ်နိုင်ခြေသိပ်မရှိတဲ့နေရာမျိုးမှာအမျိုးသမီးကို ထားတယ်လို့ကြားတယ်ပေ့ါနော် အဲ့မျိုးကျတော့ ကျမတို့တော့ အမျိုးသမီးကို တကယ်တန်းဆို ၃၀ရာခိုင်နှုန်း လို့ပြောလာတဲ့အချိန်မှာ အဲ့လိုမျိုးလုပ်လို့မရဘူးလို့ကျမမြင်တယ်။ တကယ့်ရွေးကောက်ပွဲမှာဆိုလဲ ကျမတို့ဒီအမျိုးသမီးကို နိုင်ကိုနိုင်နေရမှာ နိုင်အောင်ဘယ်လိုလုပ်မလဲဆိုတာမျိုး စဉ်းစားရတော့မယ်။

**မေး။ ။ ညီမတို့လည်းလွှတ်တော်ကိုယ်စားလှယ်တို့နှင့် တွေ့ခဲ့မယ်ဆိုရင် ဘာတွေလုပ်ခိုင်းစေချင်လဲ ဘာတွေတိုက်တွန်းချင်လဲ။**

ဖြေ။ ။ ဒေသဖွံ့ဖြိုးရေးတွက်သော်လည်းကောင်း လုပ်သင့်လို့လုပ်လိုက်တဲ့လုပ်ရှားမှုတွေဆိုရင် သူတို့ရဲ့ကန့်သန့်မှုတွေကို ဖြေလျှော့ပေးခိုင်းစေချင်တယ်။ ဘာလို့လဲဆိုတော့ ဥပမာ ကျမတို့လုပ်နေတဲ့အလုပ်တွေကဘာတွေလဲဆိုရင် နိုင်ငံရေးဖြစ်တယ် နိုင်ငံရေးဖြစ်တဲ့အတွက် ဒီနိုင်ငံဒီပြည်သူလူထုတွေကို အမြင်ဖွင့်ပေးတယ်ပေါနော။ ပြည်သူလူထုတွေအသိမြင်များများရှိမှပဲ ဒီနိုင်ငံတော် တိုးတက်မယ်လို့ကျမမြင်တယ် ဒီပြည်နယ်ဆိုလည်းအဲ့လိုပဲ ဒီပြည်နယ်တိုးတက်မယ်ပေါနော။

## ကာတွန်းကဏ္ဍ





၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလတွင် စတင်ဖြန့်ချိသည်။

# ရာဇာဖွား

"ရာဇာ၌ဖွား မာန်တတ်ကြွ လွတ်ငြား ကပ်သုံးပါး"
အလင်္ကာအရ ရာဇာဆိုသည်မှာ မင်းမျိုးမင်းနွယ် မင်းရှင်ဘုရင်ကို ယူဆသည်။

- ရာဇာဖွားတွေ့ ထက်မြက်မည်။ အကြီးအကဲ နေရာတာဝန်ရတတ်ကြသည်။
- မင်းမှုးထမ်း၊ စစ်ရေးရာ၊ အစိုးရဝန်းထမ်း ၊ လုပ်ငန်းရှင်နေ အကြီးအကဲ အစိုးအလုပ် အကျိုးပေးအောင်မြင်မှုရတတ်သည်။
- လက်မှုပညာ တတ်ကျွမ်းသည်။ ကပ်ကြီးသုံးပါး ကျော်လွှားနိုင်သူဖြစ်မည်။
- လူချစ်လူခင် ပေါ၍ စိတ်ထားမြင့်မြတ်၊ အကြံအစည် အောင်မြင်ခြင်းနှင့် ကြီးမားသော အကြံအစည်းတွေးတောတတ်ကြသည့်က ရာဇာဖွား သဘောတရားသာဖြစ်သည်။
- ရာဇာဖွားက ကိုယ်ထူးချွန် မဟုတ်မခံစိတ်ရှိသည်၊ အခြွေအရံအသင်းအပင်ရှိမည်။
- များသောအာဖြင့် ကောင်းသော စည်းစိမ် ခံစာရတတ်ပြီး မိဘတို့မှာ မင်းမှုထမ်းဖြစ်လျှင် တိုးတတ်ခြင်း၊ အကြဲအကဲဖြစ်ခြင်းနှင့် နာမည်ဂုဏ်သတင်းကျော်ဇော်ခြင်းတို့ဖြစ်ကြသည်။

## ရာဇာဖွား အသိစိပ်ဟောကိန်း

*********************

ဆင်းရဲတဲ့မိဘက ပေါက်ဖွားပါစေ လူနေခြုံကြား စိတ်နေဘုံဖျား စိတ်မျိုးရှိသည်။ မတရားမှုများကိုလက်မခံတတ်ကြပါ။

ရာဇာဖွားတွေ့ ထက်မြက်မည်။ အကြီးအကဲ နေရာတာဝန်ရတတ်ကြသည်။

ရာဇာဖွားက ကိုယ်ထူးချွန် မဟုတ်မခံစိတ်ရှိသည်၊ အခြွေအရံအသင်းအပင်ရှိမည်။

ရာဇာဖွားတွေ့က သူများတွေကိုလဲ အားရှိစေမည့်စကားတွေနဲ့အမြဲအားပေးတတ်သည်။ ပင်ကိုယ်သဘာဝအရ ရိုးသားသည်၊တည်ကြည် ခက်တည်တည်နေတတ် လူကြီးဆန်ကြသည်။ သို့သော်ပျင်းရိတတ်သည်။

ရာဇာဖွားသည့် လုပ်မည်ဟု ဆုံးဖြတ်ထားပြီး အချိန်ဆွဲနေတတ်သည်။ တော်တော်နဲ့ မစဖြစ်ပေ။ လုပ်ပြီဆိုရင်လဲ နေ့မအိပ် ညမအိပ်လုပ်နိုင်တဲ့သူပါပဲ။

အလွန်ပင်ပန်းခံနိုင်သည်။ ထိုသိုအပင်ပန်း ခံသည့်အလုပ်တွေကလဲ မိမိစိတ်ပျော်မဲ့အလုပ်တွေ သာရွေးလုပ်တတ်ကြသည်။

စိတ်ချမ်းသာမှုကို အလွန်မြတ်နိုး အလေးထားသည်။စထားပြီး လုပ်ငန်း အဆုံးမသတ်ဖြစ်တဲ့ အလုပ်တွေလဲ မိမိဆီမှာ အများကြီးရှိတတ်ကြသည်။

မိမိသည် စိတ်ညစ်တာ စိတ်ရှုပ်တာမခံနိုင်ပါ။ မိမိသည်အားနာတတ်သည်။ အားနာလွန်းတာက မိမိအတွက်မကောင်းပါ။ မိမိသည် အားနည်းချက်များစွာရှိနေတတ်သည်။

ရာဇာဖွားက စိတ်ထားကောင်းသည်။ စေတနာကောင်းသည်။ သနားငဲ့ညှာစိတ်ကြီးမားသည်။ သူများတွေကို အမြဲတွန်းတွန်းတိုက်တိုက်အားပေးတတ်ကြသည်။

ပေ့ါဆပြီး ပြီးစလွယ်လုပ်မည်၊ တစ်ခုခု လုပ်နေရင်း နောက်အသစ်တစ်ခုကိုစိတ်ပါသွား တတ်သည်။ စိတ်မငြိမ်။ အယူသည်းသည်။

ဇီဇာကြောင်တတ်သည်။အငြင်းအခုန်သန်သည်။ မိမိသည် သူများတွေအတွက် အလွန်လွယ်ကူ သောအလုပ်တွေကမိမိအတွက်ခက်ခဲနေတတ်သလို သူများတွေ မလုပ်နိုင်သော လက်လျှော့ထားသော အလုပ်တွေကိုလဲမိမိကအောင်မြင်အောင်လုပ်နိုင်စွမ်းရှိကြသည်။

ရာဇာတွေ့ရဲ့ အသိဉာဏ်တွေးခေါ်မှုကောင်း အကြံအစည် အရမ်းများသည်။ လျှို့ဝှက်တတ်ကြသည်။ ပေါက်ကြားဖို့မလွယ်ကူးပါ။

မိမိသည် ငြိမ်းငြိမ်းချမ်းချမ်းနေလိုသည်။ ကာယဝိဝေက စိတ္တဝိဝေက ဖြစ်သော နေရာမှာနေလိုသည်။ တစ်ယောက်ထဲလဲနေတတ်သည်။

လူချစ်လူခင် ပေါ၍ စိတ်ထားမြင့်မြတ်၊ အကြံအစည် အောင်မြင်ခြင်းနှင့် ကြီးမားသော အကြံအစည်းတွေးတောတတ်ကြသည့်က ရာဇာဖွား သဘောတရားသာဖြစ်သည်။

သို့သေည် အဖော်အပေါင်းအသင်းမမက်ပေ။ ဘဝင်မမြင့်တတ်ပေမဲ့ အလွန်မာနကြီးသည်။ ပညာမာန အလုပ်မာနရှိသည်။

သူများဆီက တစ်ပြားသားမှအလကားမလိုချင်သလို ကိုယ်ကလဲ တစ်ပြားသားမှမပေးချင်ပါ။ မိမိအားနှိမ့်ချဆက်ဆံထားသူအား မမေ့တတ်။

အခါအခွင့်ကြုံရင် ပြန်ကလဲ့စားခြေဖို့ စောင့်နေတတ်သည်။ ရာဇာဖွားက ကံအလွန်ကောင်းသည် မဟုတ် သော်လဲ ရည်မှန်းချက်ထားပြီးကြိုးစားတဲ့အတွက် အောင်မြင်လိမ့်မည်။

ရည်မှန်းချက်မရှိတဲ့ ရာဇဖွားတွေအတွက် အနာဂတ်မကောင်းနိုင်။ မိမိသည် သမိုင်းကိုစိတ်ဝင်စားသည်။

သူရဲကောင်းများ လူစွမ်းကောင်းများအား ကျတတ်ပြီး သူတို့လို ဖြစ်ချင်စိတ်ရှိမည်၊ ဂမ္ဘီရပစ္စည်းတွေစိတ်ဝင်စားသည်၊

ရာဇာဖွားသည့် ရှေးရိုးဆန်သည်။ ရိုးရာဓလေ့ထုံးစံကို လိုက်နာကျင့်သုံးသည်။ အမျိုးဘာသာ သာသနာကို ချစ်မြတ်နိုးသည်။

မိမိသည် ထူးဆန်းသော ဂမ္ဘီရနှင့်နွယ်သော ကိစ္စများ ကိုလေ့လာလိုက်စားလိုသည်။ ငွေကြေးကို စည်းနှင့်ကမ်းနှင့်သုံးသည်။ နှမြောတတ်သည်။

ဒါပေမဲ့ မိမိလိုချင်တဲ့ပစ္စည်းဆိုရင် မတန်တဆနှင့်ရောင်းလဲ ဝယ်သည်။ မနှမြောတော့ပေ။ ဘဝတစ်ဝက်လောက်ထိ ငွေစုဆောင်းလို့မရတတ်ပေ။ စုလိုက်ကုန်လိုက်ဖြစ်နေ မည်။

ငွေနှင့်အလွန်နီးသော ဇာတာပါတယ်။ စိတ်ထဲမှာလောဘကြီးပေမဲ့ လက်တွေ့မှာ ရာသမှုနှင့်ရောင်ရဲ လွယ်သည်။

ငွေကြောင်းလဲ နာမည်ဂုဏ်သတင်းနမ့်ကြတတ်သည်။

မိမိသတိထားရမည်က အိမ်ထောင်ရေးပါ။ သနားလို့အားနာလို့ မယူမိစေနဲ့။ လွယ်လွယ်ဆုံးဖြတ်ပြီး အိမ်ထောင်မပြုသင့်ပေ။ အိမ်ထောင်ရေးကံညံ့လွယ်သည်။

မိမိချစ်မြတ်နိုးရင်တောင် သူ့အကြောင်းသေချာလေ့လာပြီးမှယူသင့်သည်။ မိဘ လူကြီးတွေကပါ သဘောတူသည့်အိမ်ထောင်ဘက်ဆို အလွန်ကောင်းသည်။

မိမိသည် ဒုက္ခကိုပဲ ဖြစ်ဖြစ် သုခကိုပဲဖြစ်ဖြစ် မည်သူ့ကိုမှထုတ်ဖော်မပြောတတ်ပါ။ သူများကိုဒုက္ခမပေးပါ၊ ပြဿ နာတွေကို မိမိတစ်ယောက်ထဲသာ ခါးစည်းခံလိုသည်။ ရာဇာဖွားက မင်း တောဘုရင်ဖြစ်ပြီး မိန်မလက်ထဲကျတော့ ကြွက် ဖြစ်လေ့များသည်။

ဒါကြောင့်လဲ မိမိကိုကြည့်ရှုံနှင့် ပျော်နေလား စိတ်ဆင်းရဲနေလား မခန့်မှန်းနိုင်ကြပါ။ မိန်းမတွေနဲ့ ပက်သက်ပြီးအကူအညီတွေရနိုင်သည်၊ စပ်တူရှယ်ယာ လွန်စွာအကျိုးပေးသည်။

ရာဇာဖွားတွေ့က မိန်းမတစ်ဦးကြောင်းလဲ ဘဝအတာအဆီးများ ကိုယ်ဆုံးဖြတ်ချက်မချ နိုင်တာမျိုး ိး မိန်းကလေ အဖျက်အစီးကြောင်း မိမိဂုဏ်သိက္ခာများ ရာထူးများ ပျက်စီးကြတာများသည်။

မင်းမှုးထမ်း၊ စစ်ရေးရာ၊ အစိုးရဝန်းထမ်း ၊ လုပ်ငန်းရှင်နေ အကြီးအကဲ အစိုးအလုပ် အကျိုးပေးအောင်မြင်မှုရတတ်သည်။

များသောအာဖြင့် ကောင်းသော စည်းစိမ် ခံစာရတတ်ပြီး မိဘတို့မှာ မင်းမှုထမ်းဖြစ်လျှင် တိုးတတ်ခြင်း၊ အကြဲအကဲဖြစ်ခြင်းနှင့် နာမည်ဂုဏ်သတင်းကျော်ဇော်ခြင်းတို့ဖြစ်ကြသည်။

ဗေဒင်နှင့် လက္ခဏာ ပြဟ္မဏာရိုးရာ ဆရာကြီး ဦးကျော်၏သား

**ဆရာနော်တော်**

သင်၏လိုလားချက်ကို တိကျမှန်ကန်စွာ ဟောပေးသည်။ ဇာတာမျိုးစုံ ဖွဲ့ပေးသည်။

တောင်ကွဲစေတီဆိုင်ခန်း အမှတ်(၁၄)၊ သီရိမင်္ဂလာတောင်တော်၊ လှိုင်ကော်မြို့။

ဖုန်း - ၀၉ ၇၇၇ ၇၇၃ ၅၂၉

အခြေခံ **ခိုင်** မာပြီး ဖွံ့ **ဖြိုး** တိုးတက်စေရန် ဤသင်တန်းကို ဆက်သွယ်ပါ။

ရေး၊ ဖတ်၊ ပြော၊ ကြား
အင်္ဂလိပ်သဒ္ဒါနှင့်
စကားပြော
အတတ်သင်တန်း
(ကသ-၁၁၀၈)

အမှတ်-၁၀၊ ဒွာညိုလမ်း၊
ရွှေတောင်ရပ်၊ လှိုင်ကော်။
(ရွှေတောင်စာသင်တိုက်အနီး)

KHAING PHYO ENGLISH FOUR SKILLS TRAINING

ခိုင်ဖြိုး ®

Email:
ohnkhaing@gmail.com

Phone:
- 09 4940 0834
- 09 42800 7879
- 09 25440 4872

ဤသင်တန်းကို အောက်ပါဆရာများက သင်ကြားပေးနေသည် -
ဆရာဦးအုန်းခိုင် (B.A, Logic) နာယက
ဆရာမ ဒေါ်ခင်ချိုအေးခိုင် (B.A, English) တာဝန်ခံနှင့်သင်ကြားရေး
ဆရာမ ဒေါ်ခင်ချိုမြင့်ခိုင် (B.A, Myanmar) သင်ကြားရေး

### သင်တန်းပုံစံများ

၁ ။ အင်္ဂလိပ်စာ ရေး ၊ ဖတ် ၊ ပြော၊ ကြားအဆင့် (၁) မှ(၄) အထိ (၄)လပြတ်ပို့ချချက်။

၂။ I E L T S Preparation ပို့ချချက်။

၃။ စာမတ်သူများ၊ အစိုးရနှင့်ကုမ္ပဏီဝန်ထမ်းများ၊ ပြည်ပတွင်းအလုပ်လုပ်လိုသူများနှင့် ပညာသင်ယူလိုသူများ၊ ရာထူးတိုးနှင့် လုပ်ငန်းဝင်ခွင့်စာမေးပွဲများအတွက် အင်္ဂလိပ်စာစွမ်းရည်ကို အဆင့်လိုက် တစ်ဦးချင်း၊ ပို့ချချက်များ ၊

၄။ အင်္ဂလိပ်မှမြန်မာ ၊ မြန်မာမှအင်္ဂလိပ်သို့ ဘာသာပြန်ပေးသည်။

**** မိမိလိုရာ အဆင့်ထိ တာဝန်ယူအတတ်သင်ပေးသည်။

သတင်းအချက်အလက်များ ရရှိမှုနည်းပါးသည့် ဖားဆောင်းမြို့နယ် ဝမ်အောင်းကျေးရွာအတွက် မသိဂ္ဂီဝင်းမှ Kantarawaddy Times ဂျာနယ်ကို တစ်ကြိမ်လျှင် အစောင်(၂၀) တစ်နှစ် လှူဒါန်းသည်။

## Vox Pop

**ငြိမ်းချမ်းရေး ရေရှည်တည်တံ့ခိုင်မြဲဖို့အတွက်နဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေမှာ ပြည်သူတစ်ဦးအနေနဲ့ ဘယ်လိုမျိုးအကြံပေးချင်လဲ၊ ဘာတွေထည့်သွင်းဆွေးနွေးခြင်းလဲဆိုတာနဲ့ပတ်သက်လို့ ဖားဆောင်းမြို့နယ် မော်ချီးဒေသဘက်မှ ကျေးရွာတချို့ကို မေးမြန်းထားပါတယ်။**



ဒေါ်နော်စတာ (ကျေးရွာအတွင်းရေးမှူး-ညောင်သာယာရွာကျေးရွာ)

အခုပေါ်ပေါ်နေတယ်မုဒိမ်းမှုတို့ အိမ်တွင်းရေး မငြိမ်းချမ်းတာတို့အဓိက ထားပြီးဖော်ပြစေချင်တယ်။



မငယ်ငယ် (ညောင်သာယာရွာကျေးရွာ)

ဘာပဲဖြစ်ဖြစ် လုပ်ငန်းကိုင်ငန်းပဲဖြစ်ဖြစ်နောက်ပြီးမှ အိမ်တွင်းရေးပြဿနာပဲဖြစ်ဖြစ် အစစအရာရာ ကိုယ်က တင်ပြလို့ရတယ်ကိုယ့်ဘက်ကြည့်မယ်လိုက်နာမယ်ဆိုလို့ရှိရင် လူကြီးသူမများ ရှိမယ်ဆိုရင်တော့ တင်ပြချင်တယ်။



ကိုဇော်ဦး

စိုးရိမ်စိတ်ကဘယ်လိုရှိလဲဆိုတော့ အစိုးရကကောင်းပါတယ် တက်လာတဲ့သူတွေက မကောင်းတာပါ။ ဘာတွေဆွေးနွေးခိုင်းစေချင်လဲဆိုရင်တော့ ကျနော်တို့ အနာဂတ်ရဲ့ ကလေးတွေကိုကြည့်ပါလို့ ကျနော်တို့ရဲ့ တစ်သက်သာကိုမကြည့်ပါနဲ့။



ဦးစောနေသာ ယိုကေားခိုရပ်ကွက် (ရပ်ကွက်အတွင်းရေးမှူး)

တစ်ဖွဲ့နှင့်တစ်ဖွဲ့က ပြန်လည်သင့်မြတ်ပြီးတော့ ညှိနှိုင်းပြီးမှသာလျှင် ငြိမ်းချမ်းရေးရဲ့ အနှစ်သာရကိုသိရမှာအဲ့လိုပြောချင်တာ။တစ်ဖွဲ့နှင့်တစ်ဖွဲ့ ဒီအတိုင်းပဲချောင်းမြောင်းနေထိုင်မယ်ဆိုရင် ငြိမ်းချမ်းရေးဟာ တည်မြဲခြင်းမရှိဘူး။ ဒီထက်ပိုဆိုးဆိုးလာမယ်လို့ထင်တာပဲ။ သဘောထားတိုက်ဆိုင်မှသာလျှင် ငြိမ်းချမ်းရေးတည်မြဲမယ်။



ဒေါ်သန္တာမိုး

ကိုယ်က ကျင်းလုပ်နေတယ်ဆိုတော့ ကျင်းအလုပ်သမားတွေအတွက် သူတို့ တွက်အခွင့်အရေးတွေကို လိုချင်တယ်ပေါ်နော်။ အခုဆိုရင် အလုပ်လုပ်ရတာ ရှုပ်တယ် ရှုပ်တယ်ဆိုတာက အလုပ်သမားတွေအတွက် ဟိုကတားလိုက် ဒီကတားလိုက် ဒီမျိုးရှိတယ် သူတို့အတွက်ကို ကောင်းစေချင်တယ်။ သူတို့အတွက် ကောင်းတဲ့အခွင့် အရေးလေးတွေရဖို့ တင်ပြချင်ပါတယ်။



ဒေါ်လွမ်းပို

ကလေးတွေရဲ့ ပညာရေးတွေကို နာသုံးနာနဲ့ ဖေးမကူညီပေးတဲ့ ပရဟိတ ပွင့်ပွင့်လင်းလင်း ဆက်သွယ်ပြီးတော့မှသားသမီးတွေရဲ့ပညာရေးတိုးတက်ခွင့်ရတာလည်း အခွင့်အရေးတစ်မျိုးပဲပေါ်နော်။ လူရယ်လို့ဖြစ်လာပြီဆိုလို့ရှိရင် ရှိသင့်ရှိထိုက်တဲ့ လွတ်လပ်ပိုင်ခွင့်လို့ အားလုံးကို ခြုံပြီးတော့ ပြောမယ်ဆိုရင်တော့ ကလေးတွေနှင့် အမျိုးသမီးအတွက် ပိုပြီးတော့မှ အခွင့်အရေးရစေချင်တာပေါ်နော်။

# ပြည်နယ်အတွင်း တရားမဝင်နေထိုင်သူတွေကို စစ်ဆေးသွားမယ်လို့ ပြည်နယ် လဝက ဝန်ကြီးပြော

**ဒွေးအယ်ဍူ**

ကယားပြည်နယ်အတွင်း တရားမဝင်တဲ့ နိုင်ငံခြားသား ဝင်ရောက်နေထိုင်မှုကို အဓိကကိုင်တွယ်သွားမယ်လို့ ပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး ဦးခင်မောင်ဖြူက ကန္တာရဝတီတိုင်း(မ်)ကို ပြောပါတယ်။

"အဓိက အရေးကြီးတာက တရားမဝင်တဲ့ နိုင်ငံခြားသားတွေဝင်ရောက်တဲ့ကိစ္စပေါ့နော အဝင် အထွက် အသွားအလာတွေကြားနေရတယ်။ နေထိုင်တာလည်းကြားနေရတယ်။ဒါတွေကိုဘယ်လိုအရေးယူမလဲ ဘယ်လိုဖော်ထုတ်မလဲပေါ့နော ဒါတွေကို လောလောဆယ်မှာကိုင်တွယ်ဖို့စဉ်းစားထားတယ်" လို့ ဝန်ကြီးဦးခင်မောင်ဖြူက ပြောပါတယ်။

ကယားပြည်နယ်အစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်ဝန်ကြီးဌာန ဝန်ကြီးဦးခင်မောင်ဖြူကိုကယားပြည်နယ်အစိုးရအဖွဲ့ လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဌာန ဝန်ကြီးအဖြစ် နိုင်ငံတော်သမ္မတရုံး၏ အမိန့်အမှတ် ၇/၂၀၂၀အရ ဖေဖော်ဝါရီလ ၁၇ ရက်မှာ ခန့်အပ်အတည်ပြုလိုက်ပြီးနောက် ဝန်ကြီးက ၎င်း၏ပထမ လုပ်ငန်းစဉ်ကို ပြောကြားသွားတာဖြစ်ပါတယ်။

ဝန်ကြီးဦးခင်မောင်ဖြူ ကို ကယားပြည်နယ် အစိုးရအဖွဲ့ လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဌာန ဝန်ကြီးအဖြစ် ပူးတွဲတာဝန်ပေးအပ်ဖို့ ပြည်နယ်ဝန်ကြီးချုပ်က ဖေဖော်ဝါရီလ ၁၃ရက်နေ့မှာ ကျင်းပခဲ့တဲ့ဒုတိယအကြိမ်ကယားပြည်နယ်လွှတ်တော်



ပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး ဦးခင်မောင်ဖြူ။ ဓါတ်ပုံ - ပြည်နယ်လွှတ်တော်

(၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပထမနေ့မှာ အဆိုပြုတင်သွင်းထားခဲ့တာဖြစ်ပါတယ်။

လူဝင်မှုကြီးကြပ်ရေးနှင့်လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဌာနနဲ့ပတ်သက်ပြီး ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တွေက ကန့်ကွက်ဆွေးနွေးတာမရှိတဲ့အတွက် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်အစည်းအဝေး ဒုတိယနေ့မှာ သဘောတူကြောင်း အတည်ပြုကြေညာခဲ့ပါတယ်။

"ဝန်ကြီးဌာနအသစ်ဆိုတော့ စပြီးလေ့လာရမယ် ပိုပြီးကြိုးစားရမှာပေါ့နော များများလေ့လာမှ ဒီဌာနကို ကွပ်ကဲနိုင်မှာပေါ့နော။ ခု နေ့တိုင်းစလေ့လာနေပါပြီ။ ကျတော် ဌာနနဲ့တွေ့ပြီးရင် တွေ့သင့်တွေ့ထိုက်တဲ့ မြို့မိမြို့ဖတွေ ရပ်ကွက်တွေ ဒါတွေနဲ့သီးခြားပေါ့ ခေါ်ပြီးတော့ ဆွေးနွေးမယ် အချက်အလက်တွေယူမယ် စဉ်းစားထားတာပေါ့။"လို့ဝန်ကြီးကဆက်ပြောပါတယ်။

ပြီးခဲ့တဲ့ ဒုတိယအကြိမ် ကယားပြည်နယ်လွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန် အစည်းအဝေးမှာ ဦးတင်ဋ္ဌေးဆိုသူကို ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအား အရင်းအမြစ်ဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဝန်ကြီးချုပ် အဆိုတင်သွင်းခဲ့ပေမယ့်လည်း လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ ကန့်ကွက်မှုကြောင့် ခန့်အပ်နိုင်ခဲ့ခြင်း မရှိပါဘူး။

# မြေယာပုံစံတွေမှာ အမျိုးသမီးတွေ အမည်ပေါက် ထည့်သွင်းနိုင်ဖို့ စီမံချက်ရေးဆွဲထား

**စိုးထိုက်အောင်**

ကယားပြည်နယ် ရှိအမျိုးသမီးတွေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသမီးတွေ မြေယာအမည်ပေါက်ဆောင်ရွက်နိုင်တဲ့ မူဝါဒတွေ ပေါ်ပေါက်နိုင်ဖို့ ဆောင်ရွက်သွားမယ်လို့ (၂၀၂၀-၂၀၂၂)ခုနှစ် အမျိုးသမီးများငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးရေး လုပ်ငန်းစီမံချက်မှ ထုတ်ဝေတဲ့ စာအုပ်အချက်အလက်အရ သိရှိရပါတယ်။

အခုလက်ရှိတောင်သူတွေရဲ့အခက်အခဲကို ဖြေရှင်းပေးနိုင်ဖို့ မြေယာနှင့် သဘာဝအရင်းအမြစ် စီမံကိန်းဆိုင်ရာ အသိပညာပေးမှုတွေ ဆောင်ရွက်သွားမှာဖြစ်ပြီးတော့ ယဉ်ကျေးမှုဓလေ့ထုံးတမ်းအရ အမျိုးသား၏အမည်ဖြင့်သာ အမည်ပေါက်နေခြင်းက အမျိုးသမီးတွေရဲ့ပိုင်ဆိုင်ခွင့်နဲ့ထုတ်လုပ်မှုတွေကို ပယ်ထုတ်ထားသလိုဖြစ်နေတဲ့ပြဿနာကို ဖြေရှင်းနိုင်ဖို့အတွက် ဆောင်ရွက်ရခြင်းဖြစ်တယ်လို့ စီမံချက်မှာပါရှိပါတယ်။

"ဖွံ့ဖြိုးတိုးတက်မှုအတွက် စီမံကိန်းနဲ့ပတ်သက်ပြီးတော့ရှင်းရှင်းပြောရမယ်ဆိုရင် တာကသီးသန့်အမှန်တရားရယ်လို့ ထွက်လာမယ်ဆိုရင်တော့ ဒါက ဥပဒေတစ်ခု ဖြစ်မယ်ပေါ်နော်။ ဥပဒေရဲ့ သဘော သဘာဝက တစ်ကယ်လို့ထွက်လာမယ်ဆိုရင်အကောင်းဆုံး ဥပဒေတစ်ခုဖြစ်မယ်။" ကယန်းအမျိုး သမီးအစည်းအရုံးက မူကလိုးရီယာ ၎င်းစီမံချက်နဲ့ ပတ်သက်လို့ အကြံပြုပြောဆို သွားတာဖြစ်ပါတယ်။

၎င်းစီမံချက်စာအုပ်ထုတ်ဝေတဲ့အချိန်မှာတော့ သက်ဆိုင်ရာအစိုးရဌာနနဲ့လွှတ်တော်ကိုယ်စားလှယ်တွေကနေပြီး ကယားပြည်နယ်အတွင်းမှာရှိ တဲ့အမျိုးသမီးအရပ်ဖက်အဖွဲ့အစည်းတွေတချို့တွေကို အသိပေးသွားခဲ့ဖူးတယ်လို့ သိရပါတယ်။

ကယားပြည်အတွင်းရှိဒေသတော်တော်များများမှာဆိုရင် ယဉ်ကျေးမှုဓလေ့ထုံးတမ်းအလေ့အထအရ အမျိုးသားများ၏ အမည်ဖြစ်သာ မြေယာအမည်ပေါက်နေခြင်းက အမျိုးသမီးများ၏ ပိုင်ဆိုင်ခွင့်နှင့် ထုတ်လုပ်မှုပစ္စည်းများ အသုံးပြုခြင်းများကို ဖယ်ထုတ်ထားသလို ဖြစ်နေပါတယ်။

ဒါကြောင့်အမျိုးသမီးများ၏မြေယာအခွင့်အရေး ခိုင်မာသေချာစေရန်နှင့် ရယူအသုံးချပိုင်ခွင့်ကိုလေးစားအသိအမှတ်ပြုဖို့ မြေဂရန်တွေမှာ အမျိုးသမီးတွေ အမည်တွေကို ပူးတွဲထားရှိဖို့ အတွက် ပညာပေးဟောပြောသွားမှာဖြစ်ပြီး ကယားပြည်နယ် အတွင်းမာရှိတဲ့ ပဋိပက္ခကြောင့် နေရပ်စွန့်ခွာစစ်ဘေးတိမ်းရှောင်ခဲ့ရတဲ့ အမျိုးသမီးတွေအတွက် ကိုလဲ သီးသန့်အကူအညီများ ပေးအပ်ခြင်းများ ပြုလုပ်သွားမှာဖြစ်ပါတယ်။

၎င်းစီမံကိန်းကို အစိုးရဌာနအနေဖြင့် ပြန်ကြားရေး နှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန (IPRD)၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (GAD)၊ လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီ၊ ပြန်ကြားရေး ဝန်ကြီးဌာန တို့မှ အကောင်အထည်ဖော်သွားမယ်လို့သိရပါတယ်။

ပူးပေါင်းဆောင်ရွက်မည့် မိတ်ဖက်အဖွဲ့အစည်း အနေနဲ့ Spectrum အဖွဲ့အစည်းတို့ကနေ ပူးပေါင်းပြီးတော့ အမျိုးသမီးများ မြေယာနှင့် သဘာဝအရင်းအမြစ်စီမံကိန်းအတွက် ဘတ်ဂျက်ငွေ (၅၇,၄၅၀,၀၀၀) ကျပ်ကို အသုံးပြုသွားမှာဖြစ်တယ်လို့သိရပါတယ်။

ကယားပြည်နယ်အတွင်းရှိ အများပြည်သူလူထု၊ အထူးသဖြင့် အမျိုးသမီး တောင်သူများကို ဦးတည်အသားပေး ပြီး အမြင်ဖွင့်လုပ်ငန်းတွေကို အဓိကထားပြီးပြုလုပ်သွားမှာဖြစ်ပါတယ်။

ပြည်နယ်အတွင်းရှိ အရပ်ဖက်အမျိုးသမီးအဖွဲ့တွေ အနေနဲ့ကတော့ ဒီစီမံကိန်းနဲ့ ပတ်သက်လို့ အရပ်ဖက် အမျိုးသမီးတွေကို စာအုပ်ထုပ်ဝေချိန်အသိပေးထားတယ်ဆိုပေမယ့်လည်းလုပ်ငန်းအသေးစိတ် ဘယ်ချိန်စတင်မလဲဆိုတာ မသိရသေးဘူးလို့ ကရင်နီအမျိုးသမီးအစည်းအရုံးမှ တာဝန်ခံမမီးမီးက ပြောပါတယ်။

၎င်းစီမံကိန်းအသေးစိတ်ကိုသက်ဆိုင်ရာ စီမံချက်ထုတ်ဝေတဲ့ ဆက်သွယ်ရမည့် လိပ်စာမှာ မေးမြန်းထားပေမယ့်လည်း ပြန်လည်ဖြေကြားခြင်းမရှိသေးပါဘူး။


၂၀၁၃ ခုနှစ်၊ ဇန္နဝါရီလတွင် စတင်ဖြန့်ချိသည်။

Kantarawaddy Times

Accurate Reliable Trustworthy

Vol:8 , Issues 3 Kantarawaddy Times March 1, 2020

# Karenni Farmers Still Waiting For Action From State Counsellor

By Maw Oo Myar/
Kantarawaddy Times



After meeting with Daw Aung San Suu Kyi last month Karenni farmers are still waiting for a resolution to a conflict with the Burma Army that saw many being criminalized for trying to get their farms back.

The meeting with the state counsellor was positive, Per Reh said, but nothing has changed for himself or other farmers.

"We haven't seen any results," Per Reh said. "Aung San Suu Kyi promised to solve this problem when she met with Karenni youths but up till now nothing's been done."

After joining Kayah State Day on January 15, Suu Kyi met with youth for about 20 minutes and discussed the Army's prosecution of the farmers. The other officials included the state chief minister and several union-level ministers.

The state counsellor said she would look into the Army's confiscation of farmland and the lawsuits against 41 farmers, and discuss this with the Attorney General's Office. She promised to intervene in any future problems between the farmers and the military.

"We are still waiting for it," Per Reh said.

The farmer trusts the state counsellor will stay true to her word.

"I don't think the national leader makes promises easily," Per Reh said.

Khu Ru Reh, the chairperson for the Karenni State Farmers Union, is also waiting for the state counsellor to respond.

"If they continue to oppress the farmers we need to find an alternative to solve this problem."

The union leader told the Kantarawaddy Times it's too early to discuss what this might exactly entail.

# February 12 Becomes the Public Revolution Day - Declaration of Karenni True History



Kantarawaddy Times

In today 1st convention of public movement for Karenni true history, it is confirmed that February 12 is the Public Revolution Day of declaration for Karenni true history.

"Today date will remain as unforgettable history and moment to every one of our youths and people that today is the sacred day, we could not replace our Karenni history with any and it is unique as well." U Chit Tun, a representative of Karenni National People's Liberation Front (KNPLF), says in opening speech.

Today convention is organized by Union of Karenni State Youth (UKSY) at Loikaw, and totally 200 participants attended – members of Karenni tribes, representatives of Ethnic Armed Groups, representatives of Political Parties, representatives from Community Based Organizations, and Karenni youths.

The day is confirmed together after compiling the discussion point and assertions from these attending participants.

"This is a good activity to declaring for this kind of day. It could lead to remembering the day and empower stronger participation in movement, on the other side, we also need to try to reach to the extend of giving good example to others through revealing every section of development." Khu Plu Reh, a representative who joins the convention, says.

In last year on February 12, 2019, over thousands of publics from Kayah (Karenni) State halted their protest activity against the construction of Bo Kyote Statue.

At the closing of convention, it is declared that they will continue their attempt of removing the statue.

# The Necessity of Healthcare in the Villages, Maw Chi Region



Anthony

Local people say there is a need of healthcare in most of the villages as they don't have any government clinics, and the transportation in rural areas of Maw Chi, Pharsaung Township, is poor.

Daw Tuu Mar from Youkaw Kho Village says there is a hardship access of healthcare as they don't have any government clinics for villagers at Youkaw Kho Village (13-Hill).

"If you want to go to regional health department, it would be fine only if you have car or motorbike. You sometimes have to go further to Pharsaung as there is no doctor when you reach there. We feel more tired as we are sick and we have to travel further as well," Daw Tuu Mar says.

It says there are difficulties as the transportation is poor and the emergency patients have to go to Lokhar Lo Village or Loikaw for treatment.

In case of healthcare, Daw Tuu Mar says currently they could only rely on the clinic operated by Pa Bwar Kalu (Karen) Social Development Women Group.

She says "We could only rely on Sayama Magret Sein for healthcare as we don't have any regional health department. It is hard and far to go somewhere else like Lokhar Lo if Sayama is not there. It is sometimes very difficult if she is not free."

Sayama Magret Sein, the chairperson of Pa Bwar Kalu (Karen) Social Development Women Group, says, "The clinic nurse comes staying for only two hours and provide the treatment and return back; we also have to give a ride her with motorbike and she does not check any other health issues. Actually, you are supposed to check every health issue if you enter to the field, but we do not see any like this."

At the clinic operated by Pa Bwar Kalu (Karen) Social Development Women Group we mostly see the patients from lead-working site who is poisoned by lead or whose lungs are broken due to Air Gun.

There are also some patients having treatment for seasonal diarrhea and flu.

As there are totally 57 villages in Maw Chi Region and they have only a hospital in Lokhar Lo Village, they arrange branched clinics in the villages located on top of mount. However, the responsible nurses could not accomplish their duty full-time as the transportation is poor and high risk of landslide.

It says they could access basic healthcare only after the mobile healthcare provider from Mobile Clinic is arrived.

# The Engagement of Balake Hluttaw Representatives with the Public's Still Weak

Maw Oo Myar

Most of the locals from Balake Township say the engagement between Hluttaw representatives from Balake Township, Kayah, and local is very weak till this day.

"Our wish is we want to have mutual meeting between the public and Hluttaw MP. There are supposed to be some questionings like what the public want does to be or do, but it is not as we expected. Despite, we even never met Hluttaw MP till now. In fact, they are supposed to be standing together with public." U Naing Zaw, the local from Shan Pein Kwet Tic Ward, Balake Township, says.

It is said there are hinders of sending their report about local needs to the government as the seat winner of Balake Township is the representatives from the Union Solidarity and Development Party (USDP).

None of the ministers from National League for Democracy (NLD) government visits and inquires the need of public.

U Zaw Zaw, the local from Shan Pai Ward, Balake Township, says, "Our Balake Township is like we have two groups of government. One government is the election winner, and they are leading the country while another government do not lead the country but have their seats in Hluttaw. So, there are two government groups. Although we have two groups, it is almost five years by waiting which government would come and ask the needs of citizens. They might do it seldomly in urban. Maybe only their relatives."

The Union Solidarity and Development Party (UNDP) and U Soe Thein, the former minister of President Office who nominated individually, won Balake constituency in 2015 election.

In State level Hluttaw representatives, U Aye Shwe is the winner of No.1 Balake constituency, U Soe Reh is the winner of No.2 Balake Constituency, U Aye Maung is the winner of Pyitu Hluttaw Representative, U Kyaw Than is the winner of No.8 Amyotha Hluttaw, and U Soe Thein is the individual nominated winner for No.9 Amyatha Hluttaw.

Although we tried to reach with the contact numbers of some representatives uploaded online, their contact number is unreachable.

# NLD Powerless To Solve Land Disputes

By Kantarawaddy Times

The NLD can't do anything to resolve land disputes between the Burma Army and farmers, said a Kayah environmental group.

"They've investigated the disputes and a decision to return the land has already been made, but the Army refuses," said Saw Eh Say, head of Kayah Earthright Action Network. "The government can't do anything because the Army is one of the stakeholders."

The NLD formed a land investigation committee and the committee created a management policy for land that was seized and later abandoned in Kayah State.

Khu Tu Reh, chairman of Karenni State Farmer Union (KSFU), told Kantarawaddy Times after State Counsellor Daw Aung San Suu Kyi got involved the farmers thought something would be done.

"We expected a lot more after Aung San Suu Kyi delegated officials to solve this problem but nothing's changed," Khu Tu Reh said.

After the State Counsellor joined the 58th Kayah State Day commemoration in Loikaw, the capital, last month she met with youth for about 20 minutes to discuss the Army's prosecution of the farmers and the Gen Aung San statue in Loikaw. Suu Kyi promised to look into the seized farmland and the lawsuits against the farmers.

Last year, the Burma Army sued 41 farmers for trespassing and farming on land idle since it was taken back in 1990. The Army recently started building fences on it. The farmers were sued under Articles 447 and 427 for trespassing and damages, including breaking the fences under Public Property Protection Act, when they started cultivating the land again.

A guilty sentence carries a conviction of three months to seven years in prison.

The Kantarawaddy Times reached out to the state government for comments but found no-one willing to talk about the land confiscation.

# Human Rights Abuse in Kayah State Getting Worse Than Previous Government

Maw Oo Myar

Maw Pray Myar, the second Secretary of Karenni National Women Association (KNWO), says the numbers who are abused human rights are getting higher in Kayah (Karenni) State.

"If we look at the cases authorities committed, it is very hard to get justice although the case is operated under legal process, and today's court judgement is still like "Money can be fair". In other words, there are still the abuse of human rights in our Kayah State." Maw Pray Myar says.

It says there were not any accusation and prisoning to farmers in the reign of 2010 elected government; however, what they see now in the reign of 2015 elected government is there are human rights abuses more than before. Besides, it also says the restriction of government authorities on the implementation of any workshop or forum is also human rights abuse.

U Banyar, the Director of Karenni Human Rights Group (KHRG), says that the actual groups who commit the most on freedom of speech or freedom of assembly are those ruling parties.

"The authorities and ruling parties abused us the most. On the other side, the government…, as I mentioned before, the government's protection is totally weak. Seeing without saying anything is like we are encouraging the authorities to abusing human rights." U Banyar says.

In Kayah State, 41 farmers are persecuted, and 12 of them are prisoned for not having any guarantee. The local organizations have criticized on that case that the farmers are being abused appallingly.

# Maw Chi Under Warning to Staying with Caution Due to landslide exposure

Soe Htike Aung

There are giant ground cracks at tin-tungsten mining area in both southern and northern parts of Ywar Ma Gyi at You-Kaw Kho (Hill-13), Maw Chee Region, Pharsaung Township in Kayah State.

These giant crack lines occurred after incidence of landslides caused around August 2019.

Kayah State Mineral Production Company announced with warning signs everywhere that "Please travel with cautiousness for your safety as this area is exposed ground cracks"

Although it is warned with these signs, the resident workers and outsiders from other states/ divisions are still working the lead mining there for their living.

Daw Magret Sein, the Chairperson of Pa Bwar Kalu (Karen) Social Development Women Group explained, "There are about 5 ground-cracked lines at southern part of the village. The worst one is cracked about 8 feet wide, and the length is about 20 feet. The rest cracks lines are long about 30 to 40 feet. In northern part of village, it is about 50 feet cracked below the house, and it is deep about 4 feet to 15 feet."

The geologists have diagnosed there and marked the north and south of Youkaw Kho (Hill-13) as red zone, but they have not marked Ywar Ma Gyi (Hill-13) as red zone yet.

The residents and workers are quite worried on the warning statement.

Daw Lwan Po who lives above Southern Youkaw Kho told her concerns related to current land cracks, "There was landslide on that mount, and now we could not sleep and eat well due to another warning of landslide to this mount. We are like we have to go and check whenever we hear the sound "Glote-Glote" (the noise from mount), and the slope near here is worse. While we have to struggle for our living, we also have to bring our children all times with us. If we unfortunately die, whole family will be gone. It is like if we leave our children at home and something happens, we pretty worry it would not be fine leaving them alone."


The residents said the business groups keep working on the lead mining, operating at the lower part of village, although they requested them to block the lead mining holes as the ground are getting cracked.

"I told them it is not natural disaster. It is their intentionally making self-profit from mining and looking at the situation without caring anything, so this ward become like this." said U Shwe Thein Min, the retired army who have been living in (Hill-13) for 40 years.

It said the residents, lead miners, and companies have been doing lead mining in summer and winter for many years, and some migrate to safe places when it turns to raining season.

Some residents give their opinions and appraisal to the cause of landslide and cracks that it might be the increased numbers of lead mining holes.

"The reason of landslide is because there are 5 lead-mining holes nearby here. I think these lead-mining holes are the main cause. In my opinion, however, they have worked here for 5-6 months. In the past, it might not be problem, but their mining holes are closed to



one another. And I think the landslide hit as they do mine explosion on that closed mining holes." said Daw Thandar Moe, the local woman from Youkaw Kho Village.

The residents say the land cracks occur at the bottom of their houses since the business owners do not block the mining holes although they said they will block the mining holes at lower village.

"They said they will block it. When I, however, asked them to do it, there were also Administrator of Pharsaung Township, and persons in charge from different departments. Related to it, what the company manager said to us is that it is the nature rain caused to natural disaster. I replied them it is not natural disaster and caused because of the holes in the ground. This is their intention caring only about their profits through mining. As consequence, our village becomes like this," said U Shwe Thein Maung, the retired army who have been living in Hill-13 for 40 years.

It said they have reported about the landslide in Mawchi to Amyoetha Hluttaw, and Committee of Natural Resources and Environmental Conservation.

Daw Shar Mu, the representative of Amyotha Hluttaw and committee member of No.5 constituency of Pruhso Township, told a few month ago to Kantarawaddy Times that the committee do not take field inspection anymore because the ministry manages all the required activities and help as the submitted report was reached to ministry first.

Macro Tin-tungsten mining project in Mawchi Region have extended for 5 more years as of last year, and the residents are pretty worried of the natural environment since the Kayah State Mineral Production Company (KMPC) got the extraction license on it.

# Tatmadaw Forces Karenni Villagers to Provide Building Materials For Army Camp

By KANTARAWADDY TIMES

The Burma Army's Battalion 102 forced eight villages in Karenni State's Demoso Township to provide them with wood and bamboo to fix a military camp on Monday, locals told Kantarawaddy Times.

Maj Hla Moe reportedly ordered the headman of Htee Hpoe Kalo village to provide his battalion with enough planks of wood to fill two trucks, which they transported to their nearby camp site.

"They demanded logs and bamboo to fix their army camp… Soldiers came to take all the wood and bamboo," a Htee Hpoe Kalo villager told Kantarawaddy Times.

Other residents of the area said that they felt they had no choice but to provide the military with what they needed, but that they wished these practices would end.

"In this situation, I don't think they should demand [the building materials]. If we didn't give it, the situation would not be good. It's time that they stop demanding [things from us]," another villager in the tract said.

Battalion 102 also confiscated three 14-



foot logs each from the villages of Daw Khu Lee, Hpe Lyar, Htee Thae Kalo and Daw Lyar Khu. They also took bundles of 10-20 stalks of bamboo from Daw Tadah, Daw Byar Ku and Daw Khu Thwe villages.

In total, the amount of materials filled six trucks. No payment was reportedly provided.

The Burma Army and the Karenni National Progressive Party (KNPP) signed a bilateral ceasefire agreement in 2012, in which they agreed not to expand their military camps or increase troop numbers in the area.

The KNPP is still in talks regarding a potential signing of the country's Nationwide Ceasefire Agreement with the government and military.

# Water Donors in High Demand at Eastern Pruhso

Soe Htike Aung

U Shay Peh from Law Ku-ku, Pruhso Township, says they are in demand of water donors as the villagers are encountering water shortage in this early spring although each village from eastern Pruhso Township has groundwater or lake.

"The issues of our water problem are that the groundwater is far from us, and the way to carry water is also difficult; in order to get a basket of water, 5-gallon basket, we have to travel for an hour to get a basket.

In Law Ku-ku, they often encounter the water shortage from January until May for five months.

It says when they faced water problem, they have to carry water from urban area, Pruhso, and Htee Paw Hso lake with vehicle, Tway Lar Gyi. For those who do not have it, they carry with motorcycle daily.

"We have so many problems like health issue or even our careers as we do not have enough water. For instance, we have to give more time on carrying water instead of going to our work for 8 hours. In other words, we get only 5-6 hours to work instead of 8 hours. We have to give more time and prioritize for getting water." said U Day Peh, the village chief of Law Ku-ku.

U Myo Min Htwe, the secretary of Ngwe Taung Pyi Relief Team (Emergency Aid), says they have donated 4,200 gallons of water on last 22nd February to Law Ku-ku Village, encountering water shortage.

He says "We donate both Deemawsoe and Pruhso. For Deemawsoe region, we reached to Daw Hso Pya, Daw Nyay Ku, and Daw Tama Gyi Village."

They are donating mainly to Deemawsoe and Pruhso townships, which are encountering water shortage.

The villagers have to carry water two times per day for family drinking water where it takes about an hour to carry water one time.

Some urban area in Pruhso, and eastern parts of Pruhso such as Kay Lyar village-tract, Mo Hso village-tract, Doe Preh village-tract, Mar Craw Shay village-tract, and Htee Paw Hso village-tract are encountering of water shortage.

According to the data of fiscal budget from 2019-2020 fiscal year, government approved 4850.570 billion kyats for Pruhso, and 5713.132 billion kyats for Deemawsoe in water supply, in case of regional development.

U Teh Reh, the State Hluttaw from Pruhso Township, said, in practice, they have water resource difficulties in order to implement water supply project.

# Villagers Fix Road Out Of Pocket



By Soe Hteik Aung/Kantarawaddy Times

After waiting for years for funds from the state government to fix a stone road badly in need of repair, residents of a village in Karenni State (aka Kayah State) decided to fix it themselves.

MP Thae Reh said the villagers requested the money in 2017. When the government didn't respond, residents of Lawja, located in Hparuso township, paid for all the costs themselves.

"We wanted to cover the road with tar," Te Reh, the village headman, told Kantarawaddy Times.

When they didn't get the money from the government they built a concrete road, he explained.

The road, just over one kilometre, was built in 2010, and over time rain and flooding have caused extensive damage.

Villagers were eager to repair it before celebrating their jubilee year (50th anniversary of being Catholic).

There are eighty households in Lawja. Nearly a member from each house worked tirelessly every day to complete the road ahead of the religious celebrations.

# Local Order Creates Climate of Fear

By Naw Dwe Eh Khu

A local order outlawing meetings or training unless permission is requested from the Kayah State government has caused disquietude among villagers.

Khun Angelo, from the Karenni Myanmar Alliance for Transparency and Accountability (Karenni – MATA), said the ordinance is harmful for the state's image.

"I am not attacking the government. We want to share our knowledge but the state government sees things differently and why it's imposed the local order," Khun Angelo told Kantarawaddy Times.

MATA wants to provide information about EIAs (environmental impact assessments) and IEEs (initial environmental examinations) for mining projects but Angelo said after the local order was imposed villagers are too afraid to attend meetings.

Thae Reh, an MP for Hpruso township constituency-1, told Kantarawaddy Times he wasn't given a clear answer how long the local order will last after asking in a parliamentary meeting last week.

Kayah State Transportation and Electricity minister Khin Maung Phyu said the local order was posted on announcement boards in GAD offices. In addition, leaders announced the mandate by megaphone in their villages.

Since the directive was enacted local leaders don't want meetings or workshops in their communities, according to civil society organizations.

The government introduced the local order after thousands protested against the statue of Gen Aung San, father of State Counsellor Aung San Suu Kyi, in Loikaw, the capital of Kayah State.

During last year's demonstrations police fired rubber bullets and a water cannon at crowds. The courts sentenced Karreni youth to lengthy prison sentences for organizing protests.

Human Rights Watch criticized the police's treatment of demonstrators. Phil Robertson, deputy Asia director for the New York based rights group, said on its website the police attacked "youth activists who were exercising their rights to peaceful protest and free expression."

# A program of fostering to use female name in land registration forms

Soe Htike Aung



It says according to the published book of the Women, Peace and Development Plans (2020–2022) they will foster to have the policy of using female name in land registration in order to encourage the women from Kayah (Karenni) State to participate in development program.

In the plans, it includes they will implement the training of raising awareness on land and natural resources in order to aid farmers' difficulties, and other purpose is to reduce the influence of paternal land registration traditionally where it brings about neglecting women's property rights and productivity.

"If we say concisely about the plan for development or if it becomes real in particular, we will have the law. If it becomes law, in case of the phenomena of law, it would become one of the best laws," Mu Gloria, from Kayan Women Association, suggested related to its program.

When this program book is published, it says the relevant government department and Hluttaw representatives have informed to some of the local women organizations in Kayah State.

In most of the regions in Kayah State, according to its tradition and customs the influence of using male name in land registration brings about the neglecting of using female name in property rights and material productivity.

Therefore there are plans to conduct the conference to ensure women's land rights, recognize the access rights of women, and use women name as well. Besides, there is also a plan to provide especial support to the women within Kayah State who suffered of fleeing from home due to civil war.

It said the government departments such as Information and Public Relations Department (IPRD), General Administration Department, Land Management Committee, and Ministry of Information will implement this program.

As for upcoming partner organizations, they will cooperate together with Spectrum organization and plan to use the budget totally (57,450,000) Kyats for land and natural resources planning for women.

They will mainly carry out the awareness raising activities to public especially for female farmers within Kayah State.

Ma Mee Mee, the person in charge of Karenni Women Organization says they haven't known in detail about the activities when it would start although they have informed local women when they would publish the book.

Although they have tried contacting with the contact address given in the program detail, there is still no reply.


၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလတွင် စတင်ဖြန့်ချိသည်။

# "မြေလွတ်မြေလပ်ဥပဒေတွေ အဲ့တာပြန်ပြင်တာတွေ တွေ့တယ်၊ ဒါပေမဲ့ကောင်းတာဘာတစ်ခုမှ ကျနော်တို့ မတွေ့ဘူး။"

ကန္တာရဝတီတိုင်း(မ်)

လက်ရှိအစိုးရလက်ထက်မှာ လယ်ယာမြေ ဥပဒေနဲ့ပတ်သက်ပြီး ဖက်ဒရယ်စနစ်ကိုသွားဖို့ မဖြစ်နိုင် တဲ့မူဝါဒတွေဖြစ်နေတဲ့အတွက် စစ်တပ်နဲ့ပတ်သက် ဆက်နွယ်နေတဲ့ မြေသိမ်းကိစ္စတွေကို လက်ရှိအစိုးရ အနေနဲ့မကိုင်တွယ်နိုင်သေးဘူးလို့ လယ်ယာမြေအရေး ဆောင်ရွက်နေတဲ့ တစ်ဖွဲ့ဖြစ်တဲ့ Kayah Earthright Action Network က တာဝန်ခံ စောအယ်စေးက ပြောကြားလိုက်ပါတယ်။ စောအယ်စေးကို ကန္တာရဝတီတိုင်း(မ်) က မေးမြန်းထားပါတယ်။

Kayah Earthrights Action Network – KEAN အဖွဲ့ဟာဆိုရင် ကယားပြည်နယ်အခြေစိုက်အဖွဲ့ဖြစ်ပြီး ကယား(ကရင်နီ)ပြည်နယ်ရှိ ဌာနေတိုင်းရင်းသားတွေရဲ့ မြေနှင့်အရင်းအမြစ်ဆိုင်ရာအခွင့်အရေးကာကွယ်စောင့်ရှောက်တာတွေ၊ လူ့အခွင့်အရေးနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာအခွင့်အရေး ချိုးဖောက်တာတွေ စောင့်ကြည့်အစီအရင်ခံတာတွေ ၊ မြေ၊ သစ်တောနှင့် ပိုက်နက်နယ်နိမိတ်တွေ ဖွံ့ဖြိုးတိုးတက်ဖို့တွေ၊ ပြည်နယ် ဖက်ဒရယ်မြေအုပ်ချုပ်စီမံမှု ပြုပြင်ပြောင်းလဲမှုတွေ ဆောင်ရွက်နေတဲ့အဖွဲ့ဖြစ်ပါတယ်။



Kayah Earthright Action Network တာဝန်ခံ စောအယ်စေး

ကန္တာရဝတီတိုင်း(မ်)။ ။ ဆိုတော့ ဆရာတို့ရဲ့ အဓိကလှုပ်ရှားမှုတွေက ဘာတွေဖြစ်မလဲ။

စောအယ်စေး။ ။ ပထမတစ်ချက်ကတော့ ဒေသခံတွေ မြေယာဥပဒေနဲ့ပတ်သက်ပြီး ဒေသခံတွေသိအောင် အမြင်ဖွင့်တာရှိတယ်။ အဲ့လိုလုပ်တာက ဥပဒေကိုလိုက်နာသုံးစွဲသွားဖို့မဟုတ်ဘူး။ ဥပဒေဆိုတာ ဘာတွေဘယ်လိုရှိတယ်ဆိုတာ သူတို့သိအောင် သွားတာရှိတယ်။ နောက်တစ်ခုကျတော့ကျနော်တို့ ဓလေ့ထုံးတမ်း မြေယာစီမံခန့်ခွဲမှုစနစ်အားကောင်းအောင် ကျေးရွာအဆင့်၊ အုပ်စုအဆင့်တွေမှာ လုပ်ဆောင်နေတယ်ဆိုတဲ့ အဆင့်နှစ်ခုနဲ့ အဓိကသွားတယ်၊ နောက်တစ်ခုက တစ်ပြိုင်နက်ထဲမှာ ဖြစ်နေတဲ့ မြေယာသိမ်းမှု ကိစ္စတွေကို အခြားသောအဖွဲ့တွေနဲ့ ပူးပေါင်းပြီး ဝန်းရံတဲ့ကိစ္စတွေရှိပါတယ်။

ကန္တာရဝတီတိုင်း(မ်)။ ။ ဆရာတို့အဖွဲ့အနေနဲ့ ဖက်ဒရယ်သာဖြစ်လာမယ်ဆိုရင် တိုင်းရင်းသားဒေသခံတွေရဲ့ရိုးရာဓလေ့အရမြေယာပိုင်ဆိုင်မှုအားကောင်းဖို့ ဥပဒေရေးဆွဲတာတွေ၊ စာအုပ်ထုတ်တာတွေ လုပ်နေတဲ့အပေါ် လက်ရှိအစိုးရအနေနဲ့ဘယ်လောက်အထိ အသိအမှတ်ပြုလဲ။

စောအယ်စေး။ ။ သူတို့အသိအမှတ်ပြုတာတစ်ခုမှမရှိဘူး၊ ဘာဖြစ်လို့လဲဆိုတော့ သူတို့ရဲ့စိတ်ဝင်စားမှု သူတို့ရဲ့အကျိုးစီးပွားနဲ့ဆန့်ကျင်နေတာဖြစ်တဲ့အတွက် ဒီအပေါ်မှာ အသိအမှတ်ပြုမှုအရမ်းအားနည်းပါတယ်။

ကန္တာရဝတီတိုင်း(မ်)။ ။ ဆရာတို့အဖွဲ့အနေနဲ့ ထုတ်လိုက်တဲ့စာအုပ်တွေကို အစိုးရဆီပေးပို့တာမျိုး ရောရှိလားဗျ။

စောအယ်စေး။ ။ ရှိပါတယ်၊ ကျနော်တို့ ဆိုရှယ်မီဒီယာ ဝက်ဆိုဒ်ကနေပေးပို့တာရှိသလို၊ စာအုပ် Hard Copy သွားပေးတာမျိုးရှိတယ်။

ကန္တာရဝတီတိုင်း(မ်)။ ။ ဆရာတို့အနေနဲ့ဖက်ဒရယ်သာဖြစ်လာမယ်ဆိုရင် ရိုးရာဓလေ့ကိုအခြေခံပြီးအသုံးပြုမဲ့ မြေယာမူဝါဒကိုရေးဆွဲထားတယ်ဆိုတော့ အဓိကအားဖြင့် ဘယ်လိုဟာမျိုးကိုအခြေခံပြီး ရေးတာလဲ။

စောအယ်စေး။ ။ ကျနော်တို့ ကရင်နီ (ကယား) အတိုင်းအတာအရတော့ လူထုကနေအခြေပြုပြီးတော့ အရပ်ဘက်အဖွဲ့အစည်းနဲ့တွဲပြီး ကရင်နီမြေယာမူဝါဒ ရေးဆွဲထားတာရှိတယ်။ အဲ့ဒီအပေါ်မှာ ကျနော်တို့ တောက်လျှောက်သုံးသပ်တာတွေ မွန်းမံတာတွေစမ်းသပ်ကျင့်သုံးတာတွေတောက်လျှောက် လုပ်နေတာ ရှိတယ်၊ အဓိက ကျနော်တို့အခြေခံဗျူဟာက ဘာလဲဆိုတော့ ဒီ စီမံခန့်ခွဲမှုတွေ ပိုင်ဆိုင်မှုတွေ အားလုံးဟာ အောက်ခြေကနေ လာတာဖြစ်တယ်၊ Decision (ဆုံးဖြတ်ချက်) တွေအားလုံးဟာ အောက်ခြေလူထုကနေတက်လာရမဲ့ဟာတွေဖြစ်တယ်၊ နောက်တစ်ခုက ဖက်ဒရယ်ဖြစ်လာရင် ဒါကို လမ်းညွှန်ကျင့်သုံးနိုင်ဖို့ ဘယ်အစိုးရဘဲတက်တက် လူထုရဲ့အသံ၊ လူထုရဲ့ သဘောထားတွေပါတဲ့ ဒီမူဝါဒကို ကျင့်သုံးနိုင်ဖို့ဆိုပြီး ဒါကို အခြေခံ ပြင်ဆင်ထားတယ်ဗျ။

ကန္တာရဝတီတိုင်း(မ်) ။ ။ မြေအသုံးချမှုမူဝါဒ ရေးဆွဲနေတဲ့ ကိစ္စနဲ့ပတ်သက်ပြီး လက်ရှိအစိုးရနဲ့ လက်တွဲဆောင်ရွက်တာမျိုးရှိလား။

စောအယ်စေး။ ။ မရှိပါဘူး၊ ကျနော်တို့ ကဒေသခံရယ် အရပ်ဘက်အဖွဲ့အစည်းရယ် ဒေသခံနိုင်ငံရေးပါတီတွေနဲ့ပူးပေါင်းလုပ်ဆောင်နေတာပါ၊ ပြီးတော့ လက်နက်ကိုင်အဖွဲ့အစည်းခေါင်းဆောင်တွေနဲ့ လည်းတွေ့ဆုံအကြံဥာဏ်တောင်းတာမျိုးရှိပါတယ်။ ဒီမြေယာမူဝါဒနဲ့ပတ်သက်ပြီးလက်ရှိအစိုးရကို တင်ပြပေမဲ့ သူတို့က စိတ်မဝင်စားဘူး၊ ဗဟိုမြေယာမူဝါဒရှိပြီးသား၊ ဒါကိုလက်မခံနိုင်ဘူးဆိုပြီးပြောပါတယ်။

ကန္တာရဝတီတိုင်း(မ်)။ ။ ဒီအစိုးရလက်ထက်မှာ တောင်သူအရေးနဲ့ပတ်သက်ပြီး လယ်ယာမြေဥပဒေကို ပြင်ဆင် ဖြည့်စွက်တာတွေ ဘယ်အတိုင်းအတာအထိ လုပ်နိုင်တယ်လို့မြင်လဲဗျ။

စောအယ်စေး။ ။ ဥပဒေအဟောင်းကို သူတို့ပြန်ပြန်တာလုပ်တယ်၊ နောက်တစ်ခုကျတော့ မြေယာဥပဒေနဲ့ပတ်သက်ပြီး အသစ်ထပ်ထွက်လာတာတွေရှိတယ်၊ ဥပမာ နယ်နမိတ်ပိုင်းခြားသတ်မှတ်ရေးဥပဒေဆိုတာ တောင်သူနဲ့ဆက်စပ်တဲ့ဟာတွေဘဲ။ ဒေသခံတိုင်းရင်းသား၊ ဌာနေတိုင်းရင်းသားနဲ့သက်ဆိုင်တဲ့ဟာတွေဖြစ်တယ်။ နောက်တစ်ခုကျတော့ မြေတိုင်းဥပဒေမူကြမ်းလည်းထပ်ထွက်လာတာရှိတယ်၊ ဒါဟာ အရမ်းဆိုးရွားတဲ့ဟာဖြစ်တယ်။ ဘာဖြစ်လဲဆိုတော့ ဒေသခံတွေဘာမှလုပ်လို့မရအောင်သွားတဲ့ ဥပဒေတစ်ခုဖြစ်တယ်၊ ဒီဖက်ဒရယ်မရောက်ခင်အားလုံးကိုထိန်းချုပ်နိုင်အောင် စနစ်တကျစီမံထားတဲ့ အစီအမံလို့မြင်တယ်၊ နောက်တစ်ခုက ရှိပြီးသား ၂၀၁၂ မြေယာဥပဒေ၊ မြေလွတ်မြေလပ်ဥပဒေတွေ အဲ့တာပြန်ပြင်တာတွေတွေ့တယ်၊ ဒါပေမဲ့ကောင်းတာဘာတစ်ခုမှ ကျနော်တို့မတွေ့ဘူး၊ ပိုပြီးတော့ ဆိုးလာတယ် အဲ့လိုဘဲမြင်တယ်။

ကန္တာရဝတီတိုင်း(မ်)။ ။ ပိုပြီးဆိုးရွားလာတယ်ဆိုတဲ့အခြေအနေဆိုတာ ဘာတွေကိုပြောတာလဲ။

စောအယ်စေး ။ ။ ကျနော်တို့မှာ သက်သေသာဓကတွေအများကြီးရှိတယ်၊ ဥပမာ လက်ရှိ အမျိုးသားမြေယာ အသုံးချမှုမူဝါဒရှိတယ်၊ ဒါပေမဲ့ နောက်ဆက်တွဲထွက်လာမဲ့ ဥပဒေကို အကောင်အထည်ဖော်မှု မရှိသေးဘဲနဲ့ လက်ရှိတည်ဆဲဥပဒေကို တစ်ခုပြီးတစ်ခုလိုက်ပြင်နေတယ်၊ အဲ့တာတွေက တကယ်တော့ လွဲနေတဲ့ Process တွေဘဲဖြစ်တယ်။

**မြေယာမူဝါဒနဲ့ ပတ်သက်ပြီးလက်ရှိအစိုးရကို တင်ပြပေမဲ့ သူတို့ က စိတ်မဝင်စားဘူး၊ ဗဟိုမြေယာ မူဝါဒရှိပြီးသား၊ ဒါကိုလက်မခံနိုင် ဘူးဆိုပြီးပြောပါတယ်။**

ကန္တာရဝတီတိုင်း(မ်)။ ။ မြေကိစ္စနဲ့ပတ်သက်ပြီး ကယားပြည်နယ်မှာ လက်ရှိအချိန်တောင်သူ ၄၁ ယောက်တရားစွဲခံနေရပါတယ်။ အဲ့ဒီအပေါ်မှာရောဘာများပြောချင်လဲ။

စောအယ်စေး။ ။ ဒီကိစ္စမှာကတော့ အဓိက ပါဝင်ပတ်သက်သူကအရမ်းအရေးကြီးပါတယ်၊ ဒီဒေါ်ဆိုရှေးရော ဒေါ်မူကလားရော ဒီကိစ္စတွေမှာ ပါဝင်ပတ်သက်သူက စစ်တပ်ဖြစ်တယ်၊ နောက်တစ်ခုက စစ်တပ်ရဲ့ပါဝင်ပတ်သက်မှုက အရမ်းမြင့်တယ်၊ သူတို့သဘောမတူရင်လက်ရှိဥပဒေအရဘာမှလုပ်လို့မရဘူး၊ ဥပမာ မြေသိမ်းကတည်းက ပုံစံများနေတယ် ဥပဒေနဲ့မညီဘူး နောက်တစ်ခုက အခုကိစ္စမှာလည်း တောင်သူတစ်ယောက်တည်းကို ဖမ်း ဖြစ်အောင်တရားစွဲတယ်၊ အဲ့တာတွေက တခါမှ မကြားဘူးတဲ့ဟာတွေ၊ မဖြစ်သင့်တဲ့ဟာတွေ၊ ဒါပေမဲ့ တောက်လျှောက်ဖြစ်နေတယ်၊ ဒီအပေါ်မှာ အစိုးရအနေနဲ့ဘာမှလုပ်လို့မရဘူး၊ နိုင်ငံတော်အတိုင်ပင်ခံလာတဲ့အချိန်မှာ ကရင်နီအဖွဲ့တွေသွားတွေ့တယ်၊ ဒီအပေါ်မှာ ဦးစားပေးစဥ်းစားပေးမယ်လို့ပြောတယ် ၊ ဒါပေမဲ့ အခုထိဘာမှထူးမလာဘူး။ အခြေနေက အဲ့လိုတွေဖြစ်နေတယ်။

ကန္တာရဝတီတိုင်း(မ်) ။ ။ လယ်ယာမြေအရေး၊ တောင်သူအရေးနဲ့ပတ်သက်ပြီး တောင်သူတွေဘက်က မြေယာပိုင်ဆိုင်မှုနဲ့ပါတ်သက်ပြီး အာမခံချက်ရှိအောင် ဘယ်လိုလမ်းကြောင်းမျိုးနဲ့ဆောင်ရွက်ရင်အကောင်းဆုံးဖြစ်မယ်လို့မြင်လဲ။

စောအယ်စေး – ကျနော်ထင်တယ်၊ ပထမတစ်ချက်က သိမ်းဆည်းထားတဲ့မြေတွေနဲ့ပတ်သက်ပြီး စနစ်တကျပြန်ကိုင်တွယ်ဖို့လိုမယ်၊ နောက်တစ်ခုက ရှိပြီးသားဥပဒေတွေကို အများကြီးပြန်ပြီးဖျက်ရမှာရှိတယ်၊ ဘာဖြစ်လဲဆိုတော့ အခုမြေသိမ်းကိစ္စတွေက ဒီဥပဒေတွေကို နင်းပြီးလာတဲ့ဟာတွေဘဲ၊ ဆိုတော့ ဒီဥပဒေတွေကို ပြန်သုံးသပ်ရမယ်ပြန်ပယ်ဖျက်ရမယ်၊ နောက်တစ်ခုကျတော့ အနာဂါတ်မှာ ဖက်ဒရယ်ဖြစ်လာရှိ ဒီထက်ကောင်းမွန်တဲ့ မြေယာဥပဒေတစ်ခုရှိဖို့လိုမယ်၊ ကျနော်အဲ့လိုဘဲမြင်တယ်။

သတင်းများ၊ ဆောင်းပါးများ၊ ကဗျာများ၊
ကာတွန်းများ၊ ဇာတ်များ ပေးပို့လိုပါက
ဆက်သွယ်ရန်၊ ဖုန်း – ၀၈၃၄၀၁၃၄၁
– ၀၉၇၈၉၇၉၂၆၈၉

# NLD ၏ ရွေးကောက်ပွဲ ကြေငြာစာတမ်းနှင့် မျှော်လင့်ခံ တောင်သူများ

ဘခက် [ငွေတောင်ပြည်] ရေးသားသည်

၂၀၁၅ ရွေးကောက်ပွဲ မတိုင်ခင် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်က ၂၀၁၅ရွေးကောက်ပွဲဆိုင်ရာကြေငြာစာတမ်းကို ထုတ်ပြန်ခဲ့ပါတယ်။ အဲ့ဒီကြေငြာစာတမ်းမှာ ကဏ္ဍကြီးလေးရပ်နှင့် အထွေထွေကဏ္ဍ ၁၃ရပ်ပါဝင်ပါတယ်။ အထွေထွေကဏ္ဍ ၁၃ ရပ်မှာ တောင်သူလယ်သမား ကဏ္ဍလည်း အပါအဝင် ဖြစ်ပါတယ်။ တောင်သူလယ်သမား ကဏ္ဍနဲ့ပတ်သက်တဲ့ အချက်တွေထဲမှာ တစ်ချို့အချက်တွေကို ထုတ်နှုတ်ဖော်ပြရမယ်ဆိုရင် တောင်သူတွေရဲ့ လယ်မြေတွေကို ဥပဒေနှင့် အညီ ပိုင်ဆိုင်ခွင့်၊ လွဲပြောင်းခွင့်ရှိစေရမည်။

တောင်သူတွေရဲ့ လယ်ယာမြေတွေ ဥပဒေမဲ့ ဆုံးရှုံးသွားတာတွေပြန်လည်ရရှိရေး၊ လျော်ကြေးနစ်နာကြေးပြန်လည်ရရှိရေးကို ဥပဒေနှင့်အညီ ဆောင်ရွက်မည်။ ဥပဒေနှင့်ညီညွတ်မှုမရှိတဲ့ လယ်ယာမြေသိမ်းဆည်းမှုတွေကိုကာကွယ်ပေးမည်။ ခေတ်ကာလနှင့် လျော်ညီမှုမရှိသည့်လယ်ယာမြေ ဥပဒေ များကို ပြင်ဆင်ပြဋ္ဌာန်းမည် စတဲ့အချက်တွေပါဝင်ပါတယ်။

ဒီအချက်တွေဟာ တောင်သူတွေအတွက် အရေးကြီးဆုံးအချက်တွေဖြစ်သလို မဖြစ်မနေ အကောင်အထည် ဖော်ရမည့် အချက်တွေဖြစ်ပါတယ်။ ဒါပေမဲ့ NLD အနေနဲ့အစိုးရဖွဲ့ချိန်ကစပြီး အခုသက်တမ်းကုန်တော့မဲ့အချိန်အထိ, ထိရောက်တဲ့ ပြုပြင်ပြောင်းလဲမှုတွေမလုပ်နိုင်သေးဘူးလို့သဘာဝပတ်ဝန်းကျင်အရေးဆောင်ရွက်နေတဲ့ ကယားနယ်အခြေစိုက် Kayah Earthright Action Netowrk ရဲ့တာဝန်ခံ စောအယ်စေးကပြောပါတယ်။

"ဒီအစိုးရသစ်လက်ထက်မှာ သိသာထင်ရှားတဲ့ပြောင်းလဲမှုမရှိသေးဘူး၊ သူတို့ဘာမှမလုပ်နိုင်ဘူး၊ ဥပမာ NLD ရွေးကောက်ပွဲ ကြေငြာစာတမ်းမှာပါတယ် တောင်သူတွေအတွက်၊ ဒါပေမဲ့သူအကောင်အထည်မဖော်နိုင်ဘူး၊ နောက်တစ်ခုက ဒီအစိုးရလက်ထက်မှာဘဲ လယ်ယာမြေနဲ့အခြားမြေများစီစစ်ရေးကော်မတီဆိုပြီးထပ်ဖွဲ့တယ်၊ ဒါပေမဲ့ အဲ့ဒီကော်မတီကလည်းဘာမှမလုပ်နိုင်ဘူး၊ သူ့ဟာမြေတောင်မှ သိမ်းဆည်းမြေနဲ့ပတ်သက်တဲ့မူဝါဒရှိတယ်၊ စွန့်လွှတ်မြေနဲ့ပတ်သက်တဲ့ မူဝါဒရှိတယ်၊ နောက်ပြီတပ်သိမ်းမြေဆိုတဲ့မူဝါဒသီးသန့်ထပ်ရှိသေးတယ်၊ အဲ့တာကသူတို့လုံးဝထိလို့ မရဘူး" လို့ပြောပါတယ်။

ဇန်နဝါရီလ (၁၅) ရက်နေ့မှာကျရောက်ခဲ့တဲ့ ၅၈ နှစ်မြောက် ကယားပြည်နယ်နေ့ အခမ်းအနားကို တက် ရောက်ခဲ့တဲ့ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်ဟာ အခမ်းအနားအပြီးမှာ ဒေသခံကရင်နီလူငယ်နဲ့ပြည်နယ်ညှော့ရိပ်သာမှာ တွေ့ဆုံမှုတစ်ရပ်ပြုလုပ်ခဲ့ပါတယ်။

အဲ့ဒီတွေ့ဆုံမှုမှာ လူငယ်တွေဘက်ကကယားပြည်နယ်မှာ လက်ရှိဖြစ်ပေါ်နေတဲ့ စစ်တပ်ကတရားစွဲထားတဲ့ တောင်သူ ၄၀ကျော် အရေးကိုတင်ပြခဲ့ပြီး အတိုင်ပင်ခံပုဂ္ဂိုလ် ဘက်ကဖြေရှင်းပေးဖို့ ဆိုင်ရာပုဂ္ဂိုလ်တွေကို တာဝန်ပေး အပ်ခဲ့ပါတယ်။

ဒီအတွက်သူတို့ဘက်က တစ်စုံတစ်ရာ မျှော်လင့်ချက် ထားနေပေမယ့် လက်ရှိအချိန်အထိ အခြေအနေထူးခြားမှုမရှိသေးဘူးလို့ ကရင်နီပြည်တောင်သူလယ်သမား သမဂ္ဂဥက္ကဋ္ဌ ခူးတူရယ်က ပြောပါတယ်။

"ကျနော်တို့ကတော့ နိုင်ငံတော်အတိုင်ပင်ခံက အဲ့လိုပြောသွားတဲ့အပေါ် မျှော်လင့်ချက်ထားတာပေါ့လေ၊ ဒါပေမဲ့ အခုချိန်ထိတော့ အခြေအနေမထူးသေးဘူး" လို့ပြောပါတယ်။

NLDအစိုးရလက်ထက်မှာတောင်သူတွေအနေနဲ့ သိမ်းဆည်းမြေတွေပြန်လည်ရရှိပြီး စိုက်ပျိုးရေးလုပ်ငန်းကို အေးအေးလူလူလုပ်ကိုင်နိုင်မယ်လို့တောင်သူတွေက မျှော်လင့်ချက်ထားပြီး NLD ပါတီကိုပံ့အောမဲပေးခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် လက်တွေ့ အနေအထားမှာတော့ တောင်သူတွေအနေနဲ့ မြေသိမ်းဆည်းခံထားရတဲ့အပြင် တရားစွဲတာတွေကိုလည်း တွေ့ကြုံခံစားနေရတာပါ။

တရားစွဲခံနေရတဲ့တောင်သူတွေအနေနဲ့ အခက်အခဲတွေနဲ့ရင်ဆိုင်နေရပြီး လက်ရှိအစိုးရအနေနဲ့တောင်သူတွေရဲ့ပြဿနာကိုဖြေရှင်းစေချင်တယ်လို့ ဒီမောဆိုမြို့နယ်ဒေါ်ဆိုရှေးရွာက တရားစွဲဆိုခံထားရတဲ့ တောင်သူတစ်ဦးဖြစ်သူ ကိုပကူးကပြောပါတယ်။

"ကျနော်တို့ အခုလိုတရားစွဲခံထားရတော့ တော်တော် ဒုက္ခရောက်တယ်၊ ရုံးချိန်း ခဏခဏသွားနေရတော့ စက် (ထော်လာဂျီ) ဆီဖိုးလည်းမတတ် နိုင်တော့ဘူး၊ အဲ့တာ ရွာသားတွေဆီက နည်းနည်းစီစုပြီးတော့ဘဲ သွားနေရတယ်၊ အစိုးရကို ပြောချင်တာက ကျနော်တို့ အခုတရားစွဲခံနေရတာကို ရပ်သွားအောင် လုပ်ပေးစေချင်တယ်ပေါ့" လို့ပြောပါတယ်။

ပြည်နယ်အစိုးရအနေနဲ့တောင်သူတွေတရားစွဲခံနေရတဲ့အပေါ် ဝင်ရောက်ကူညီတာမျိုးမရှိသလို စစ်တပ်နဲ့သက်ဆိုင်နေတဲ့အမှုဖြစ်တာကြောင့်လည်းကိုင်တွယ်လို့မရဘူးဆိုတဲ့အကြောင်းပြချက်ကိုသာပေးနေတာလည်းဖြစ်ပါတယ်။ လက်ရှိအချိန်မှာတော့ နိုင်ငံတော်အတိုင်ပင်ခံကိုယ်တိုင်က တောင်သူတွေတရားစွဲခံနေရတဲ့ကိစ္စကိုဖြေရှင်းပေးဖို့ကိုယ်တိုင်ညွှန်ကြားထားတယ်ဆိုတဲ့အပေါ်မှာဘဲ တောင်သူတွေအနေနဲ့ သူတို့ရဲ့လွတ်မြောက်ရေးမျှော်လင့်ချက်ကို ထားရှိနေရတာပါ။

အတိုင်ပင်ခံရဲ့ညွှန်ကြားချက်ဟာ လက်ရှိအချိန်ထိ ထူးခြားမှုမရှိသေးပေမဲ့ တောင်သူတွေ အနေနဲ့မျှော်လင့်ချက်ထားရှိနေတုန်းဖြစ်ပြီး တောင်သူတွေလွတ်မြောက်ရေးအတွက် တကယ်အလုပ်ဖြစ်မဖြစ်နဲ့ တောင်သူအရေးနဲ့ ပတ်သက်ပြီး NLD ရဲ့ ၂၀၁၅ ရွေးကောက်ပွဲ ကြေငြာစာတမ်းပါအချက်တွေကို ဒီမိုကရေစီအစိုးရတစ်ရပ်အနေနဲ့ တာဝန်ယူမှုတာဝန်ခံမှုရှိရှိနဲ့အကောင်အထည်ဖော်သွားမလားဆိုတာကိုတော့ စောင့်ကြည့်ရဦးမှာဖြစ်ကြောင်းပါ။

# အာဏာရှင်တွေရဲ့လူ့ အခွင့်အရေးချိုးဖောက်နေမှု

ကန္တာရဝတီတိုင်း[မ်]

အမျိုးသားဒီမိုကရေစီအစိုးရလက်ထက်မှာ အခုလိုတောင်သူတွေတရားစွဲဆိုခံနေရခြင်းကလူ့အခွင့်အရေး ချိုးဖောက်မှုတွေ ယခင်အစိုးရထက် ပိုခံနေရတယ်လို့ အရပ်ဖက်အဖွဲ့အစည်းတွေက ဝေဖန် သုံးသပ်ပြောဆိုထား ကြပါတယ်။

အစိုးရစစ်တပ်ကနေ လွိုင်ကော်မြို့နယ်၊ဒီးမော့ဆိုမြို့နယ်ထဲက တောင်သူတွေကို မြေယာကျူးကျော်မှုစတဲ့ပုဒ်မတွေတပ်ပြီး တရားဥပဒေနဲ့ တရားစွဲဆိုထားတာဟာ လူ့အခွင့်အရေးချိုးဖောက်နေခြင်းပဲ ဖြစ်တယ်လို့ ကရင်နီအမျိုးသမီး အစည်းအရုံး (KNWO) မှ အတွင်းရေးမှူး – ၂ မော်ဖရေးမြာက အခုလို ပြောပါတယ်။

"အာဏာပိုင်တွေကနေကျူးလွန်တဲ့ အမှုတွေဆိုရင်တရားဥပဒေ လမ်းကြောင်းသွားပေမဲ့လည်း တရားမျှတမှု လုပ်ယူတဲ့နေရာမှာ အရမ်းခက်ခဲတာမျိုးတွေ၊ နောက်ပြီးတော့ အခုဆိုရင် ငွေများတရားနိုင်ဆိုတဲ့ခေတ်ရှိနေသေးတယ်။ ပြောရမယ်ဆိုရင် လူ့အခွင့်အရေးနဲ့ပတ်သက်ပြီးတော့ ကျမတို့ ကယားပြည်နယ်မှာ အခုထိချိုးဖောက်မှုတွေရှိနေသေးတယ် " လို့ မော်ဖရေးမြာက ပြောပါတယ်။

ကယားပြည်နယ်အတွင်း တောင်သူ ၄၁ ဦး တရားစွဲဆိုခံရပြီး ၁၂ ဦးမှာ အာမခံမရပဲ အချုပ်ကျခံနေရတဲ့ ဖြစ်ရပ်က အခြေခံ အခွင့်အရေးလွန်စွာချိုးဖောက်ခံနေရတာလို့ အရပ်ဖက်အဖွဲ့အစည်းတွေက ဝေဖန်သုံးသပ်ပြောဆိုထားကြပါတယ်။

၂၀၁၀ရွေးကောက်ပွဲအပြီးတက်လာတဲ့အစိုးရလက်ထက်မှာတောင်သူတွေကိုတရားစွဲထောင်ချတာတွေ လူငယ်တွေ ထောင်ချတာတွေ မရှိခဲ့ဘဲ ယခု ၂၀၁၅ ရွေးကောက်ပွဲအပြီးတက်လာတဲ့ အစိုးရလက်ထက်မှာ အခုလို တွေ့နေရတာတွေက လူ့အခွင့်အရေးကို ပိုချိုးဖောက်နေတာဖြစ်တယ်လို့ ဆိုပါတယ်။

ဒါ့အပြင် အမျိုးသမီးအဖွဲ့အစည်းတွေ အရပ်ဖက်အဖွဲ့အစည်းတွေမှာ ပြုလုပ်တဲ့ ဆွေးနွေးပွဲတွေ စကားဝိုင်းတွေကို အာဏာပိုင်တွေက လိုက်လံပိတ်ပင်တားဆီးနေတာကလည်း အခွင့်အရေးချိုးဖောက်နေတာဖြစ်တယ်လို့ ဆိုပါတယ်။

ပြည်နယ်အစိုးရ သတ်မှတ်ထားတဲ့ ဒေသန္တရအမိန့်ထုတ်ပြန်ထားခြင်းက ကယား(ကရင်နီ)ပြည်နယ်ကျဆုံးအောင် ပြုလုပ်နေခြင်းဖြစ်တယ်လို့ Karenni MATA အဖွဲ့မှ တာဝန်ခံဖြစ်တဲ့ ခွန်းအန်းဂျလိုက ပြောပါတယ်။

ခွန်းအန်းဂျလိုက "အစိုးရကို တိုက်ခိုက်ဖို့ အမြင် ဖွင့်တာမဟုတ်ဘူး။ လူထုတွေ သိထိုက်သိအပ်တဲ့အရာတွေ ကျတော်တို့က အမြင်ဖွင့်ပေးတယ် လိုက်ပြီး ဆော်သြပေးတာကို သူတို့က အဆိုးမြင်ဝါဒနဲ့ ဒေသန္တရအမိန့်ထုတ်ပြန်တာက ပြည်နယ်ကျဆုံးအောင်လုပ်တာပဲ ကျတော်တို့မြင်တယ်" လို့ ပြောဆိုထားပါတယ်။

ကယားပြည်နယ်အစိုးရအဖွဲ့အနေနဲ့ ပြည်နယ်အတွင်း ဒေသန္တရအမိန့် ထုတ်ပြန်ခြင်းနဲ့ စပ်လျဉ်းပြီး ဖြေလျှော့ပေးဖို့ လွှတ်တော်မှာ မေးမြန်းခဲ့တယ်လို့ ဖရူဆိုမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) မှ လွှတ်တော်ကိုယ်စားလှယ် ဦးသဲရယ်က ပြောပါတယ်။

"ကျတော်လိုချင်တဲ့အဖြေလည်းမဟုတ်ဘူးပေါ့နော။ဆိုတော့ ဒီဒေသန္တရအမိန့်နဲ့ပတ်သက်ပြီးတော့မှ အစိုးရက ဒီလိုကိစ္စတွေမှာဖြေလျှော့ပေးဖို့နောက်နောင် ဒီလိုကိစ္စမျိုးဖြစ်လာခဲ့ရင်လည်း ပြန်စဉ်းစားပေးဖို့ဆိုတဲ့ အနေအထားမျိုးလည်း ကျတော်မတွေ့ရဘူးပေါ့" လို့ ဦးသဲရယ်က ကန္တရဝတီတိုင်းမ်ကို ပြောပါတယ်။

ဖေဖော်ဝါရီလ ၁၄ရက်နေ့မှာ ကျင်းပခဲ့တဲ့ ဒုတိယအကြိမ် ကယားပြည်နယ်လွှတ်တော် (၁၆) ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယရက်မှာ ကြယ်ပွင့်ပြမေးခွန်းအဖြစ် မေးမြန်းသွားတာဖြစ်ပါတယ်။

၎င်းကိစ္စရပ်တွေနဲ့ပတ်သက်လို့ လမ်းပန်းဆက်သွယ်ရေးနှင့်လျှပ်စစ်ဝန်ကြီး ဦးခင်မောင်ဖြူက မြို့နယ်အုပ်ချုပ်ရေးမှူးရုံးမှ ထုတ်ပြန်ထားတဲ့ ဒေသန္တရအမိန့်တွေ သတ်မှတ်စည်းကမ်းချက်တွေကိုအများပြည်သူသိရှိစေနိုင်ဖို့ သက်ဆိုင်တဲ့အုပ်ချုပ်ရေးမှူးရုံးတွေရဲ့ ကြော်ငြာသင်ပုန်းတွေမှာ ကပ်ထားပြီး အသိပေးထားတယ်လို့ ပြန်ဖြေကြားသွားခဲ့ပါတယ်။

ပြည်နယ်အတွင်းမှာ ပြီးခဲ့တဲ့၂၀၁၉ခုနှစ်အတွင်း ဗိုလ်ချုပ်ကြေးရုပ်ထုကိစ္စနဲ့ပတ်သက်ပြီး ကရင်နီလူထုမှ ကန့်ကွက်ဆန္ဒထုတ်ဖော်ခဲ့ပြီးနောက် ပြည်နယ်အစိုးရမှ ကန့်သတ်ဇရိယာနယ်မြေ စတဲ့ ဒေသန္တရအမိန့်တွေ ထုတ်ပြန်လာခဲ့သလို ကျေးရွာအတွင်းမှာလည်း ခွင့်ပြုချက်မရှိဘဲ အစည်းအဝေး၊ ဆွေးနွေးပွဲ စတာတွေကို ခွင့်ပြုမိန့်ရမှာသာလျှင် ပြုလုပ်ရမယ်လို့ ထုတ်ပြန်ခဲ့တာဖြစ်ပါတယ်။

အခုလို လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်တွေ စုရုံးခွင့်တွေစတဲ့ အခွင့်အရေးတွေကို အာဏာရှိတဲ့ အစုအဖွဲ့တွေက အများဆုံး ချိုးဖောက်နေတာ ဖြစ်တယ်လို့ ကရင်နီလူ့အခွင့်အရေးအဖွဲ့မှ ဒါရိုက်တာ ဦးဗညားက ပြောပါတယ်။

"အာဏာပိုင်တွေ အာဏာရှိသော အစုအဖွဲ့တွေက ကျတော်တို့အပေါ်မှာ အများဆုံး ချိုးဖောက်တယ်။" လို့ ဦးဗညားက ပြောပါတယ်။

ကာတွန်းကဏ္ဍ






၂၀၁၃ ခုနှစ်၊ ဇန္နဝါရီလတွင် စတင်ဖြန့်ချိသည်။

# ၂၀၂၀ရွေးကောက်ပွဲအတွက် ဘောလခဲမြို့နယ်က ဒေသခံတွေရဲ့ မျှော်လင့်ချက်



ဦးခင်မောင်ညွန့် – ဟော်ခမ်းကျေးရွာ (ဘောလခဲမြို့ နယ်)

အရင်တုန်းကတော့ အတွေ့ အကြုံလည်း မရှိသေးဘူး။ ကျတော်တို့ ၂၀၁၅ နောက်ပိုင်းမှ ကျတော် တို့ NGO အဖွဲ့အစည်းတွေလာမှ နည်းပညာတွေ ဖြန့်ဖြူးမှုဝေတဲ့အခါမှ ကျတော်တို့ ဒီ မဲထည့်တဲ့ နေရာမှာ တိကျမှန်ကန်တဲ့ လူထုအတွက် မျက်နှာမူနိုင်တဲ့ လူမျိုးကို မထည့်မိခဲ့တာတော့ အမှန်ပဲပေါ့နော။ ရလာမဲ့ ကိုယ်စားလှယ်ကတော့ ကျတော်တို့ ပြည်သူကို မျက်နှာမူတဲ့ ကိုယ်စားလှယ်၊ ပုဂ္ဂိုလ်ပဲ ကျတော်မြင် လိုတာပေါ့။



ဦးခင်မောင်ဖြူ – ကယားပိုင်းရပ်ကွက် (ဘောလခဲမြို့ နယ်)

၂၀၂၀ မှာကတော့ ဘယ်သူဖြစ်ဖြစ်ပေါ့လေ။ ရွေးချယ်ခံရတဲ့ ပုဂ္ဂိုလ်မှန်သမျှ အားလုံးကတော့ဒီမှာ အုပ်ချုပ်သွားရမှာပဲလေနော။ ဆိုတော့ ဒီအခုလက်ရှိရှိတဲ့ ပုဂ္ဂိုလ်တွေထက် ပိုပြီးတော့ကောင်းပါစေ။ ပိုပြီးတော့ လူထုနဲ့များများတွေ့ဆုံပြီးတော့ ရပ်ရွာ တိုးတက်အောင် လုပ်ပေးနိုင်ပါစေ။ ကျတော့်အမြင်ပေါ့နော အခုလက်ရှိ ရှိတဲ့ လွှတ်တော် ကိုယ်စားလှယ်နဲ့ နောက်တက်လာမဲ့ လွှတ်တော် ကိုယ်စားလှယ်နဲ့ ဒီအတိုင်းမဖြစ်အောင်ပေါ့နော။ အခုလက်ရှိထက် ပိုပြီးတော့ ကောင်းအောင် ဆောင်ရွက်နိုင်ပါစေလို့ ကျတော်က ဆန္ဒပြုပါတယ်။




ဦးဖရေရယ် – ရှမ်းပိုင်းစုစည်းရပ်ကွက် (ဘောလခဲမြို့ နယ်)

လူထုတွေ ဘာတွေ လိုအပ်လဲဆိုတာကို ကြည့်ပြီး ဆောင်ရွက်ပေးမယ်၊ ပြည်သူတွေ တင်ပြချက်တွေကို နားထောင်မဲ့သူဆိုရင် ဘယ်သူမဆို အဆင်ပြေတယ်လေ။



ဦးမိုးအောင် – ဘောလခဲမြို့သစ် အရှေ့ဘက်ကမ်း

အခုလာမဲ့ ၂၀၂၀ မှာ ရွေးကောက်မဲ့ လွှတ်တော်တွေမှာ ဝင်ရောက်ယှဉ်ပြိုင်မယ်ဆိုရင်တော့ သူတို့ ပြည်သူတွေကို ပြန်ပြီးတော့ ကြည့်ရမယ်။ သူ့ရဲ့ လုပ်ဆောင်ချက်က ပြည်သူကို ဦးစားပေးရမယ်။ ပြီးရင် ဒေသခံတွေကို ဦးစားပေးရမယ်။ နယ်ခံတွေကို ဦးစားပေး ရမယ်ပေါ့နော။ လုပ်ငန်းတွေ စလုပ်မယ်ဆိုရင်သူတို့လည်းပြည်သူတွေနဲ့ တိုင်ပင်၊ရပ်ကွက်ကျေးရွာတွေနဲ့ တိုင်ပင်ပေါ့နော။ အထူးသဖြင့် ကျေးရွာမှာ ကျမဲ့ လုပ်ငန်းတွေဆိုရင်လည်း ရွာသူ၊ ရွာသားတွေနဲ့ တိုင်ပင်ဖို့ လိုတာပေါ့။ မြို့မှာကျမယ် ဆိုရင်လည်း မြို့မှာတိုင်ပင်ဖို့လိုတာပေါ့နော။ သူတို့ အဲ့လိုမျိုးလုပ်ဆောင်မယ်ဆိုရင် ပိုပြီးတော့ အဆင်ပြေတယ်ပေါ့နော။



ဦးဇော်ဇော်ဦး –ရှမ်းပိုင်းရပ်ကွက် (ဘောလခဲမြို့ နယ်)

အမတ်လောင်းတွေ လာတယ်ပေါ့နော အခုတော့ အမည်စာရင်း မထွက်သေးဘူး။ ကျတော်ကတော့ ဘယ်ပါတီဆိုပြီးတော့။ အဲ့ဒီလာတဲ့ အမတ်လောင်းတွေကို ကျတော်တို့က ရွေးချယ်ပုံရှိတယ်။ ကျတော်ကတော့ ဘာကူညီရမလဲ မေးတဲ့လူနဲ့၊ ခများတို့မှာ ဘာလိုအပ်လို့ ကျတော်ကတော့ ဒါကူညီတယ်။

အဲ့လိုပြောတဲ့လူ နှစ်ခုကို ကျတော်တို့က အရင်ပြောတဲ့လူ အရင်ကမ်းလှမ်းတဲ့လူကို ကျတော်တို့က ဦးစားပေးတယ်။ အရင်ကမ်းလှမ်းတဲ့လူကမှ လူချင်းတူနေရင် ရေရှည် ကျတော်တို့ လိုအပ်ချက်ကို ထိန်းသိမ်းပြီးတော့မှ ပံ့ပိုးပေးတဲ့လူနဲ့ အခုမှ ထိန်းသိမ်းပံ့ပိုးပေးတဲ့လူ အဲ့လိုဆိုရင် အရင်ရေရှည်လူကို ကျတော်တို့ ဦးစားပေးတယ်။ ဝေးတာတွေ၊ နီးတာတွေ မစဉ်းစားဘူး။ ရာထူး ကြီးတာ၊ ငယ်တာ မစဉ်းစားဘူး။ လူထုကို အမြဲတစဉ်ကြည့်တဲ့လူ၊ ကျောသား၊ ရင်သား မခွဲခြားတဲ့လူ အဲ့ဒီလူကိုပဲ ဦးစားပေးတယ်။



ဦးနိုင်ဇော် – ရှမ်းပိုင်းကွက်သစ် (ဘောလခဲမြို့ နယ်)

ကျတော်တို့ကတော့ ပြည်သူချစ်တဲ့လူ၊ လေးစားတဲ့လူ၊ ပြည်သူအပေါ် အလုပ်အကျွေး ပြုတဲ့လူကိုတော့ ကျတော်တို့က ရွေးပြီးတော့ပေးမှာပဲ။ ကျတော်တို့က အဲ့လိုတော့ စိတ်ကူးထားပါတယ်။

# ကယန်းမျိုးနွယ်စုတွေ အများစု နေထိုင်ကြတဲ့ ဒီးမော့ဆိုမြို့နယ် အနောက်ဘက်ခြမ်းဒေသဘက်မှာ လက်ရှိ ဒေသခံတွေ ဘာအခက်အခဲတွေ ကြုံတွေ့နေရလဲ



ဦးပီယာ ( ဇီးဖြူကုန်းကျေးရွာ )

ဒီမြေယာကိစ္စနဲ့ပြသာနာ ကြုံတွေ့နေရတယ် ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ ဇီးဖြူကုန်း ကျေးရွာဟာ သုံးပွင့်ဆိုင်ဆုံနေ တဲ့နေရာဖြစ်နေတယ်။

ပဆေးလာ၊ ဒေါတဝီ ကယားတွေ ပိုင်တဲ့နယ်မြေတွေနဲ့ဆုံနေတယ်။ သူတို့ရဲ့ ဘိုးဘွားပိုင်နယ်မြေနဲ့ ဆုံနေတဲ့အတွက်ကြောင့် ကျွန်တော်တို့အိမ်ခြံဝန်းက လွဲလို့ ဘယ်နေရာမှ လုပ်ကိုင်စားသောက်လို့မရဘူးစတဲ့အခက်အခဲ တွေကြုံတွေရတယ်။

ဘာကြောင့်လဲဆိုရင် နိုင်ငံတော်အစိုးရက မြေယာဥပဒေတွေ မြေလွတ်မြေရိုင်းဥပဒေတွေ ထုတ်ပြန် ထားတဲ့အတွေက်ကြောင့် ကျွန်တော်တို့တောင်သူလယ်သမားတွေ အချင်းချင်းရန်တိုက်ပေးသလိုဖြစ်နေတယ်။ ဒါကြောင့် ကျွန်တော်တို့ စီးပွားရေး၊စိုက်ပျိုးရေး၊ စားဝတ်နေရေးအတွက် အခက်အခဲဖြစ်နေရတယ်။



အယ်ဒီးနာ ( လယ်ကုန်း)

ကျွန်မတို့ မြလဲအုပ်စုမှာ အမျိုးသမီးတွေက ကျန်းမာရေး စောင့်ရှောက်မှုအခွင့်အရေးနည်းတယ်။ ကျွန်မတို့က လွိုင်နန်းဖမှာရှိတဲ့ ကလလတ ကလာဖွင့်ပေးတဲ့ ဆေးခန်းကိုပဲ မှီခိုတယ်။

ကလလတ ဆေးခန်းတစ်လုံးရှိတယ်။ မြို့နယ်ကနေပေးလာတဲ့ ဆေးခန်းမြလဲအုပ်စုဟန်တောခူရွာဟောင်းဟာဆိုရင် ကျွန်မ တို့လက်လှမ်းမမှီဘူး။

ဟန်တောခူရွာဟောင်းဆိုရင် အဝေးဆုံးပဲ လမ်းလဲမကောင်းဘူး။ တစ်ခုခုဖြစ်မယ်ဆိုရင် ရွာဟောင်းအရင်ပြန်ရတယ် နောက်မှဆေးခန်းသွားရတယ်။

အထူးသဖြင့် ပြောချင်တာက မိုးရာသီမှာဆိုရင် လမ်းပန်းဆက်သွယ်ရေး မကောင်းလို့ ကိုယ်ဝန်ဆောင်မိခင်အတွက်ပြသာနာအများဆုံးတွေ့ရတယ်။ တစ်ခုခု လိုအပ်မယ်ဆိုရင်တောင်ရောဂါအတွက်ဆေးမရှိဘူး။ နန်းမယ်ခုံထိ၊ လွိုင်ကော်ထိသွားရမယ်ဆိုတာလောက်ပဲ ညွှန်ကြားပေးတာပဲရှိတယ်။ တစ်ချို့ ကိုယ်ဝန်ဆောင်တွေဆို မွေးခါနီးမှ ဒုက္ခတွေတွေ့ကြုံနေရတဲ့ လူတွေလည်းရှိတယ်။



ဒေါ်ရီဖေားထူး/ မြလဲကျေးရွာ

အခုကျမ မတို့ရွာမှာအဓိက ရေနဲ့ မီး အခက်အခဲဖြစ်နေတယ်။ မီးဆိုရင် ၃ပုံမှာ၂ပုံလောက်ရတယ် ကျန်တစ်ပုံကတော့ အခက်အခဲရှိတယ်။ လမ်းပန်းဆက်သွယ်ရေးတွေလည်း အများကြီး အခက်အခဲရှိနေသေးတယ်။ အမျိုးသမီးနှင့်ငြိမ်းချမ်းရေးဆိုတာ ကျမ တစ်ယောက်ချင်းစီနှင့်ဆိုင်တယ်။ ကျွန်မတို့ အမျိုးသမီးတွေဖက်မှာလည်း ဖွံ့ဖြိုးတိုးတက်ဖို့လိုတယ်။



နော်မာရီး/ ပစေးလာကျေးရွာ (ဝါဘန်းပလိုအုပ်စု)

ကျမတို့အမျိုးသမီးတွေက အိမ်တွင်းမှာပဲ အလုပ်လုပ်ရတယ်။ ခြံပေါက်တယ်၊ တောင်ယာလုပ်တယ်၊ ချက်ပြုတ်ရတယ်။ ရာသီဥတုမကောင်းတော့ ကျမတို့အလုပ် အဆင်မပြေဘူး ဒါကြောင့် ကလေးတွေအတွက် မိသားစုတွေအတွက် အခက်အခဲရှိတယ်။ ကိုယ့်အမျိုးသားတစ်ယောက်ထဲရဲ့ လုပ်စာက မိသားစုအတွက် မလုံလောက်ဘူး။



ဒေါ်မြအေး ( စမီးစလားကျေးရွာ )

ကျွန်မတို့ရွာမှာ ရွာအလယ်လမ်းမှာ အခက်အခဲရှိတယ်။ မြေနီလမ်းဖြစ်တဲ့အတွက်ကြောင့် မိုးရာသီဆိုရင် ကလေးတွေကျောင်းသွားတဲ့နေရာမှာ အခက်အခဲဖြစ်တယ်။ ကျောင်းက ၂ မိုင်ဝေးတယ် အလယ်တန်းကျောင်းကို လေးမိုင်မြေနီဖက်မှာ သွားတက်ရတယ်။

ရွာမှာဆေးခန်းတွေလည်းမရှိဘူး ဒါပေမဲ့ ဆေးဆရာမတွေ တစ်လတစ်ကြိမ်တော့ ဆေးတွေလာပေးတယ်။ တစ်ချို့တွေက Bပိုး C ပိုးရှိတယ်ဆေးထိုးမယ်ဆိုရင် ၁သိန်းကျော်လောက်ကုန်တယ်။ မိဘတွေက ပိုက်ဆံမရှိကြဘူး မထိုးလည်းမရဘူး။ ကျွန်မတို့ရွာကတစ်ယောက်ဆိုရင် ဆေးရုံမှာကလေးသွားမွေးတာ ဆေးထိုးရမယ် ဆရာမကပြောတော့ ပိုက်ဆံမရှိလို့ကလေးအဖေနဲ့ဆေးရုံကဆရာမတွေ စကားများကြတယ်။ ပိုက်ဆံမရှိတဲ့ အတွက်ကြောင့် ဆေးမထိုးဖြစ်ဘူး။

# မြေကျွံမှုဖြစ်ပေါ်နိုင်လို့ သတိဖြင့်နေထိုင်ဖို့ နိုးဆော်ထားတဲ့ မော်ချီးဒေသ

**စိုးထိုက်အောင်**

ခဲမဖြူအဖြိုက်နက်တွေတူးဖော်ထုတ်လုပ်လျက်ရှိတဲ့ ကယားပြည်နယ် ဖားဆောင်းမြို့နယ် မော်ချီးဒေသ ယူကော်ခို(၁၃ကုန်း) ရွာမကြီးရဲ့တောင်ဘက်၊ မြောက်ဘက်တွေမှာ မြေအက်ကွဲကြောင်းကြီးတွေ ရှိနေပါတယ်။

ပြီးခဲ့တဲ့ ၂၀၁၉ခုနှစ် ဩဂုတ်လလောက်က မြေပြိုမှုတွေဖြစ်ခဲ့ပြီးတဲ့နောက်မှာ ဒီလိုအက်ကွဲကြောင်းတွေဖြစ်ပေါ်လာတာဖြစ်ပါတယ်။

နေရာတိုင်းမှာတော့ သတိပေးနိုးဆော်ချက်စာတမ်းဖြစ်တဲ့ "ဤနေရာသည် မြေကျွံမှုဖြစ်ပေါ်နိုင်သော အက်ကြောင်းဧရိယာဖြစ်ပါ၍ အန္တရာယ်ကင်းရှင်းရန် သတိဖြင့် နေထိုင်/သွားလာကြပါရန် အသိပေးနိုးဆော်ပါသည်။" ဆိုပြီး ကယားပြည်နယ် သတ္တုထုတ်လုပ်ရေးကုမ္ပဏီ ကထုတ်ပြန်ထားပါတယ်။


သတိပေးချက်တွေ ထုတ်ပြန်ထားပေမဲ့လဲ ဒေသခံတွေနဲ့တစ်ခြားပြည်နယ်၊ တိုင်း တွေကနေ အလုပ်လာလုပ်တဲ့လူတွေကတော့ စားဝတ်နေရေးအတွက် အခုချိန်ထိ ခဲလုပ်ငန်းတွေ ဆက်လက်လုပ်ကိုင်နေဆဲပဲ ဖြစ်ပါတယ်။

ပပွာကလူကရင်လူမှုဖွံ့ဖြိုးတိုးတက်ရေးအမျိုး သမီးအသင်း ဥက္ကဌဆရာမ ဒေါ်မာဂရက်စိန်က “ရွာရဲ့ တောင်ဘက်မှာဆိုရင် တောင်ပေါ်မှာ အက်ကွဲကြောင်းတွေက (၅) ကြောင်းလောက် အထိရှိ တယ်။ အဆိုးဆုံးတစ်ခုကတော့ အကျယ် ၈ပေ လောက်ရှိတယ်၊ အရှည်ကပေ ၂၀ လောက်တော့ ရှိမာပေ့ါ၊ ကျန်တဲ့ဟာတွေတော့ အရှည် ပေ၃၀-၄၀ လောက်ရှိပါတယ် ရွာရဲ့မြောက်ဘက်မှာ ဆိုရင်လဲအိမ်အောက်မှာရှိတဲ့အက်ကွဲကြောင်းက ပေ၅၀ လောက်ရှိပြီး အနက်က ၄ ပေကနေ ၁၅ ပေအထိ ရှိပါတယ်” လို့ရှင်းပြပါတယ်။

ဘူမိဗေဒ ပညာရှင်တွေလာရောက် စစ်ဆေးခဲ့ပြီးတော့ ယူကော်ခို(၁၃) ကုန်း တောင်ဘက်၊ မြောက်ဘက်တွေကို အန္တရာယ်ဇုန် အဖြစ် သတ်မှတ်ထားပြီးတော့ (၁၃)ကုန်းရွာမကြီးကိုတော့ အန္တရာယ်ဇုန်အဖြစ် သတ်မှတ်ခြင်းမရှိသေးပါဘူး။

ဒီလို သတိပေးစာတွေထုတ်ပြန်ထားတဲ့အပေါ်မှာ ဒေသခံတွေ၊ အလုပ်သမားတွေအနေနဲ့စိုးရိမ်နေကြပါတယ်။

အဲ့အပေါ်မှာ ယူကော်ခို တောင်ပိုင်းနေထိုင်တဲ့ ဒေါ်လွှမ်းပိုက “အရင်ကဒီတောင်ပြိုပြီးမှ အခုဒီတောင် ကလဲထပ်ပြိုမယ်ဆိုတဲ့ထုတ်ပြန်ချက်လေး တစ်ခုကြောင့်မို့ကိုလဲ အိပ်ရ၊ စားရတာ သိပ်အဆင်မပြေဘူး ဂလုတ်ဂလုတ် အသံကြားတိုင်း ကိုယ်က ထကြည့်နေရတာ အခုဒီနားက လျှောတန်းဆိုရင် ပိုဆိုးတယ်။ စားဝတ်နေရေး အတွက်လဲ ကိုယ်က လုံးပန်းရ အဲလိုမျိုးပေ့ါ ကလေးတွေကိုလဲ ကိုယ်သွားတဲ့နေရာကိုပဲ အကုန်လုံးခေါ်သွားရတာ သေတော့လဲ မိသားစုပေ့ါ ကလေးတွေက အိမ်မှာနေပြီးတော့ ကိုယ်ကဟိုမှာပိတော့လဲ ကလေးတွေကမဖြစ်အဲ့လိုမျိုးပေ့ါနော်။” လို့အခုလက်ရှိကြုံတွေ့နေရတဲ့ မြေအက်ကွဲကြောင်းနဲ့ ပတ်သတ်ပြီး စိုးရိမ်မှုတွေကို ပြောပြပါတယ်။



ယူကော်ခို(၁၃ကုန်း) ရွာကို အဝေးမှ မြင်တွေ့ရစဉ်ဖြစ်သည်။ ဓါတ်ပုံ – ကန္တာရဝတီတိုင်း(မ်)

လက်ရှိမှာ အက်ကွက်ကြောင်းတွေဖြစ်ပေါ်လာတာကြောင့် ကျေးရွာရဲ့ အောက်ဖက်မှာ လုပ်ကိုင်နေတဲ့ ခဲကျင်းတွေကို ပိတ်ပေးဖို့ သက်ဆိုင်သူတွေကို ပြောဆိုခဲ့ပေမဲ့လည်း ဒီနေ့အထိမပိတ်ဘဲ ခဲလုပ်ငန်းတွေ တူးဖော်နေကြဆဲလို့ ဒေသခံတွေကပြောပါတယ်။

“ကျတော်ပြောပြတယ်လေ ဒါသဘာဝဘေး အန္တရာယ်မဟုတ်ဘူး အောက်ကနေပြီးတော့ တမင်သက်သက်ကို ဒါသူတို့ရရေးအတွက် သူ့တို့ဟာ သူတို့ရှုစားနေတာ၊ မိုင်းခွဲပြီးစားနေတာ အဲ့ဒါကြောင့် မလို့ဒီရပ်ကွက်က ဒီလိုဖြစ်တာ” လို့ (၁၃)ကုန်းရွာမှာ နှစ်၄၀ ကျော်နေထိုင်ခဲ့သူ တပ်မတော်အငြိမ်းစား ဦးရွှေသိန်းမောင်က ပြောပါတယ်။

အရင်ကတည်းက ဒေသခံတွေ၊ ခဲကျင်းလုပ်ကိုင်နေတဲ့အလုပ်သမားတွေ၊ ကုမ္ပဏီတွေအနေနဲ့ကတော့ နွေရာသီနဲ့ဆောင်း ရာသီတွေမှာ ခဲကျင်းလုပ်ကိုင်နေပေမဲ့လဲ မိုးရာသီရောက်ရင်တော့ တချို့ကတော့ ဘေးလွတ်ရာတွေမှာ ပြောင်းရွှေ့နေထိုင်ကြတယ်လို့ သိရပါတယ်။

အခုလိုမျိုးမြေပြိုမှုတွေ၊ မြေကွဲအက်လာမှုတွေ ဖြစ်ပေါ်လာရတဲ့ အကြောင်းအရင်းဟာ ခဲကျင်းတွေ တဖြည်းဖြည်းများလာလို့လည်း ဖြစ်နိုင်တယ်လို့ ဒေသခံတချို့ကလည်း ထင်မြင်ယူဆချက်တွေ ပြောဆိုသုံးသပ်ထားကြပါတယ်။

“ဘာလို့ပြိုလာလဲဆို အရင် ဒီနားမှာ ခဲကျင်း ၅ကျင်းလောက်ရှိတယ်။ အဲ့ကျင်းလုပ်လို့ ပြိုတယ် လို့ပဲ ကျမတော့ အဲ့လိုမျိုးထင်တယ် ဒါပေမဲ့ ကိုယ့်အထင်ပေ့ါနော် သူတို့လာလုပ်တာက ၅-၆လ ပဲရှိသေးတယ် အရင်လုပ်စားနေတာ ဘာမှမဖြစ်သေးတာ သူတို့ကျင်းတွေကတစ်ကျင်းနဲ့တစ်ကျင်းနီးကပ်တယ် နီးနီးကပ်ကပ်ပဲလုပ်တဲ့အတွက်ကြောင့် ဖောက်ခွဲမှုတွေနဲ့အဲ့ဒါကြောင့်ပြိုတယ်လို့တော့ ကျမထင်ပါတယ်။” လို့ယူကော်ခိုကျေးရွာမှ ဒေသခံအမျိုးသမီးတစ်ဦးဖြစ်တဲ့ ဒေါ်သန္တာမိုး ပြောပါတယ်။

ရွာအောက်က ခဲလုပ်စားနေတဲ့ဂူပေါက်တွေကို ပိတ်ပေးမယ်လို့ပြောခဲ့ပေမဲ့လဲ ယနေ့အထိမပိတ်ပေးသေးတဲ့အတွက် အခုလိုမျိုး ဒေသခံ နေအိမ်တွေရဲ့ အောက်တွေမှာ မြေကြီးတွေ အက်ကွဲကြောင်းတွေ ဖြစ်ပေါ်လာတာလို ဒေသခံတွေက ပြောပါတယ်။

“ပိတ်ပေးမယ်လို့တော့သူတို့ကတော့ပြောတယ် ဒါပေမဲ့ အဲ့နေ့ကလဲ ကျတော်ပြောတဲ့ အချိန်မှာ ဖားဆောင်းမြို့နယ်က အုပ်ချုပ်ရေးမှူးပါတယ်၊ ဌာနဆိုင်ရာတွေပါတယ် ကုမ္ပဏီက အထွေထွေ မန်နေဂျာက ဘယ်လိုပြောလဲဆိုတော့ ဒါက သဘာဝ မိုးရွာလို့ သဘာဝဘေးအန္တရာယ်တဲ့ သူတို့ကပြောတာ ကျတော် ပြောပြတယ်လေ ဒါသဘာဝဘေးအန္တရာယ် မဟုတ်ဘူး အောက်ကနေပြီးတော့ တမင်သက်သက်ကို ဒါသူတို့ရရေးအတွက် သူ့တို့ဟာသူတို့ရှုစားနေတာ၊ မိုင်းခွဲပြီးစားနေတာ အဲ့ဒါကြောင့်မလို့ဒီရက်ကွက်က ဒီလိုဖြစ်တာ” လို့ (၁၃)ကုန်းရွာမှာ နှစ်၄၀ ကျော်နေထိုင်ခဲ့တဲ့ တပ်မတော်အငြိမ်းစား ဦးရွှေသိန်းမောင်က ပြောပါတယ်။

မော်ချီး မြေပြိုတဲ့ ကိစ္စတွေကို အမျိုးသားလွှတ်တော် ၊ သတ္တုသယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ ထံတိုင်စာပေးပို့ဖူးခဲ့ပါတယ်။




မော်ချီးဒေသမှာတွေ့ရတဲ့ သတိပေးနိုးဆော်ချက်တွေဖြစ်ပါတယ်။ ဓါတ်ပုံ – ကန္တာရဝတီတိုင်း(မ်)

ဝန်ကြီးဌာနထံတိုင်စာအရင်ရောက်တဲ့အတွက် ၎င်းကော်မတီကနေ ကွင်းဆင်းစစ်ဆေးတာမလုပ်တော့ဘဲ ဝန်ကြီးဌာနကနေဘဲ လိုအပ်တာတွေ ညွှန်ကြားမှုဆောင်ရွက်ခဲ့တယ်လို့ ကော်မတီ အဖွဲ့ဝင် ဖရူဆိုမြို့နယ် မဲဆန္ဒနယ်အမှတ် (၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ရှားမူက ကန္တာရဝတီတိုင်း(မ်)ကို ပြီးခဲ့တဲ့ လအနည်းငယ်က ဖြေကြားခဲ့ဖူးပါတယ်။

မော်ချီးဒေသဘက်မှာ ခဲမဖြူအဖြိုက်နက်ခါတ်သတ္တုအကြီးစားစီမံကိန်း တူးဖော်ရေးလုပ်ငန်းကို ယခင်နှစ်ကစပြီး သက်တမ်းတိုး ၅နှစ်ကြာထပ်မံပြီးတော့ ကယားပြည်နယ် သတ္တုထုတ်လုပ်ရေးကုမ္ပဏီ (KMPC) လုပ်ကိုင်ခွင့် ထပ်ရရှိထားတဲ့အတွက်လည်း ဒေသခံတွေက သဘာဝပတ်ဝန်းကျင် ပိုထိခိုက်မှာကို စိုးရိမ်ကြောက်ကြနေကြတာဖြစ်ပါတယ်။



လူနေအိမ်အောက်တွေမှာ အက်ကွဲကြောင်းကြီးမြင်တွေ့ရစဉ်ဖြစ်ပါတယ်။ ဓါတ်ပုံ – ကန္တာရဝတီတိုင်း(မ်)



၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလတွင် စတင်ဖြန့်ချိသည်။

# "အဓိကတောင်း ဆိုချင်တာကတော့ တောင်သူတွေလွတ်မြောက်ဖို့ ပါ"

ကယားပြည်နယ်မှာ မြေယာကိစ္စနဲ့ပတ်သက်ပြီး လွိုင်ကော်နဲ့ဒီမောဆိုမြို့နယ်အတွင်းက ဒေါမူကလား၊ မြေနီကုန်း၊ဒေါ်ဆိုရှေ့၊ ၆ မိုင် စတဲ့ကျေးရွာတွေမှာ စစ်တပ်က ပိုင်နက်ကျူးကျော်မှု ပုဒ်မ ၄၄၇ ပြည်သူပိုင်ပစ္စည်းကာကွယ်ရေး အက်ဥပဒေ ၆/၁ စတဲ့ ပုဒ်မတွေနဲ့တောင်သူ ၄၁ ဦးကို တရားစွဲဆိုထားပါတယ်။

တရားစွဲဆိုခံထားရတဲ့တောင်သူတွေတစ်ချို့ဟာ အချုပ်ခန်းထဲကနေ အမှုရင်ဆိုင်နေရသလို တစ်ချို့ကတော့ အာမခံနဲ့ နေထိုင်နေရပါတယ်။ တရားစွဲဆိုခံထားရတဲ့ တောင်သူတွေအနေနဲ့ စားဝတ်နေရေးအခက်အခဲကြုံနေရပြီး သက်ဆိုင်ရာအစိုးရအနေနဲ့တောင်သူတွေကို ကူညီစေချင်တယ်လို့ တရားစွဲဆိုခံထားရတဲ့တောင်သူတွေကပြောပါတယ်။

ပိုင်နက်ကျူးကျော်မှု ပုဒ်မ ၄၄၇ နဲ့အမြောက်တပ် ၃၆၀က တရားစွဲဆိုခံထားရပြီး အာမခံရရှိထားတဲ့ ဒေါ်ဆိုရှေ့ရွာက ဒေသခံတောင်သူတစ်ဦးဖြစ်တဲ့ ခူးပကူးကို ကန္တာရဝတီတိုင်း(မ်) မေးမြန်းထားပါတယ်။

**ကန္တာရဝတီတိုင်း(မ်)။ ။ ပထဆုံးအနေနဲ့ ကိုပကူးတို့ကို စစ်တပ်ကနေပြီး ပြောင်းရွှေ့ခိုင်းတဲ့ ဒေါ်ဆိုရှေ့ရွာက ဘယ်အချိန်ကတည်းကရွာတည်ခဲ့တာလဲ။**

ခူးပကူး။ ။ ကျနော်လည်းသေချာမသိဘူး ဟိုးအဖေအမေလက်ထက်ကတည်းက ဆိုတော့ ကျနော်ထင်တယ် နှစ်ပေါင်း (၇၀) ကျော်ပြီပေ့ါ။

**ကန္တာရဝတီတိုင်း(မ်)။ ။ အဲ့ဒီရွာကနေပြောင်းရွှေ့ဖို့စစ်တပ်က အမိန့်ပေးခဲ့တာ ဘယ်အချိန်ကလဲ။**

ခူးပကူး။ ။ ၁၉၈၉၊ ၁၉၉၀ ဝန်းကျင်လောက်ကပါ။

**ကန္တာရဝတီတိုင်း(မ်)။ ။ စစ်တပ်က ဘယ်လိုအကြောင်းပြချက်မျိုးနဲ့ပြောင်းခိုင်းခဲ့တာလဲဗျ။**

ခူးပကူး။ ။ အဲ့တုန်းက ဘယ်လိုပြောရမလဲ ကျနော်တို့ရွာတွေကိုဖြတ်လေးဖြတ်လုပ်တဲ့သဘောပေ့ါ၊ အဲ့တာကြောင့်ပြောင်းခိုင်းတာ။

**ကန္တာရဝတီတိုင်း(မ်)။ ။ ရွာကပြောင်းခိုင်းတော့ မြေနေရာအစားထိုးပေးတာမျိုးရှိလား။ ရွာသူ၊ ရွာသားတွေကရော အဲ့ရွာကနေပြောင်းပြီး ဘယ်မှာသွားနေခဲ့ကြတာလဲ။**

ခူးပကူး။ ။ မြေနေရာအစားထိုးပေးတာမျိုး မရှိဘူး၊ ကျနော်တို့က အနီးဆုံးရွာ (၆) မိုင်မှာဘဲ ပြန်ပြီးကပ်နေရတယ်၊ တစ်ချို့ကလည်း ကယန်းကျခူ၊ ဒေါတနော့မှာလည်းတစ်ချို့ရောက်သွားတယ်၊နောက်ပြီး ဖားတီမာနဲ့လွိုင်လင်လေးဘက် တစ်ချို့ရောက်သွားတယ်။

**ကန္တာရဝတီတိုင်း(မ်)။ ။ အဲ့လိုရွာကနေပြောင်းရွှေ့ပြီးနောက်ပိုင်း စားဝတ်နေရေးအတွက်ဘယ်လိုရုန်းကန်ခဲ့ကြရလဲ။**

ခူးပကူး။ ။ စားဝတ်နေရေးအတွက်ကတော့ ကျနော်တို့က ရွာဟောင်းမှာဘဲပြန်ပြီး စိုက်ပျိုးကြတာပေ့ါ။

**ကန္တာရဝတီတိုင်း(မ်)။ ။ ဟုတ်ကဲ့ ၊ အခု ခူးပကူးကို စစ်တပ်ကတရားစွဲထားတယ်ဆိုတော့ ဘာအမှုနဲ့ တရားစွဲထားလဲဗျ။**

ခူးပကူး။ ။ ပုဒ်မ ၄၄၇ အကျိုးပျက်စီးစေမှုပေ့ါ။

**ကန္တာရဝတီတိုင်း(မ်)။ ။ ခူးပကူးတို့ကို တရားစွဲထားတာလေးလ ဝန်းကျင်ရှိပြီလို့သိရတယ်၊ အမှုကလည်းအခုထိမပြီးပြတ်သေးဘူးဆိုတော့ အမှုရင်ဆိုင်တဲ့နေရာမှာဘာအခက်အခဲတွေရှိလဲ။**

ခူးပကူး ။ ။ ရုံးချိန်းသွားဖို့ကျနော်တို့မှာက ဆီဖိုးအခက်အခဲရှိတယ်၊ စက် (ထွေလာဂျီ) ဆီဖိုးမရှိတော့ ရွာထဲက လူတွေဆီကဘဲတစ်ယောက်နည်းနည်း တောင်းပြီး သွားရတယ်။

**ကန္တာရဝတီတိုင်း(မ်) ။ ။ အခုလို မြေလည်း အသိမ်းခံရသေးတယ်၊ တရားလည်းအစွဲခံရသေးတယ်ဆိုတော့ အဲ့ဒီအပေါ် ဘာပြောချင်လဲ။**

ခူးပကူး ။ ။ ကျနော်တို့ကတော့ မြေလုံးဝပြန်မရနိုင်ဘူးဆိုရင် ထိုက်သင့်တဲ့လျှော်ကြေးလောက်တော့ပေးစေချင်တာပေ့ါလေ။ မြေပြန်ရဖို့က ကျနော်တို့ဘယ်လိုဘဲပြောပြော မရနိုင်ဘူးဖြစ်နေတယ်။

**ကန္တာရဝတီတိုင်း(မ်)။ ။ တောင်သူတွေအခုလို တရားစွဲဆိုခံနေရတော့ ပြည်နယ်အစိုးရဘက်ကလာပြီးကူညီတာမျိုးရှိလား။**

ခူးပကူး။ ။ မရှိပါဘူး၊ ဒါပေမဲ့ အမတ်တစ်ချို့ကတော့လာကူညီတယ်၊ ပြီးတော့တောင်သူလယ်သမားအဖွဲ့အစည်းတွေလာကူညီတာရှိတယ်။

**ကန္တာရဝတီတိုင်း(မ်)။ ။ အခုလို တောင်သူတွေတရားစွဲခံနေရတဲ့အပေါ် သက်ဆိုင်ရာအစိုးရကို တောင်းဆိုခွင့်ရမယ်ဆို ဘာတွေတောင်းဆိုချင်လဲ။**

ခူးပကူး ။ ။ ကျနော်တို့အခုတရားစွဲခံနေရတာကိုရုပ်ပေးစေချင်တာပေ့ါ၊တောင်သူတွေကိုပြန်လွတ်မြောက်စေချင်တယ်၊ အထဲမှာနေတဲ့သူတွေကလည်း တော်တော်လေး ဒုက္ခရောက်နေတယ်၊ အပြင်မှာနေတဲ့သူတွေလည်း ရုံးချိန်း ခဏခဏသွားရတော့ အခက်အခဲအမျိုးမျိုးကြုံနေရတယ်၊ အဓိကတောင်းဆိုချင်တာကတော့ တောင်သူတွေလွတ်မြောက်ဖို့ပါ။

# ကယားတွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဖြေဆိုမည့်ဦးရေ ၈ထောင်ကျော်ရှိ

**နော်ဒွေးအယ်ဥ**



လာမည့် မတ်လ (၁၁)ရက်နေ့တွင် မြန်မာတစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဖြေဆိုကြမည်ဖြစ်ပြီး ကယားပြည်နယ်မှ ဖြေဆိုသူ ဦးရေ (၈)ထောင်ကျော်ရှိကြောင်း ကယားပြည်နယ်ပညာရေးမှူး ဦးအယ်ဒိုဝါးထံမှ သိရပါတယ်။

ကယားပြည်နယ်တွင်း တက္ကသိုလ်ဝင်စာမေးပွဲ စာစစ်ဌာန ၂၁ ခုရှိပြီး ဖြေဆိုမယ့် ကျောင်းသူ၊ ကျောင်းသား ၈၄၆၂ဦး ရှိပါတယ်။ ၈၄၆၂ ဦးထဲမှာ ကျောင်းပြင်ပဖြေဆိုသူလူဦးရေကတော့ (၂၃၉၇)ဦးပါရှိပါတယ်။

လွိုင်ကော်မြို့ရှိ စာစစ်ဌာနတွေမှာ အထက(၁)၊ အထက(၂)၊ အထက(၃)၊ အထက(၄)၊ အထက(၆)၊ အထက(၇)၊ အကျဉ်းဦးစီး၊ အထက-လောပိတ၊ အထက-နွားလဝိုး၊ အထက-လွိုင်လင်လေး၊ အထက-ကုန်းသာ ဖြစ်ပြီး စာစစ်ဌာန (၁၁) ခုရှိပြီး ဖြေဆိုသူ (၄၈၆၀)ဦး ရှိပါတယ်။

ရှားတောမြို့မှာတော အထက-ရှားတောဖြစ်ပြီး ဖြေဆိုသူ ၅၉ဦး၊ ဒီမော့ဆိုမြို့မှာ အထက-ဒီမော့ဆို၊ အထက-ဒေါင်ခါး၊ အထက-ငွေတောင်၊ ထ(ခွဲ)-ဒေါတမငယ်၊ အထက-နန်းမယ်ခုံ စသည်ဖြင့် စာစစ်ဌာန (၅)ခုရှိပြီး ဖြေဆိုသူ (၂၄၃၈)ဦးရှိပါတယ်။

ဖရူဆိုမြို့မှာ အထက-ဖရူဆိုဖြစ်ပြီး ဖြေဆိုသူ (၄၁၈)ဦး၊ ဘောလခဲမြို့မှာ အထက-ဘောလခဲဖြစ်ပြီး ဖြေဆိုသူ (၃၃၈)ဦး၊ ဖားဆောင်းမြို့တွင် အထက-ဖားဆောင်းဖြစ်ပြီး ဖြေဆိုသူ (၂၅၆)ဦး နှင့် မယ်စဲ့မြို့တွင် အထက-မယ်စဲ့ဖြစ်ပြီး ဖြေဆိုသူ (၉၃)ဦး ရှိကြောင်း သိရပါတယ်။

တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဝင်ရောက်ဖြေဆိုမည့် ကျောင်းသားများအနက် ကိုယ်လက်အင်္ဂါမသန်စွမ်း ကျောင်းသူနှစ်ဦးရှိကြောင်းသိရပါတယ်။

၂၀၁၉ခုနှစ်မှာတော့ ကယားတစ်ပြည်နယ်လုံးရှိ တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဖြေဆိုသူ စုစုပေါင်း ၇၃၈၈ ဦးရှိခဲ့ပြီး၂၀၆၆ ဦး အောင်မြင်ခဲ့ပါတယ်။

## လွှတ်တော်နှင့် ပါတ်သက်ပြီး အရပ်ဖက်အဖွဲ့အစည်း၊ တက်ကြွလှုပ်ရှားသူ၊ လူငယ်စတဲ့ ဒေသခံပြည်သူတွေရဲ့ ထင်မြင်သုံးသပ်ချက် အဆက်.....

ပထမဆုံးအနေနဲ့ လွှတ်တော်ရဲ့ သတင်းအချက်အလက် ဖြန့်ဝေမှုကို အားရမိပါတယ်။ အထူးသဖြင့် website တို့ လူတွေ လက်လှမ်းမှီနိုင်တဲ့ လူမှု ကွန်ယက်မှာ သတင်းအချက်အလက်ကို မျှဝေနိုင်တဲ့ အပိုင်းကတော့ အားရကျေနပ်မှု ရှိပါတယ်။

ဒါပေမဲ့ ဒီထက် ပိုပြီး ကျေးလက်ဒေသအထိ အင်တာနက်မရတဲ့ နေရာတွေက ဒေသခံလူထုတွေအထိ သတင်းအချက်အလက် ရောက်အောင် ကြိုးစားနိုင်မယ်ဆိုရင်တော့ ပိုကောင်းမယ်ထင်ပါတယ်။

ဒုတိယတချက်ကတော့ အရပ်ဖက် အဖွဲ့အစည်းတွေနဲ့ ဆက်စပ်မှု အပိုင်းမှာ ကောင်းမွန်တဲ့ ဆက်စပ်မှုတွေ ရှိတယ်လို့ ယေဘုယျအားဖြင့် မြင်ပါတယ်။

ပြည်နယ်လွှတ်တော်ဟာအရပ်ဖက်အဖွဲ့အစည်းတွေရဲ့ အားကိုယူပြီး ဥပဒေပြုရေး၊စောင့်ကြည့်စစ်ဆင်ရေးအတွက် လုပ်ဆောင်ခဲ့ တာတွေကို လည်း တွေ့ရပေမဲ့ ပြည်နယ်အစိုးရရဲ့ လုပ်ငန်းတွေကိုတော့ အားကောင်းကောင်းနဲ့ အချက်အလက် ခိုင်ခိုင်မာမာနဲ့ စောင့်ကြည့်ပြီး ထောက်ပြပြောဆိုနိုင်ဖို့ လိုသေးတယ်လို့ မြင်ပါတယ်။

အထူးသဖြင့် ဗိုလ်ချုပ်ကြေးရုပ် စိုက်ထူတဲ့ကိစ္စလိုမျိုးပေ့ါ။နောက်ဆုံးအချက်ကတော့လွှတ်တော်ရဲ့ အဓိက လုပ်ငန်းတွေဖြစ်တဲ့ ကိုယ်စားပြုမှုမှာတော့ စုံလင်ကွဲပြားတဲ့ ပြည်သူတွေရဲ့ အသံကို ကိုယ်စားပြုမှု ရှိရဲ့လားလို့တော့ မေးစရာရှိတယ်။

ကယားပြည်နယ်လွှတ်တော်ဟာ အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ် တစ်ဦးမှ မပါဝင်တဲ့ ပြည်နယ်လွှတ်တော် တစ်ခုဖြစ်နေတယ်။ အဲ့ဒီတော့ ကိုယ်စားပြုမှုအပိုင်းမှာ ဘယ်သူ့တွေရဲ့ အသံကို ကိုယ်စားပြုနေသလဲဆိုတာတော့ မေးခွန်းထုတ်စရာ ရှိတာပေ့ါ။



မော်ဒေးမြာ – အမျိုးသမီးအရေး တက်ကြွလှုပ်ရှားသူ

လွှတ်တော်အနေနဲ့ စုံလင်တဲ့ ပြည်သူတွေရဲ့ အသံကို ကိုယ်စားပြုတဲ့ လွှတ်တော်ဖြစ်လာနိုင်ဖို့ အထူးသဖြင့် လူဦးရေတဝက်ကျော်ရှိတဲ့ အမျိုးသမီးရဲ့ အသံကို ကိုယ်စားပြုတဲ့ လွှတ်တော်ဖြစ်စေဖို့ ရွေးကောက်ပွဲမှာကတည်းက ပြင်ဆင်မှုတွေ လုပ်ရမယ်လို့တော့ မြင်ပါတယ်။

# မိမိတို့ ယုံကြည်ရာပန်းတိုင် ဆက်သွားမည့် ကယန်းအမျိုးသမီး အစည်းအရုံး



**ကန္တာရဝတီတိုင်း[မ်]**

ကယားပြည်နယ်ရဲ့ ဒီးမော့ဆိုမြို့နယ်အနောက်ဘက်ခြမ်း၊ ရှမ်းပြည်နယ်တောင်ပိုင်း နေပြည်တော်နဲ့ ကရင်ပြည်နယ် နယ်စပ်တွေဘက်မှာဆိုရင် ကယန်းမျိုးနွယ်စုတွေ အများစုနေထိုင်ကြတဲ့ ဒေသဖြစ်ပါတယ်။

ကယန်းမျိုးနွယ်စုတွေကတော့ ဒီလို တိုင်းနဲ့ပြည်နယ် ၄ ခုကနေ စုနေထိုင်ကြတဲ့ နေရာကို ကယန်းဒေသလို့လည်း ခေါ်ကြပါတယ်။ ကယန်းဒေသမှာဆိုရင်လည်း တချိန်က စစ်ဘေးဒဏ်တွေ ခံခဲ့ရပြီး ငြိမ်းချမ်းရေး အသီးအပွင့်တွေမရနိုင်ကြသေးဘူးလို့လည်း ပြောလို့ရပါတယ်။

ဒီလိုဒေသဘက်မှာ နေထိုင်ကြတဲ့ အမျိုးသမီးထုတွေအတွက် ငြိမ်းချမ်းရေးနဲ့ပတ်သက်ပြီး အသိပညာတွေ ရှိလာဖို့ငြိမ်းချမ်းရေးဖြစ်စဉ်မှာ အမျိုးသမီးတွေ ပါဝင်ဖို့ကို တစိုက်မတ်မတ်ဆောင်ရွက်နေတဲ့ အဖွဲ့ကတော့ ကယန်းအမျိုးသမီးအစည်းအရုံး(KyWO)က ဖြစ်ပါတယ်။

အခုလို အမျိုးသမီးအဖွဲ့အနေနဲ့ အမျိုးသမီးနဲ့ငြိမ်းချမ်းရေးဆိုတဲ့ ခေါင်းစဉ်အောက်မှာ ဘာကြောင့်လုပ်နေရလဲဆိုတာနဲ့ပတ်သက်လို့ (KyWO) တွဲဖက်အတွင်းရေးမှူး(၂) မူအင်နိုးဆင့်က အခုလိုရှင်းပြပါတယ်။

“ကျမတို့ကယန်းဒေသမှာ စစ်ပွဲရဲ့အငွေ့အသက်တွေ အရင်က စစ်ပွဲဖြစ်ခဲ့တာတွေ ကျမတို့ဒီမငြိမ်းချမ်းတဲ့ဒဏ်ကိုခံစားနေရတယ်။ အဲထဲမှာမှ ဒီအမျိုးသမီးဆိုရင် ပိုဆိုးပါတယ်။ အမျိုးသမီးတွေက အမျိုးသားတွေ ထက်ပိုပြီးတော့မှ မငြိမ်းချမ်းတဲ့ ဒဏ်ကိုခံစားရတဲ့အတွက် ကျမတို့က ဒီငြိမ်းချမ်းရေးဖြစ်စဉ်မှာ အမျိုးသမီးတွေရဲ့ အသံပါဝင်ဖို့ လိုတယ် ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဘာဖြစ်လို့လည်းဆိုတော့ အမျိုးသမီးတွေက ခံစား ဓါးစာခံ အဖြစ်ခံရတဲ့အတွက် သူတို့အသံက အရေးကြီးတယ်။ သူတို့အသံပါဝင်မှ ဒီငြိမ်းချမ်းရေးဖြစ်စဉ် ပိုပြီးတော့ မြန်မြန်လေးချောမွေ့မယ်။” လို့ မူအင်နိုးဆင့်က ပြောပါတယ်။

ကယန်းအမျိုးသမီးအစည်းအရုံး (KyWo )ကနေ ငြိမ်းချမ်းရေးနဲ့ အမျိုးသမီးဆွေးနွေးပွဲတွေ ကယန်းဒေသမှာ နေရာများများ လိုက်လံဆောင်ရွက်ခဲ့ကြတယ်လို့ဆိုပါတယ်။

ဒီးမော့ဆိုမြို့နယ် မြလဲကျေးရွာအုပ်စုထဲက မြလဲရွာမှာ ပြီးခဲ့တဲ့ ဇန်နဝါရီလ ၂၂ ရက်နေ့က ငြိမ်းချမ်းရေးနဲ့ အမျိုးသမီးအသိပညာပေး ဆွေးနွေးပွဲတွေ ပြုလုပ်ခဲ့ကြပါတယ်။

အခုလို ပြုလုပ်ရတဲ့ ရည်ရွယ်ချက်ကိုတော့ အမျိုးသမီးနဲ့ငြိမ်းချမ်းရေးဒီစွမ်းရေမြင့်တင်တဲ့အပိုင်းကနေ ဒီလိုဆွေးနွေးပွဲတွေပြုလုပ်ရခြင်း ဖြစ်တယ်လို့ (KyWO) မယုယုဆွေက အခုလိုပြောပါတယ်။

“အမျိုးသမီးနဲ့နိုင်ငံရေးဆိုတဲ့စွမ်းရည်မြင့်တင်ရေးတွေလုပ်တယ်။ နောက်ပြီး အမျိုးသမီးနဲ့ငြိမ်းချမ်းရေး ဆိုင်ရာ စွမ်းရည်မြင့်တင်တဲ့ လုပ်ငန်းစဉ်တွေလုပ်တယ်။ အခုလုပ်နေတဲ့ဆွေးနွေးပွဲက အဓိက ဘယ်လုပ်ငန်းစဉ်အောက်လဲဆိုရင် အမျိုးသမီးနဲ့ငြိမ်းချမ်းရေးပေါ့ ဒီစွမ်းရည်မြင့်တင်ရေး လုပ်ငန်းစဉ်အောက်ကနေပြီး ဒီဆွေးနွေးပွဲကိုလုပ်ဖြစ်တာဖြစ်တယ်။” လို့ မယုယုဆွေက ပြောပါတယ်။

ဆွေးနွေးပွဲတွေမှာဆိုရင် အဓိက လက်ရှိငြိမ်းချမ်းရေးဖြစ်စဉ်တွေ အမျိုးသမီးအခွင့်အရေးတွေ၊ ကရင်နီပြည် ဖွဲ့စည်းပုံတွေ စတဲ့အကြောင်းအရာတွေပါတယ်လို့ ဆိုပါတယ်။

ဒီလို ဆွေးနွေးပွဲပြုလုပ်ပြီး နှစ်ရက်အကြာ ဇန်နဝါရီလ ၂၄ ရက်နေ့မှာ အခုလို ခွင့်ပြုချက်မရဘဲ နောက်နှောင် မပြုလုပ်ဖို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကနေ မြလဲအုပ်ချုပ်ရေးမှူးထံ သတိပေးစာရောက်ရှိလာခဲ့ပါတယ်။

ဆွေးနွေးပွဲ အခမ်းအနား ဟောပြောပွဲသင်တန်း စသည်တို့ကို ခွင့်ပြုမိန့်မရှိဘဲ ပြုလုပ်ပါက ထိရောက်စွာအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒီးမောဆိုမြို့နယ်အုပ်ချုပ်ရေးမှူး ဦးညဏ်လှိုင်က သတိပေးစာထုတ်ပြန်ခဲ့တာဖြစ်ပါတယ်။

'' ခွင့်ပြုမိန့်ကို တင်သင့်ရင်တော့ တင်မှာပေါ့နော မတင်သင့်ရင် မတင်ဘူး။ '' ဟု မြလဲကျေးရွာအုပ်ချုပ်ရေးမှူး ဦးအယ်မှူးက ပြောပါတယ်။

ငြိမ်းချမ်းရေးအသိပညာပေးဆွေးနွေးပွဲပြုလုပ်သွားတဲ့ မြလဲရွာဟာဆိုရင် တချိန်က ကရင်နီတမျိုးသားလုံး အခုချိန်ထိ ငြိမ်းချမ်းရေးအတွက် တိုက်ပွဲစတင် ဝင်ရောက်လာခဲ့ရတဲ့ နေရာဖြစ်ပါတယ်။

သီးခြားလွတ်လပ်တဲ့ကရင်နီပြည်ကို ဗမာပြည်ထဲသိမ်းသွင်းဖို့၁၉၄၈ ခုနှစ်ဩဂုတ်လ(၉)ရက်နေ့မှာ ကရင်နီအမျိုးသားခေါင်းဆောင် ဦးဘီတူရီ တည်ရှိရာ မြလဲရွာကို ဖဆပလ ဗမာအစိုးရစစ်တပ်တွေက စတင်ဝင်ရောက်တိုက်ခိုက်ခဲ့တဲ့အတွက် ကရင်နီအမျိုးသားတွေက ရရာလက်နက်နဲ့ပြန်လည်ခုခံတိုက်ခိုက်ခဲ့တဲ့ ရွာဖြစ်ပါတယ်။

စစ်ပွဲတွေဖြစ်သွားပြီးနောက်မှာတော့ ဒေသခံရွာသူရွာသားတွေက ရွာပုံးရွာရှောင်နေခဲ့ကြရပါတယ်။ အထူးသဖြင့် အမျိုးသမီးတွေနဲ့ကလေးတွေမှာ စစ်ဘေးဒဏ်ခံခဲ့ကြရတာဖြစ်ပါတယ်။

“ဘုရားကျောင်းကလွဲလို့ တစ်ရွာလုံးမီးရှို့ခံရပြီးတော့ ရွာသူရွာသားတွေက မြောက်ဖက်တစ်ချို့၊ အရှေ့ဖက်တစ်ချို့ထွက်ပြေးသွားကြတယ်။” လို့ ရှေးမှီနောက်မှီ သိရှိတဲ့ ဒေသခံ ဦးမာတူးရှာလာက ပြောပြပါတယ်။

ဒီလိုစစ်ပွဲတွေမှာ အမျိုးသမီးတွေနဲ့ကလေးတွေ အများဆုံးကြုံတွေ့ခံစားခဲ့ရလို့လည်း လက်ရှိ ငြိမ်းချမ်းရေး ဖြစ်စဉ်မှာဆိုရင် အမျိုးသမီးတွေပါဝင်သင့်တယ်။ အမျိုးသမီးထုတွေဟာဆိုရင် ငြိမ်းချမ်းရေးဖြစ်စဉ်နဲ့ တိုက်ရိုက်သက်ဆိုင်နေပါတယ်လို့ မြလဲကျေးရွာအုပ်စုအတွင်းနေထိုင်တဲ့ မအယ်ဒီးနာက အခုလို ပြောပါတယ်။

“အမျိုးသမီးလည်း လူထုထဲကလူထုပဲ လူရယ်ဖြစ်လာပြီဆိုရင်တော့ စစ်မဖြစ်မှဘဲငြိမ်းချမ်းရေးရပြီလို့ ပြောလို့မရဘူးလေးနော်။ ငြိမ်းချမ်းရေးဆိုတာ ကိုယ့်မိသားစုမှာဖြစ်ဖြစ် ကိုယ်နေထိုင်တဲ့ပတ်ဝန်းကျင်မှာဖြစ်ဖြစ် အဓိက ဒီငြိမ်းချမ်းရေးဖြစ်စဉ်ဆိုတာ အမျိုးသမီးမပါဝင်လို့မဖြစ်တဲ့ အခန်းကဏ္ဍလည်းဖြစ်တာပေါ့နော်။ တချို့နေရာမှာဆိုအမျိုးသမီးတွေ ဦးဆောင်ရမည့် နိုင်ငံရေးနဲ့ပတ်သက်ပြီးတော့မှ ငြိမ်းချမ်းရေးဖြစ်စဉ်နဲ့ပတ်သက်ပြီးတော့ တွေ့ရမယ်ဆိုရင် ကျမတို့အမျိုးသမီးလည်း ပါဝင်ရမည့် အခန်းကဏ္ဍအများကြီးရှိတယ်။”

မအယ်ဒီးနာဟာဆိုရင် လက်ရှိ ကယား(ကရင်နီ)ပြည်နယ် ငြိမ်းချမ်းရေးဖြစ်စဉ်လေ့လာစောင့်ကြည့်တဲ့အဖွဲ့ထဲမှာလည်း ပါဝင်နေတဲ့ အမျိုးသမီး တစ်ဦးလည်းဖြစ်ပါတယ်။

အမျိုးသမီးနဲ့ ငြိမ်းချမ်းရေးလှုပ်ရှားနေတဲ့ ကယန်းအမျိုးသမီး အစည်းအရုံးကတော့ မိမိတို့ယုံကြည်ရာ ပန်းတိုင် ရောက်ရှိဖို့အတွက်ကတော့လူထုတွေနဲ့ ဆက်လက်ဆောင်ရွက်သွားမယ်လို့ ဇန်နဝါရီလ ၂၈ ရက်နေ့က ထုတ်ပြန်လိုက်ပါတယ်။





*ကယန်းအမျိုးသမီးအစည်းအရုံးအဖွဲ့မှ ကျေးလက်နေ အမျိုးသမီးများနှင့် ငြိမ်းချမ်းရေး အသိပညာပေး အစီအစဉ်များ ဆောင်ရွက်နေစဉ်ဖြစ်ပါတယ်။ (ဓါတ်ပုံ – KyWO)*

# အစိုးရလျာထားချက်ရှိပေမယ့်လည်း ရေရှားပါးမှု အခက်အခဲကြုံတွေ့နေရဆဲ

**စိုးထိုက်အောင်**

ကယားပြည်နယ်ရဲ့ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်ထဲမှာ ဒေသဖွံ့ဖြိုးရေးအတွက် ရေရရှိရေးကဏ္ဍမှာဆိုရင် ကျပ်သန်းပေါင်း တစ်သောင်းကျော်ကုန်ကျခံပြီး ဆောင်ရွက်ဖို့ လျာထားပြီး ဖြစ်ပါတယ်။

ဒီလိုဘတ်ဂျက်တွေ လျာထားဆောင်ရွက်ပေမယ့်လို့လည်း အခုလိုနွေရာသီရောက်တိုင်းမှာ ရေရှားပါးတဲ့ ကျေးလက်နေဒေသတွေကတော့ အခက်အခဲကြုံတွေ့နေရဆဲဖြစ်ပါတယ်။

အကြောင်းကတော့ ရေရှိဖို့ စီမံကိန်းတွေဖော်ဆောင်တဲ့နေရာမှာ ရေအရင်းအမြစ်တွေ စီမံခန့်ခွဲတဲ့ နေရာမှာဒေသခံတွေနဲ့ ညှိနှိုင်းဆွေးနွေးရတာတွေလည်း ရှိနေတာဖြစ်ပါတယ်။

လက်တွေ့မှာတော့ ရေရရှိရေး စီမံကိန်းအကောင်အထည်ဖော်ဖို့ ရေအရင်းအမြစ် အခက်အခဲရှိနေတာဖြစ်တယ်လို့ ဖရူဆိုမြို့နယ်မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသဲရယ်က ပြောပါတယ်။

“ဖရူဆိုဘက်ကရွာတွေဘက်ကို ရေသွယ်ဖို့က ရေထွက်ပေါက်ကနေ သွယ်မယ်ဆိုရင်လည်း ရေမလုံလောက်တာတွေ ရှိလာနိုင်တာကြောင့် နီးစပ်တဲ့ရွာတွေကလည်း လက်မခံတာတွေရှိတယ်။” လို့ပြောပါတယ်။

ဖရူဆိုမြို့နယ် အရှေ့ဘက်ရှိ ကေးလျားကျေးရွာအုပ်စု၊ မိုဆိုကျေးရွာအုပ်စု၊ ဒိုးပရယ်ကျေးရွာအုပ်စု၊ မာခရောရှေ့ကျေးရွာအုပ်စု၊ ထီးပေါ်ဆိုကျေးရွာအုပ်စုနဲ့ ဖရူဆိုမြို့ပေါ် တချို့နေရာမှာ ရေရှားပါးမှု ကြုံတွေ့နေရတာဖြစ်ပါတယ်။

ရွာသူ၊ရွာသားတွေအနေနဲ့ ရေ ၁ခါသွားခပ်မယ်ဆိုရင် ၁နာရီလောက်ကြာတဲ့ ခရီးကို သောက်ရေ၊ သုံးရေ အတွက် ပုံမှန်အားဖြင့် နေ့စဉ် တစ်ရက်ကို ၂ကြိမ်လောက်ရေသွားခပ်နေရတာ ဖြစ်ပါတယ်။


ရေရှားပါးတဲ့အချိန်တွေမှာ ဖရူဆိုမြို့ပေါ်၊ ထီးပေါ်ဆိုရေကန်တွေအထိ စက်နဲ့ရေသွားခပ်ရတာဖြစ်ပြီးတော့ စက်မရှိတဲ့လူတွေအနေနဲ့လဲ ဆိုင်ကယ်တွေနဲ့နေ့စဉ်ရေသွားခပ်နေရတယ်လို့သိရပါတယ်။

“ရေမရှိတဲ့အတွက်ကြောင့်အခက်အခဲကအများကြီးရှိတယ်လို့ပြောရမာပေ့ါ ကျန်းမာရေး အနေနဲ့ရော၊ အလုပ်ကစ အလုပ်က ဥပမာဆိုတစ်ရက်ကို အလုပ် ၈နာရီလုပ်ရမဲ့အစား ရေသွားခက်ဖို့ အရေးဘက်မာ အချိန်ပေးနေရသေးတယ်လေ ဥပမာ ၈နာရီလုပ်မဲ့အစား ၅-၆နာရီပဲ ရတယ်ဆိုတဲ့ သဘောမျိုးပေ့ါ ရေအတွက် ဦးစားပေးပြီးတော့မှ အချိန်ပေးရတယ်ပေ့ါ။” လောခုခူကျေးရွာ ဥက္ကဋ္ဌ ဦးဒေးဖဲက ပြောပါတယ်။

ဖရူဆိုမြို့အရှေ့ဘက်ခြမ်းဒေသရှိ ကျေးရွာတွေမှာ ရေထွက်ပေါက်တွေရေကန်တွေရှိပေမဲ့လဲ အခုလို နွေးဦးစချိန်မှာ ရေမလုံလောက်တဲ့ပြဿနာတွေ စတင် ကြုံတွေ့နေရတာကြောင့် ရေအလှူရှင်တွေ လိုအပ်နေတယ်လို့ ဖရူဆိုမြို့ လောခုခူကျေးရွာမှ ဦးရှေးဖဲက ပြောပါတယ်။

“ကျတော်တို့ရေခက်ခဲတဲ့ အကြောင်းကတော့ ရေထွက်ပေါက်နေရာကလဲ ဝေးတယ်၊ သွားခပ်ရတာလဲ အဆင်မပြေဘူး ပေ့ါနော် ကျတော်တို့က ဒီတစ်ပုံးတစ်ပုံး ရဖို့အရေးက လူနဲ့သွားခပ်ရတာ ၅ဂါလန် တစ်ပုံးဆို ၁နာရီလောက်ကြာတယ်။” လို့ ဦးရှေးဖဲကပြောပါတယ်။

**၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဖြစ်တဲ့ ရေရရှိရေးဆောင်ရွက်မည့် မြို့နယ်အလိုက် အသုံးစာရိတ်များ**




အခုလို ရေရှားပါးတဲ့ လောခုခူကျေးရွာကို ပြီးခဲ့ ဖေဖော်ဝါရီလ ၂၂ ရက်နေ့က ရေဂါလံ ၄၂၀၀ သွားရောက်လှူဒါန်းခဲ့တယ်လို့ ငွေတောင်ပြည် နာရေးကူညီမှုအသင်း အတွင်းရေးမှူး ကိုမျိုးမင်းထွေးက ပြောပါတယ်။

“ဒီးမော့ဆို၊ ဖရူဆိုပေ့ါ ဒီးမော့ဆို ဆိုရင် ဒေါဆိုဖျ၊ ဒေါညေးခူ၊ ဒေါတမကြီး ပေ့ါ အဲ့ဘက်ရွာတွေအကုန်ရောက်တာပေ့ါ။”လို့ ပြောပါတယ်။

ဖားဆောင်းမြို့နယ်မှာဆိုရင်တော့ ရေရရှိရေးတွက်လျာထားချက်မှာဆို မြို့နယ်အားလုံးထဲမှာ အနည်းဆုံးဖြစ်နေပါတယ်။ ကျပ်သန်းပေါင်း ၈.၆ သာလျာထားတာတွေ့ရပါတယ်။

ဖားဆောင်းမြို့နယ် မော်ချီးဒေသရဲ့ ၁၃ ကုန်းလို့ ခေါ်တဲ့ ယူကော်ခိုကျေးရွာမှာဆိုရင်လည်း အခုနှစ်တွေမှာ ရေမလုံလောက်တဲ့ ပြဿနာနဲ့ ရင်ဆိုင်နေရပါတယ်။

ခဲကျင်းထဲက ပြန်ထွက်လာတဲ့ရေကို အုတ်ကန်ထဲ ပြန်သိုလှောင်ထားပြီး တစ်ပုံးကို တစ်ရာကျပ်နဲ့ ပြန်ရောင်းနေကြပါတယ်။

ရေကို အခပေးဝယ်နေရသလို အတက်အဆင်းများတဲ့ တောင်စောင်းပေါ်မှာနေကြတာဖြစ်တဲ့အတွက် ရေသယ်ခ(ရေထမ်းခ) ကလည်း ဈေးကြီးတယ်လို့ ပြောပါတယ်။

စေားဂျူးဂျူယူကော်ခိုကျေးရွာတွင်နေထိုင်သူက “ကျနော်တို့နေရာမှာဆို တစ်ပုံးတစ်ထောင် ရေဖိုးက။ ဟိုးအောက်ဘက်ဆို ငါးရာပဲ။ ဟိုးအပေါ်ဘက်ထိဆိုရင် ပိုးဝေးတော့ တစ်ပုံးကို တစ်ထောင့်ငါးရာအထိ သူများတောင်းတယ်။ တစ်လကို ရေဖိုးနဲ့ပဲ တစ်သိန်းလောက်ကျတယ်။” လို့ပြောပါတယ်။

ရေထွက်တဲ့ပမာဏနဲ့ လက်ရှိ ယူကော်ခိုကျေးရွာရှိ အိမ်ခြေ ၃၀၀ က အသုံးပြုနေရတဲ့ ရေပမာဏက အရမ်းကွာဟမှုရှိနေတာကြောင့် လာမယ့်နွေရာသီမှာ ရေရှားပါးတဲ့ပြဿနာက ပိုဆိုးလာနိုင်တယ်လို့ ဒေသခံတွေက ပြောပါတယ်။

ကယားပြည်နယ်၏ ရသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာ အချက်အလက် အရ မြို့နယ် ၇ မြို့နယ်လုံးစုစုပေါင်း ကျပ်သန်းပေါင်း ၁၂၄၄၉.၁၄၄ အသုံးပြုမှာဖြစ်ပါတယ်။

ရေရှိရေးစီမံကိန်းတွေက ဘတ်ဂျက်တွေချထားပေမယ့်လို့ရေရှားပါးတဲ့ဒေသတွေအတွက်တော့ အခုချိန်ထိ မဖြေရှင်းနိုင်သေးပါဘူး။



*ဖရူဆိုမြို့နယ်အတွင်း ရေရှားပါးလို့ အခက်အခဲဖြစ်နေကြတဲ့ ကျေးရွာတွေကို ငွေတောင်နာရေးကူညီရေးအသင်းတွေက သွားရောက်လှူဒါန်းတဲ့မြင်ကွင်းဖြစ်ပါတယ် (ဓါတ်ပုံ – စိုးထိုက်အောင်)*

# တပ်စခန်းပြုပြင်ရန်အတွက် ကျေးရွာများထံမှ သစ်၊ဝါးများကို တောင်းယူ

**ကန္တာရဝတီတိုင်း[မ်]**

ဒီးမောဆိုမြို့နယ် ထီးဖိုးကလိုးကျေးရွာတွင် ၁၀၂ တပ်ရင်းမှ တည်ဆောက်ထားသည့်တပ်စခန်းတိုးချဲ့ ပြုပြင်ရန်လိုအပ်တဲ့အတွက်လို့ ဆိုပြီး ထီးဖိုးကလိုး တပ်စခန်းမှူး ဗိုလ်မှူးလှမိုးမှ ထီးဖိုးကလိုး အုပ်စုအတွင်းက ကျေးရွာများကို သစ်၊ ဝါးများ တောင်းယူခဲ့တယ်လို့ ကျေးရွာဒေသခံများရဲ့ ပြောပြချက်အရ သိရပါတယ်။

“သူတို့တပ် ပြုပြင်ဖို့ဆိုပြီးတော့ တောင်းတယ်။ ထီးဖိုးကလိုးရွာမှာ တပ်စခန်း ရှိတယ်လေ။ ဒါပေမဲ့ လာသယ်သွားတာတော့ တပ်ရင်း ၁၀၂ အထိ သယ်သွားတယ်။” လို့ ထီးဖိုးကလိုးကျေးရွာအုပ်စုမှ ဒေသခံတစ်ဦးက ပြောပါတယ်။

၎င်းတို့ တောင်းယူထားတဲ့ သစ်၊ ဝါးများကို ပြီးခဲ့တဲ့ ဖေဖော်ဝါရီလ ၂၄ ရက်နေ့မှာ စစ်ကား ၆ စီးဖြင့် လာရောက် သယ်ဆောင်သွားခဲ့တယ်လို့ သိရပါတယ်။ ထီးဖိုးကလိုး အုပ်စုအတွင်းရှိ ကျေးရွာ ဥက္ကဋ္ဌများကို ခေါ်ယူတွေ့ဆုံပြီး တောင်းယူခဲ့တယ်လို့ သိရပါတယ်။

“ဒီအခြေအနေအရဆိုရင် မတောင်းသင့်တော့ဘူးလေ။ ကျတော်တို့က မပေးဘူးဆိုရင်လည်း မကောင်းဘူးလေ။ ပေးမယ်ဆိုရင်လည်း မပေးသင့်တော့ဘူး” လို့ ထီးဖိုးကလိုးကျေးရွာအုပ်စုမှ ဒေသခံတစ်ဦးက ပြောပါတယ်။

ဒေါခူလီ၊ ဖဲလျား၊ ထီးသဲကလိုး၊ ဒေါလျားခူ စတဲ့ ကျေးရွာများကို ၁၄ ပေရှိတဲ့ သစ်လုံး ၃ လုံးစီ တောင်းယူခဲ့ပြီး ဒေါတဒါးမှ ဝါး ၁၀ ချောင်း၊ ဒေါဘျာကူးမှ ဝါး အချောင်း ၂၀၊ ဒေါခူသွဲ့မှ ဝါး ၁၅ ချောင်းနှင့် ထီးဖိုးကလိုးမှ ပျဉ်ပန်ကန် စက် (၂) စီး တောင်းယူခဲ့တယ်လို့ သိရပါတယ်။

၂၀၁၂ခုနှစ်ကရင်နီအမျိုးသားတိုးတက်ရေးပါတီ KNPP နှင့် အစိုးရတို့ ချုပ်ဆိုထားတဲ့ Bilateral Cease-fire Agreement မှာ တပ်စခန်းနှင့် တပ်အင်အားများ မတိုးချဲ့ ဖို့ဆိုတဲ့ သဘောတူညီချက် ပါဝင်ပါတယ်။



# လွှတ်တော်ကိုယ်စားလှယ်အပေါ် ထားရှိတဲ့ မျှော်လင့်ချက်

**နော်ဒွေးအယ်ဂူ**



ဖရူဆိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးသဲရယ်နှင့် ကျေးရွာဒေသခံများ တွေ့ဆုံနေစဉ်

ဖရူဆိုမြို့နယ် အနောက်ဖက်ခြမ်းဒေသတွေမှာဆိုရင် ကယော၊ မိုနူမနော(ကော်ယော်) လူမျိုးစု အများစုနေထိုင်ကြပါတယ်။ တောင်ယာလုပ်ငန်းကိုသာ အဓိက လုပ်ကိုင်စားသောက်ကြပါတယ်။

လက်ရှိမှာတော့ လမ်းပန်းဆက်သွယ်ရေး ယခင်ကထက်တော့ ကောင်းမွန်လာတယ်လို့ဆိုရမှာပဲဖြစ်ပါတယ်။ သို့သော်လည်း မြို့နဲ့ အလှမ်းဝေးလွန်းတဲ့ ကျေးလက်ရွာတွေမှာဆိုရင် လမ်းပန်းဆက်သွယ်ရေး မကောင်းသေးပါဘူး။

ဒါ့ကြောင့် ကျေးရွာတာဝန်ရှိသူတွေက သက်ဆိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်တွေကို လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ဖို့ အများဆုံး တောင်းဆိုကြတယ်လို့ သိရပါတယ်။

လမ်းပန်းဆက်သွယ်ရေးကောင်းမှ ဌာနဆိုင်ရာ၊ လွှတ်တော်ကိုယ်စားလှယ်တွေ ကျေးရွာအထိ ကွင်းဆင်းကြည့်ရှုနိုင်မှာဖြစ်ပြီး လိုအပ်ချက်တွေကို ပိုမို တင်ပြနိုင်မယ်လို့ ဒေသခံအများစုက ပြောဆိုကြပါတယ်။

အဲလို လမ်းပန်းဆက်သွယ်ရေးမကောင်း၊ ဆက်သွယ်ရေးခက်ခဲတာကြောင့် ကျေးရွာဒေသခံအများစုမှာ တခြားနေရာကို ရွှေ့ပြောင်းသွားကြတဲ့သူတွေရှိတယ်လို့ သိရပါတယ်။

“ကျတော်တို့လူမရှိတဲ့ခါကျတော့ ဖွံ့ဖြိုးရေးမရှိတော့မတိုးတက်တော့ဘူးပေ့ါဒီအတိုင်းပဲနောက်ကျတယ်အခြားရွာကလည်းမီးအကုန်လုံးရပြီဆက်သွယ်ရေးအကုန်လုံးအဆင်ပြေသွားပြီ” လို့ ဒေါလာစောအုပ်စုထဲက ယိုပရားကျေးရွာရဲ့ အုပ်ချုပ်ရေးမှူး ဦးဟဲအီက ပြောပါတယ်။

ဖရူဆိုမြို့အနောက်ဖက်ခြမ်းဒေသမှာ ဒိုမိုစောအုပ်စုအထဲတွင် ကျေးရွာ ၇ ရွာ၊ ဟိုယာအုပ်စုတွင် ၈ ရွာ၊ ရာဧပရားအုပ်စုတွင် ၅ ရွာ၊ မိုဆိုအုပ်စုတွင် ၆ရွာ၊ ဒေါလာစောအုပ်စုတွင် ၈ ရွာ ရှိတဲ့အတွက် အုပ်စု ၅ ခုနဲ့ ကျေးရွာစုစုပေါင်း ၃၄ ရွာရှိပါတယ်။

လမ်းပန်းဆက်သွယ်ရေးအပြင် မီး၊ ရေ စတဲ့အရာတွေကို ကျေးရွာအများစုက တောင်းဆိုထားကြပါတယ်။ ကျေးရွာအများ စုများမှာတော့ လက်ရှိအချိန်ထိ ဆိုလာမီး ကိုသာ အသုံးပြုနေရပါတယ်။

လွှတ်တော်ကိုယ်စားတွေက ဒေသခံလူထုတွေကို ရေ၊ မီးလုပ်ပေးမယ်လို့ ပြောထားဖူးတယ်လို့လည်း မိုဆိုအုပ်စု၊ ဒေါကူလယ်ကျေးရွာမှာနေထိုင်ပြီး ဒေသခံတစ်ဦးဖြစ်တဲ့ မဇင်မာသန်းက ပြောပါတယ်။

မဇင်မာသန်းက “သူများရွာဖက်တော့မသိဘူး။ ကျမတို့ရွာမှာဆိုရင် ရေ၊ မီးတွေလုပ်ပေးမယ် အဲလိုပြောတယ် မီးတွေခါကျလည်း ရွာအဆုံးထိလည်းမရောက်ဘူးပေ့ါနော” လို့ ပြောပါတယ်။

တချို့ကျေးရွာအနေနဲ့ လမ်းပန်းဆက်သွယ်ရေးအဆင်ပြေပေမယ့်လည်း ကျန်းမာရေးဝန်ထမ်းက အချိန်ပြည့် ကျေးလက်ဆေးခန်းမှာ မရှိတာကြောင့် အခက်ကြုံတယ်လို့ ဒိုမိုစောအုပ်စု၊ ခါးဘယ်ကျေးရွာက ဦးဒိုးအီက ပြောပါတယ်။

“တစ်ခါတလေဆရာမတို့ကအချိန်ပြည့်မနေနိုင်ဘူး။ တစ်လမှာတစ်ပတ်လောက်ပဲနေလိုက် တစ်ရက်နှစ်ရက်ပဲနေလိုက် အဲလိုပဲလာနေပြီးတော့မှ ခနနေ ဆေးဝယ်မယ်ဆိုပြီး အကြောင်းပြပြီးပြန်သွားတယ်။ ကလေးဝမ်းလျှောဝမ်းပျက်ဖြစ်တယ် ခေါင်းကိုက် နှာစေး ချောင်းဆိုဖြစ်ရင် ကျတော်တို့က ဆရာမကိုသွားရှာတဲ့အချိန်မှာ အခက်အခဲဖြစ်တာပေ့ါ” လို့ ဆိုပါတယ်။

ဖရူဆိုမြို့နယ်တွင် လွှတ်တော်ကိုယ်စားလှယ် ၅ ဦးရှိပြီ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် တစ်ဦး၊ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် နှစ်ဦး၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် နှစ်ဦး ဖြစ်ပါတယ်။

ဖရူဆိုမြို့အနောက်ဖက်ခြမ်းဟာ မဲဆန္ဒနယ်အမှတ် (၂) ဖြစ်ပြီး ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ထွန်း (နော်အီ) ရဲ့ မဲဆန္ဒနယ်ဖြစ်ပါတယ်။

ကျေးရွာဒေသခံအများစုဟာ ၎င်းတို့ရဲ့ လွှတ်တော်ကိုယ်စားလှယ်က ဒေသအတွင်း ကွင်းဆင်းကြည့်ရှု စစ်ဆေးဆောင်ရွက်တာတွေ အားမရဘူးလို့ သုံးသပ်ပြောဆိုထားပါတယ်။

၂၀၁၅ရွေးကောက်ပွဲမှာ လွှတ်တော်ကိုယ်စားလှယ် စည်းရုံးရေးဆင်းတဲ့တချိန်လောက်သာ တွေ့ရတယ်လို့ ဦးဒိုးအီက ၎င်းရဲ့တွေ့ရှိချက်ကို ဆက်ပြောပါတယ်။

“ကျေနပ်အားရမှုမရှိဘူးဆိုတာက လွှတ်တော်ကိုယ်စားလှယ်တွေက မဲပေးပြီးတာနဲ့ လုံးဝလာမကြည့်တော့ဘူး စည်းရုံးရေးလည်း လာမဆင်းတော့ဘူး ဘာတွေလိုအပ်လဲလည်း လာမမေးတော့ဘူး။ ကျတော်တို့မှာ လိုအပ်တာတွေရှိတယ်။ ဒါပေမယ့် ဘယ်ကိုတင်ရမှာ ဘာကိုပြောရမလဲဆိုတာလည်း မသိတော့ဘူး” လို့ ဆိုပါတယ်။

လူထုအတွက် တကယ်လိုအပ်တဲ့ အရာတွေကို မဆောင်ရွက်ပေးနိုင်တာတောင်မှ အနည်းဆုံး အားပေးစကားနှစ်သိမ့်မှုကို မျှော်လင့်တယ်လို့ ဆိုပါတယ်။

လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ထွန်းကလည်း ၎င်းမဲဆန္ဒနယ် အတွင်း လမ်းပန်းဆက်သွယ်ရေး၊ ရေ၊ မီး စသဖြင့် ကွင်းဆင်း ကြည့်ရှုနေတာကြောင့် ဒေသခံတွေနဲ့ထိတွေ့ဖို့ အားနည်းနေသေး တာဖြစ်တယ်လို့ ကန္တာရဝတီတိုင်း(မ်)မှ ဆက်သွယ်မေးမြန်းရာမှာ ပြန်ဖြေကြားခဲ့ပါတယ်။

၎င်းက “ ကျတော်ကတော့ ကွင်းဆင်းတာတော့များပါတယ်။ အစိုးရနဲ့ပတ်သက်တဲ့လုပ်ငန်းတွေ လိုက်ကြည့်တာပေ့ါ။ သူတို့နဲ့တွေ့ဖို့ တော့အချိန်မပေးနိုင်ဘူး။ ဟုတ်ပါတယ် သူတို့ပြောတာမမှားပါဘူး” လို့ ဖြေရှင်းထားပါတယ်။

ဟိုယာအုပ်စု၊ ဒေါရောက်(အောက်) ကျေးရွာမှ ဦးရောကိုကလည်း "မလာဘူး။အရင်ကတစ်ခါနှစ်ခါတွေ့တာကလမ်းသွားကြည့်တယ်ပြောပြီးမှ ကြည့်ရုံလောက်ပဲ အကောင်အထည်ဖော်တာတော့မတွေ့ရဘူး။ လမ်းဖောက်လုပ်ရမယ့်နေရာလည်းပြတ်တောက်ပြတ်တောက်ဖြစ်နေတယ် ဘာဖြစ်လို့လဲဆိုရင် ကွင်းဆင်းတာ တိတိကျကျမရှိလို့ လုပ်ငန်းတွေကြန့်ကြာခဲ့တာပေ့ါအဲလိုမျိုးဖြစ်နေတယ်"” လို့လွှတ်တော်ကိုယ်စားလှယ်ရဲ့ ကွင်းဆင်းကြည့်ရှုမှုကို ဝေဖန်ထားပါတယ်။

လွှတ်တော်ကိုယ်စားလှယ်တွေက သူတို့ရဲ့မဲဆန္ဒနယ်အလိုက် ကွင်းဆင်းကြည့်ရှုတဲ့အခါ တချို့က အားရကျေနပ်မှုမရှိပေမယ့် မိုဆိုအုပ်စု မော်သီသိုကျေးရွာမှ ဒေါ်ဇူဇယ်နာက အားရကျေနပ်မှုရှိတယ်လို့ ဆိုပါတယ်။

၎င်းက “ အများအားဖြင့် ကျမတို့နဲ့အမြဲရင်းနှီးနေတာက ဒေါ်လွီးဇာပေ့ါ ဘာတွေလိုအပ်သလဲဆိုရင် ကျမကိုတိုင်ပင်ပါ ဆွေးနွေးပါ အဲလိုမျိုးတွေ အမြဲတမ်းထိတွေ့တယ် ရင်းရင်းနှီးနှီးတင်ပြခွင့်ရတာပေ့ါနော” လို့ ပြောပါတယ်။

ဖရူဆိုမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပွဲဒူကို အခုလို ဒေသခံတွေ တင်ပြတောင်းဆိုနေတဲ့အကြောင်းကို ဆက်သွယ်မေးမြန်းတဲ့အခါမှာတော့ ကျေးရွာဖက်မှာ ကွင်းဆင်းကြည့်ရှုတဲ့အခါ လမ်း၊ တံတား၊ ရေ၊ မီး၊ လျှပ်စစ် စသဖြင့် ဒေသခံအများစုက တောင်းဆိုတင်ပြကြတယ်လို့လည်းပြောပါတယ်။

အဲဒီကိစ္စနဲ့ပတ်သက်ပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပွဲဒူက လူထုတောင်းဆိုချက်အရ ဆောင်ရွက်ပေးရမယ့်ကိစ္စကို လုပ်ဆောင်ပေးနေသလို လုပ်သင့်လုပ်ထိုက်တာကို ကြိုးစားနေတယ်လို့ ဆိုပါတယ်။

“ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဆိုတော့ တစ်မြို့လုံးကို ပတ်သွားနေရတာ။ မသွားပါဘူး အားနည်းနေတယ်ဆိုတာကတော့ အဲဒါတော့ ပြောနေတဲ့ ပုဂ္ဂိုလ်ကတော့ မမြင်လို့ပဲ ပြောတာဖြစ်မယ်။ တစ်ယောက်ယောက်က ကြုံဖန်ပြီးပြောတာဖြစ်နိုင်တယ်လို့မြင်ပါတယ်။ ပြည်သူတွေက လွှတ်လွှတ်လပ်လပ်တွေးခေါ်ပိုင်ခွင့်ရှိပါတယ်” လို့ပြန်လည်ဖြေရှင်းပြောဆိုထားပါတယ်။

ဒီနှစ်အတွင်းမှာလည်း လမ်းပန်းဆက်သွယ်ရေးအတွက် သိန်းပေါင်းနှစ်သောင်းကုန်ကျပြီး ဆောင်ရွက်မယ့်လုပ်ငန်းစဉ်ကို လျာထားတယ်လို့ ဆိုပါတယ်။

ကျေးရွာအတွင်း ကွင်းဆင်းကြည့်ရှုတဲ့အခါ တချို့ဒေသခံတွေက တောင်းဆိုချက်များသလို လွှတ်တော်ကိုယ်စားလှယ်ကို တင်ပြတောင်းဆိုဖို့ မပြောရဲကြတဲ့ ဒေသခံအများအပြားရှိတယ်လို့ ၎င်းရဲ့တွေ့ရှိချက်ကိုပြောပါတယ်။

ဒေသခံအများစုကတော့ လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ ကွင်းဆင်းကြည့်ရှုမှုကနေတဆင့် သူတို့ရဲ့ဒေသ ဒီထက်မက ပိုမိုဖွံ့ဖြိုးတိုးတက်စေလိုတဲ့ စိတ်ဆန္ဒရှိကြပါတယ်။ ကျေးရွာဖွံ့ဖြိုးတိုးတက်စေဖို့အတွက် အစိုးရကိုယ်တိုင်မလုပ်နိုင်ရင်တောင်မှ NGO အဖွဲ့အစည်းများ ဝင်ရောက်နိုင်ရင်တော့ အထောက်အကူပြုစေတယ်လို့ ဆိုကြပါတယ်။

လူမျိုးမစွဲ ပုဂ္ဂိုလ်မစွဲ ဒေသမစွဲဘဲ ဒေသခံလူထုရဲ့တောင်းဆိုချက်တင်ပြချက်တွေကို ကြည့်ရှုနိုင်ဖို့ မျှော်လင့်ချက်ထားကြတယ်လို့ ဒေသခံတွေကပြောပါတယ်။

“လွှတ်တော်ကိုယ်စားလှယ်တွေကို အဓိက ဒီဒေသတွေကိုဖွံ့ဖြိုးတိုးတက်ဖို့။ အဖက်ဖက်ကနေ တိုးတက်အောင်လုပ်ပေးရင် အဆင်ပြေမယ်လို့ိပြောချင်တာပေ့ါနော”

ဒေါကူလယ်ကျေးရွာမှာနေထိုင်ပြီး ဒေသခံတစ်ဦးဖြစ်တဲ့ မဇင်မာသန်းက သူမရဲ့ မျှော်လင့်ချက်ကိုပြောသွားတာဖြစ်ပါတယ်။



ဖရူဆိုမြို့နယ်အနောက်ဖက်ခြမ်းဒေသရှိ မိုဆိုအုပ်စုအတွင်းရှိ မော်သီသိုကျေးရွာကို မြင်တွေ့ရစဉ်



၂၀၁၃ ခုနှစ်၊ ဇန္နဝါရီလတွင် စတင်ဖြန့်ချိသည်။

# မငြိမ်းချမ်းနိုင်သေးတဲ့ သယံဇာတခွဲဝေမှု နောက်ကွယ်

**စိုးထိုက်အောင်၊ အန်ထောနီ**



*မော်ချီးဒေသမှ အမျိုးသမီးတွေ ခဲလုပ်ငန်းမှာ ပင်ပင်ပန်းပန်းနဲ့ ခဲထုနေတဲ့ အမျိုးသမီးထုတွေ မြင်တွေ့ရစဉ်။ ဓါတ်ပုံ – ကန္တာရဝတီတိုင်း(မ်)*

သဘာဝသယံဇာတရဲ့ ခွဲဝေမှုတွေက တိုင်းရင်းသားဒေသတွေဘက်မှာ ပြည်သူတွေအတွက် အမျိုးသမီးတွေ တန်းတူ ရပိုင်ခွင့်မရတာတွေ ဘာသတင်းအချက်အလက်မှ သိခွင့်မရတာတွေက ဒေသခံ အမျိုးသမီးထုတွေအတွက် ငြိမ်းချမ်းရေးမရတာနဲ့အတူတူပဲလို့ ပပွာကလူ (ကရင်) လူမှုဖွံ့ဖြိုးတိုးတက်ရေး အမျိုးသမီးအဖွဲ့ဥက္ကဋ္ဌ ဆရာမ မာဂရက်စိန်က ပြောကြားလိုက်ပါတယ်။

“ကျမတို့ဒေသခံတွေ ဘာမှသိပိုင်ခွင့်မရှိဘူးပေါ့နော်။ ဒါလေးတွေရှိတဲ့အတွက်ကြောင့်မိုလို့ ငြိမ်းချမ်းလာလို့ပြောမယ်ဆိုလို့ရှိရင် သေနတ်သံရပ်စဲသွားတာတော့ ဟုတ်တယ်။ Peace (ငြိမ်းချမ်းရေး)ဆိုတာတော့ မရှိသေးဘူး။ ပြည်သူတစ်ယောက်ချင်းစီမှာ ငြိမ်းချမ်းလာဆိုလို့ရှိရင် ငြိမ်းချမ်းတယ်လို့မထင်ဘူးပေါ့။” လို့ ဆရာမ မာဂရက်စိန်က ပြောပါတယ်။

“ပပွာကလူ(ကရင်) လူမှုဖွံ့ ဖြိုးတိုးတက်ရေးအမျိုးသမီး”အဖွဲ့ဟာဆိုရင် ကယားပြည်နယ် ဖားဆောင်းမြို့နယ် မော်ချီးဒေသဘက်က ကျေးလက်နေ ဒေသခံပြည်သူတွေ အမျိုးသမီးထုတွေလိုအပ်တဲ့ ကျန်းမာရေးစောင့်ရှောက်မှုတွေကို တဖက်တစ်လမ်း ဆောင်းရွက်ပေး နေတဲ့အဖွဲ့ဖြစ်ပါတယ်။

၎င်း အမျိုးသမီးအဖွဲ့အစည်းရှိနေတဲ့ ဒေသဟာဆိုရင် ခဲမဖြူအဖြိုက်နက် အများဆုံးထွက်တဲ့ မော်ချီးဒေသ ဖြစ်ပြီး သဘာဝသံယံဇာတ ပေါကြွယ်တဲ့ နေရာဖြစ်ပါတယ်။

သို့ပေမယ့် ဒီသယံဇာတတွေကို ဒေသခံအမျိုးသမီးထုတွေ အကျိုးကျေးဇူးမခံစားရတဲ့အတွက် မော်ချီးဒေသဘက်က အမျိုးသမီးတွေဟာဆိုရင် လက်ရှိမှာ အခုချိန်ထိ မငြိမ်းချမ်းနိုင်သေးတာဖြစ်တယ်လို့ ဆရာမ မာဂရက်စိန်က ပြောဆိုလိုက်တာဖြစ်ပါတယ်။

အဓိက ဦးပိုင်ကုမ္ပဏီတွေ၊ လက်နက်ကိုင်အဖွဲ့အစည်းတွေပဲ အကျိုးခံစားခွင့်ရှိကြပြီး ဒေသခံပြည်သူလူထုတွေက အကျိုးခံစားခွင့်မရတာဟာ ငြိမ်းချမ်းရေးမရတာဖြစ်တယ်လို့ ဆိုပါတယ်။

မော်ချီးခဲသတ္တုသယံဇာတကနေ ပြည်သူတွေအတွက် အကျိုးကျေးဇူးတန်းတူမရလို့လည်း ဒေသခံအမျိုးသမီး ထုတွေမှာ အေးအေးချမ်းချမ်းမနေရဘဲပင်ပင်ပန်းပန်းနဲ့ အသက်မွေးဝမ်းကြောင်း ပြုနေကြရတယ်လို့ မောချီးဒေသခံ ကျပန်းအလုပ်လုပ်နေတဲ့ ဒေါ်လွမ်းပို အခုလိုပြောပါတယ်။

၎င်းက “လွတ်လပ်ခွင့်မရှိပဲနဲ့ သားသမီးတွေ ရှေ့ရေးအတွက် ကောကိုယ့်ရဲ့စားဝတ်နေရေးအတွက် ကောပြေလည်အောင် အန္တရာယ်ကြားထဲကနေပြီးတော့မှ ဒီလိုပဲပေါ့ အသက်ကြီးလည်း လုပ်စားနေရတယ်ပေါ့။ ပင်ပင်ပန်းပန်းလုပ်စားရတယ်ပေါ့။ ကိုယ့်အတွက်က ငြိမ်းချမ်းရေး မရဘူးပေါ်နော် အဲလိုမျိုးပုံစံပေါ့နော။” လို့ပြောပါတယ်။

မော်ချီးဒေသတွေဘက်က ကျေးရွာတွေအတော်တော်များများဟာဆိုရင် တိုက်ပွဲတွေ မကြာမကြာဖြစ်ခဲ့ပြီး အခုချိန်ထိ အမဲနယ်မြေလို့ သတ်မှတ်ထားတာကြောင့် ဖွံ့ဖြိုးမှုအစစအရာရာ နောက်ကျကျန်နေပါသေးတဲ့ နေရာတွေလည်းဖြစ်ပါတယ်။

တစ်ဖက်မှာလည်း မြေပေါ်မြေအောက် သယံဇာတပေါကြွယ်တဲ့ မော်ချီးခဲသတ္တုလည်းရှိနေပြန်တော့ ပြည်သူတွေ အကျိုးမခံစားရတဲ့အပြင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေနဲ့ အစိုးရစစ်တပ်တို့မှာ နယ်မြေခွဲဝေမှု ထိပ်တိုက်ရင်ဆိုင်ကြုံတွေ့လာရတဲ့ အခြေအနေမျိုးတွေရှိလာပြန်တော့ စစ်ပွဲတွေ ဖြစ်မှာကိုလည်း ဒေသခံတွေ စိုးရိမ်နေကြပါတယ်။

မော်ချီးဒေသဘက်မှ မငယ်ငယ်က “စိုးရိမ်တယ်ဘာဖြစ်လို့လဲဆိုရင် ဒီနေရာမှာ ဟို့တခြားနေရာမှာဖြစ်တယ်ဆိုရင် ဒီနေရာမှာ မဖြစ်ဘူးလို့ ပြောလို့မရဘူးလေး။ ဒါလည်းပြောရမယ်ဆိုရင် သူများအမြင်မှာ အမဲရောင်နယ်မြေပဲကောအဲဒါကြောင့်စိုးရိမ်တယ်။”လို့အခုလိုပြောပါတယ်။

မော်ချီးဒေသဘက်မှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေဖြစ်တဲ့ကရင်နီအမျိုးသားတိုးတက်ရေးပါတီမှ ကရင်နီတပ်၊ မြန်မာအစိုးရစစ်တပ်နဲ့ ကရင်နီ အမျိုးသား သွေးစည်းညီညွတ်ရေး အဖွဲ့ (KNSO) ခေါ် ကြယ်ဖြူ ပြည်သူ့စစ်အဖွဲ့တို့ရဲ့တပ်စခန်းတွေ ရှိပါတယ်။

ငြိမ်းချမ်းရေးမရှိလို့ရှိရင် အမျိုးသမီးတွေအပေါ်ဆိုးကျိုးတွေပိုပြီးခံနေရတယ်ဆိုတဲ့ အကြောင်းတွေကို မော်ချီးဒေသဘက်မှာ နေထိုင်တဲ့ အမျိုးသမီးထုတွေကပြောဆိုထားကြပါတယ်။

နယ်မြေဒေသမအေးချမ်းလို့ရှိရင် အမျိုးသမီးတွေအတွက် လုံခြုံမှုမရှိတော့တဲ့အတွက် ငြိမ်းချမ်းရေးရဖို့မရှိမဖြစ်လိုအပ်တယ်ဆိုတဲ့အကြောင်းကို မော်ချီးဒေသ ညောင်သာယာရွာမှ ကျေးရွာအတွင်းရေးမှူး ဒေါ်နော်စတာ က အခုလို ပြောပါတယ်။

“ငြိမ်းချမ်းရေးမရှိဘူးဆိုရင် အမျိုးသမီးတွေအပေါ်မှာတော့ ဆိုးကျိုးတွေအများကြီးဖြစ်ပေါ်လာနိုင်တယ်။ ဘာဖြစ်လို့လဲဆိုလို့ရှိရင် အရင်တုန်းကဆိုရင် သက်ငယ်မုဒိမ်းမှုတွေမကြားဖူးဘူး။ ဒီနောက်ပိုင်းမှာမှ သက်ငယ်မုဒိမ်းတွေ အရင်တုန်းကဆိုရင် ကိုယ့်မိဘတွေက ကိုယ့်ကို အိမ် မှာထားခဲ့တယ်။ ဘာမှမဖြစ်ဘူး စိတ်ချတယ်။ တကယ်လည်း ဘာမှမဖြစ်ဘူး။ အခုဆိုရင် မိဘတွေက စိတ်မချရတဲ့အဆင့်တွေရောက်နေပြီ သားသမီးတွေဆိုရင် လွတ်လွတ်လပ်လပ်သူတို့ကို သီးသန့်မထားခဲ့နိုင်ဘူးပေါ့နော်။ တခုခုဖြစ်မှာစိုးလို့ အဲဒါလည်း မငြိမ်းချမ်း ဘူးပေါ့နော်။” လို့ပြောပါတယ်။

၂၀၁၂ ခုနှစ် မတ်လက အစိုးရ၏ ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့နှင့် ကရင်နီအမျိုးသား တိုးတက်ရေးပါတီ (KNPP) တို့ အပစ်အခတ် ရပ်စဲရေးသဘောတူ လက်မှတ်ရေးထိုးတဲ့အထဲမှာတော့ စစ်မှန်တဲ့ငြိမ်းချမ်းရေး ဒီလိုအကြီးစားစီမံကိန်းတွေကို ဆက်မလုပ်ဖို့ ပါရှိထားပါတယ်။ သို့ပေမယ့်လည်း နောက်ပိုင်းမှာက သတ္တုတူးဖော်ရေးလုပ်ငန်း သက်တမ်းတိုးမြင့်ထားတဲ့အတွက် အကောင်အထည်ဖော်မှု များပြားလာပါတယ်။



မော်ချီးဒေသ ယူကော်ခိုကျေးရွာရှိ အမျိုးသမီးများမြင်တွေ့ရစဉ်ဖြစ်ပါတယ်။ ဓါတ်ပုံ – ကန္တာရဝတီတိုင်း(မ်)

# မြန်မာ ကစားသမား ၅ ဦး ထိုင်းလိဂ်တွင် ကစားနေ




**ဘုဒ်ီ**

၂၀၂၀ ဘောလုံးရာသီတွင် အာဆီယံ ဒေသတွင်း လိဂ်တစ်ခုဖြစ်သည့် အိမ်နီးချင်း ထိုင်းနိုင်ငံ၏ လိဂ်ပြိုင်ပွဲသို့ မြန်မာနေရှင်နယ်လိဂ် ကစားသမား (၅) ဦး သွားရောက်ကစားလျက်ရှိသည်။

ထိုင်းလိဂ် ၁ တွင် ၃ ဦး၊ လိဂ် ၂ တွင် ၁ ဦးနှင့် လိဂ် ၃ တွင် ၁ ဦး တို့ ကစားလျက်ရှိကြောင်း သိရသည်။

အဆိုပါ ကစားသမား (၅) ဦးမှာ ဇော်မင်းထွန်းနှင့် ကျော်ကိုကိုက ထိုင်းလိဂ် ၁ ကလပ် ဆူခိုထိုင်းအသင်း၊ Trat အသင်း၌ အောင်ကောင်းမာန်၊ ထိုင်းလိဂ် -၂ ကလပ် ချိုင်းနတ်ဟွန်းဘေးအသင်းတွင် မြတ်ကောင်းခန့်နှင့် ထိုင်းလိဂ်-၃ ကလပ် မြောင် ကန်အသင်းတွင် ဆွမ်လမ်မန်တို့ သွားရောက်ကစားကြမည်လည်းဖြစ်သည်။

ယင်းကစားသမား၅ဦးထဲတွင်ဇော်မင်းထွန်းနှင့် ကျော်ကိုကိုတို့သည့် ထိုင်းလိဂ်တွင် ကစားဖူးသည့် အတွေ့အကြုံရှင့် ကစားသမားများ ဖြစ်ကြသည်။

မြန်မာ လက်ရွေးစင် တိုက်စစ်မှူး ကျော်ကိုကိုသည် ချင်းရိုင်းယူနိုက်တက်အသင်းနှင့် စမူပရာကန်အသင်းတို့တွင် တစ်ရာသီစီ ကစားပေးခဲ့သူ ဖြစ်ပြီး နောက်ခံကစားသမား ဇော်မင်းထွန်းသည် ချွန်ဘူးရီးအသင်းတွင် ပြီးခဲ့သည့် ဘောလုံးရာသီတခုကို ကစားပေးခဲ့သူ ဖြစ်သည်။

မြန်မာ ယူ ၂၃ ကွင်းလယ်ကစားသမား မြတ်ကောင်းခန့်နှင့် တိုက်စစ်မှူး အောင်ကောင်းမာန်တို့အနေဖြင့် ဖိလစ်ပိုင်ဆီးဂိမ်းတွင် အထူးခြေစွမ်းပြနိုင်ခဲ့သည့်အတွက် ထိုင်းလိဂ်အသင်းများက ခေါ်ယူခြင်းခံခဲ့ရသူများ ဖြစ်သည်။

# တိုက်ရိုက် ဂိုးပါဝင်ပတ်သက်မှု ထောင်ပြည့်ခဲ့ပြီဖြစ်သည့် မက်ဆီ




**ဘုဒ်ီ**

ကမ္ဘာ့အကောင်းဆုံး ကစားသမား တစ်ဦးဖြစ်သည့် ဘာစီလိုနာအသင်းခေါင်းဆောင် မက်ဆီသည် အီဘာအသင်းအား (၅-၀)ဂိုးဖြင့်အနိုင်ရသည့် လာလီဂါပွဲစဉ်တွင် အသင်းအတွက် တစ်ဦးတည်း (၄)ဂိုး သွင်းယူပေးပြီးနောက် ၎င်း၏ပရော်ဖက်ရှင်နယ် ကစားသမားဘဝ ကလပ်အသင်းနှင့် နိုင်ငံ လက်ရွေးစင်အသင်း အတွက် တိုက်ရိုက်ဂိုး ပါဝင်ပတ်သက်မှု (၁၀၀၀)ပြည့်မှတ်တမ်းကို ရယူနိုင်ခဲ့ပြီဖြစ်သည်။

အာဂျင်တီနား လက်ရွေးစင် အသင်းခေါင်းဆောင် မက်ဆီသည် လက်ရှိကစားနေဆဲကစားသမားများထဲတွင် ယင်းမှတ်တမ်းကို ပထမဆုံးရရှိသူအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

မက်ဆီသည် ကစားသမားဘဝတွင် ကလပ်အသင်း ဖြစ်သည့် ဘာစီလိုနာနှင့် လက်ရွေးစင်အသင်းဖြစ်သည့် အာဂျင်တီးနားတို့အတွက် တိုက်ရိုက်ဂိုးပါဝင်ပတ်သက်မှု (၁၀၀၂)ကြိမ် (၆၉၆ ဂိုးသွင်း၊ ၃၀၆ ဂိုးဖန်တီး) အထိရှိခဲ့ခြင်းဖြစ်သည်။

ကမ္ဘာ့ အကောင်းဆုံး ကစားသမားဆု Ballone d’Or ကို ၆ကြိမ်အထိ ရယူပြီး ကမ္ဘာ့အကောင်းဆုံးဘွဲ့ကို စံချိန်တင် ရယူထားသည့် မက်ဆီသည့် ယခု ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၂၃ ဂိုးသွင်းယူကာ ဂိုးဖန်တီးမှု ၁၆ ကြိမ်အထိပြုလုပ်ကာ ခြေစွမ်းပြ ကစားနေသူဖြစ်သည်။

REF: BR

# WBC ဟဲဗီးဝိတ် ချန်ပီယံဖြစ်လာသည့် တိုင်ဆန်ဖျူရီ




လက်ဝှေ့လောကတွင် ရှုံးပွဲမရှိ နာမည်ကျော် နှစ်ဦးဖြစ်သည့် တိုင်ဆန်ဖျူရီနှင့် ဒီယွန်တေး ဝိုင်းလ်ဒါးတို့ အမေရိကန်နိုင်ငံ၊ လာ့စ်ဗေးဂတ်စ်မှာ ထိုးသတ်ခဲ့သည့် WBC ဟဲဗီးဝိတ်တန်း ချန်ပီယံဘွဲ့ စိန်ခေါ်ပွဲတွင် ဗြိတိန်နိုင်ငံသား တိုင်ဆန် ဖျူရီက ဒိုင်ပွဲရပ်ဖြင့် အနိုင်ယူကာ WBC ဟဲဗီးဝိတ် ချန်ပီယံဘွဲ့ကို ရယူနိုင်ခဲ့သည်။

လက်ရှိ ချန်ပီယံဖြစ်သည့် ဝိုင်းလ်ဒါးကို တိုင်ဆန်ဖျူရီက ပွဲစဉ်တစ်လျှောက် အသာစီး ရယူထိုးသတ်နိုင်ပြီး ၇ ချီအရောက်တွင် ဝိုင်းလ်ဒါးအသင်းမှ ပုဝါဖြူ ကြိုးကွင်းထဲ ပစ်တင်ကာ ဒိုင်ပွဲရပ် အရှုံးပေးခဲ့ရသည်အထိ အသာစီးရခဲ့သည်။

ယခု ရှုံးပွဲသည် အသက် ၃၄ နှစ် အရွယ်ရှိပြီး WBC ဟဲဗီးဝိတ် ချန်ပီယံ ခါးပတ်ကို ၁၀ကြိမ် အထိ ကာကွယ်နိုင်ခဲ့သည့် အမေရိကန် နိုင်ငံသား ဒီယွန်တေး ဝိုင်းလ်ဒါးသည် သူ၏ ပရော်ဖက်ရှင်နယ် လက်ဝှေ့ကစားသမား သက်တမ်းတစ်လျှောက် ပထမဆုံး ရှုံးပွဲကို ရင်ဆိုင်ခဲ့ရခြင်း ဖြစ်သည်။

အသက် ၃၁ နှစ် အရွယ် တိုင်ဆန်ဖျူရီ အတွက် လက်ဝှေ့ကစားသမားသက်တမ်းတစ်လျှောက် ၃၁ပွဲမှာ ၃၀ပွဲမြောက် အနိုင်ရခဲ့တာဖြစ်ပြီး ၂၁ပွဲကို အလဲထိုး အနိုင်ရယူနိုင်သူ ဖြစ်သည်။

ယခုနိုင်ပွဲသည် လက်ရှိဟဲဗီးဝိတ်တန်းမှာလည်း တစ်ဦးတည်းသော ရှုံးပွဲမရှိ စံချိန်တင်ထားသူဖြစ်ပြီး ဟဲဗီးဝိတ်တန်း ချန်ပီယံအဖြစ်ကို တစ်ကျော့ပြန် ရောက်လာခဲ့ခြင်း ဖြစ်သည်။

တိုင်ဆန်ဖျူရီသည် ၂၀၁၅ ခုနှစ်တွင် ဟဲဗီးဝိတ်တန်း ချန်ပီယံကို WBA, WBO, IBF, IBO ချန်ပီယံ ဗလာဒီမီယာ ကလစ်ရှ်ကို ဂျာမနီကို အမှတ်ဖြင့် အနိုင်ယူပြီး ချန်ပီယံ ဖြစ်ခဲ့ဖူးသူ ဖြစ်သည်။

### လက်ဝှေ့ကျော် နှစ်ဦး၏ မှတ်တမ်းများ

**တိုင်ဆန်ဖျူရီ မှတ်တမ်း**

အသက် - ၃၁နှစ်
အရပ် - ၆ပေ၊ ၉ လက်မ
ထိုးပွဲ - ၃၁ပွဲ
နိုင်ပွဲ - ၃၀ပွဲ
အလဲထိုး - ၂၁ပွဲ
သရေပွဲ - ၁ပွဲ
ရှုံးပွဲ - မရှိ

**ဒီယွန်တေး ဝိုင်းလ်ဒါး မှတ်တမ်း**

အသက် - ၃၄နှစ်
အရပ် - ၆ပေ၊ ၇လက်မ
ထိုးပွဲ - ၄၄ပွဲ
နိုင်ပွဲ - ၄၂ပွဲ
အလဲထိုး - ၄၁ပွဲ
သရေပွဲ - ၁ပွဲ
ရှုံးပွဲ - ၁ပွဲ

REF: BBC

၂၀၀၄ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော
ရှမ်းပြည်နယ်တောင်ပိုင်း၊ ဖယ်ခုံမြို့

# အောင်ကောင်းစံ ကိုယ်ပိုင်အထက်တန်းကျောင်း

အမှတ်(၆၀)၊စဝ်စံထွန်းလမ်း၊ဈေးရှေ့ရပ်ကွက်၊ဖယ်ခုံမြို့ (ဖုန်း) ၀၉-၄၂၈၃၆၀၄၂၇၊၀၉-၄၂၈၃၅၇၀၅၅



မသူဇာနွယ်(ရပ/၉၄)
မြန်မာ၊ အင်္ဂလိပ်၊ သင်္ချာ၊ ဓာတု၊ ဇီဝ



မအက်စတာ(ရပ/၈၄)
သင်္ချာ၊ ဓာတု၊ ရူပ၊ ဇီဝ



မောင်အောင်ထွန်းမြင့်(ရပ/၁၀၃)
သင်္ချာ၊ ဓာတု၊ ရူပ၊ ဇီဝ



မောင်သက်ပိုင်စစ်(ရပ/၇၉၆)
သင်္ချာ၊ ဓာတု၊ ရူပ၊ ဘောဂ



မောင်သန့်ဇော်မျိုး(ရပ/၈၃၆)
သင်္ချာ၊ ဓာတု၊ ရူပ

## ၂၀၁၇-၂၀၁၈ ပညာသင်နှစ် အောင်ကောင်းစံ ကိုယ်ပိုင်အထက်တန်းကျောင်း(ဖယ်ခုံမြို့) မှ တက္ကသိုလ်ဝင်တန်းဂုဏ်ထူးရှင်များ

| စဉ် | ခုံအမှတ် | အမည် | ဂုဏ်ထူးရဘာသာများ | နေရပ်လိပ်စာ |
|---|---|---|---|---|
| ၁ | ရပ/၉၄ | မသူဇာနွယ် | မြန်မာ၊ အင်္ဂလိပ်၊ သင်္ချာ၊ ဓာတု၊ ဇီဝ | စံကား ညောင်ပင်သာ |
| ၂ | ရပ/၈၄ | မအက်စတာ | သင်္ချာ၊ ဓာတု၊ ရူပ၊ ဇီဝ | မိုးနဲမြို့ |
| ၃ | ရပ/၇၉၆ | မောင်သက်ပိုင်စစ် | သင်္ချာ၊ ဓာတု၊ ရူပ၊ ဘောဂ | ညောင်ကုန်း(၅)၊ ဖယ်ခုံမြို့ |
| ၄ | ရပ/၁၀၃ | မောင်အောင်ထွန်းမြင့် | သင်္ချာ၊ ဓာတု၊ ရူပ၊ ဇီဝ | မိုင်းဆတ်မြို့ |
| ၅ | ရပ/၈၃၆ | မောင်သန့်ဇော်မျိုး | သင်္ချာ၊ ဓာတု၊ ရူပ | ဒေါင်းအိုရွာ |
| ၆ | ရပ/၈၇ | မတင်ဇာထွေး | သင်္ချာ၊ ဇီဝ | မင်းချောင်းရေသာရွာ |
| ၇ | ရပ/၇၂ | မခြူးကေခိုင် | ဓာတု၊ ဇီဝ | လွိုင်ကော်မြို့ |
| ၈ | ရပ/၈၈ | မမျိုးမင်းထွေး | ဓာတု၊ ဇီဝ | ရွှေစမ်းရွာ |
| ၉ | ရပ/၉၀ | မသိမ့်မြတ်ညီညီထွန်း | ဓာတု၊ ဇီဝ | တောင်ကြီးမြို့ |
| ၁၀ | ရပ/၀၆၀ | မလင်းလတ်ဝင်း | ဓာတု၊ ဘောဂ | ကရားရွာ(နောင်ဖိုး) |
| ၁၁ | ရပ/၁၀၂ | မောင်စိုင်းကေမြင့် | သင်္ချာ | ဟောက်ပယ်မြို့ |
| ၁၂ | ရပ/၇၈ | မချောအိအိစံ | ဇီဝဗေဒ | စံကား ဆည်ခေါင်း |
| ၁၃ | ရပ/၁၀၉ | မကြူကြူလွင် | ဓာတုဗေဒ | ညောင်ကုန်း(၃)၊ ဖယ်ခုံမြို့ |
| ၁၄ | ရပ/၇၇၆ | မတင်ကြည် | ဘောဂဗေဒ | လအိုရွာ |
| ၁၅ | ရပ/၇၈၄ | မမြပန်းခိုင် | ဘောဂဗေဒ | လအိုရွာ |
| ၁၆ | ရပ/၈၀၂ | မောင်ခိုင်ထူး | ဘောဂဗေဒ | လအိုရွာ |
| ၁၇ | ရပ/၈၂၄ | မပန်းဖြူ | ဘောဂဗေဒ | လအိုရွာ |
| ၁၈ | ရပ/၈၇၄ | မကေခိုင်ဦး | ဘောဂဗေဒ | လအိုရွာ |
| ၁၉ | ရပ/၈၂၆ | မဒေးသခင်ဖြူ | ဘောဂဗေဒ | ဈေးနောက်ရပ်ကွက် |
| ၂၀ | ရပ/၈၃၁ | မဝင်းနဒီမိုး | ဘောဂဗေဒ | စံကား ညောင်ပင်သာ |
| ၂၁ | ရပ/၈၃၃ | မမြမြမိုး | ဘောဂဗေဒ | ညောင်ကုန်း(၅)၊ ဖယ်ခုံမြို့ |
| ၂၂ | ရပ/၈၆၃ | မနန်းအေးသန်း | ဘောဂဗေဒ | လုံကာရွာ |
| ၂၃ | ရပ/၈၀၆ | မငြိမ်းငြိမ်းထွေး | ဘောဂဗေဒ | ကရားရွာ(နောင်ဖိုး) |
| ၂၄ | ရပ/၁၁၂၆ | မငွေသီ | ဘောဂဗေဒ | လွယ်ကျိုင်းရွာ |
| ၂၅ | ရပ/၂၀၆၅ | မောင်စိုင်းနိုးသီဟ | ပထဝီ | ဒေါင်းအိုရွာ |
| ၂၆ | ရပ/၁၀၅၁ | မတွယ်တာမိုး | ဘောဂဗေဒ | စံကား ညောင်ပင်သာ |
| ၂၇ | ရပ/၁၀၁၀ | မယဉ်ယဉ်နု | ဘောဂဗေဒ | ဘောရန်ရွာ |

အောင်မြင်သူ
စုစုပေါင်း
၉၈ ဦး
ဂုဏ်ထူးရှင်ပေါင်း
၂၇ ဦး
အောင်ချက်
၄၈ %



သွေးလှူဒါန်းလိုပါက -
လွိုင်ကော်ပြည်သူ့ဆေးရုံကြီး
(အမျိုးသားသွေးဌာန)
ဆက်သွယ်ရန်ဖုန်း
၀၉၇၈၆၄၉၉၉၈၇၊ ၀၉၄၅၂၈၇၉၅၆၆






Ph - 09774993500





ကြော်ငြာ
ကိစ္စ
ဆက်သွယ်
လိုပါက
ဖုန်း -
၀၉၂၆၂၁၇၂၉၃၅



Advertise with us

KANTARAWADDY TIMES

Bi-monthly Journal:



Online:
www.kantarawaddytimes.org
www.facebook.com/kantarawaddytimes

Contact:
Phone : 09262172935





ကိုထိန်လင်း



သံပန်း ၊ သံတံခါး ၊ ဖြုန်းအုတ်ရိုက်စက်နှင့်
စက်ကရိယာတီထွင်မှုလုပ်ငန်း
မင်း/၂၈ ၊ နန္ဒာလမ်း ၊ မင်းစုရပ် ၊ လွိုင်ကော်မြို့ ၊ (ရုပ်ရှင်ရုံတောင်ဘက်)
"ရွှေညောင်ပင်" အထွေထွေစက်မှုလုပ်ငန်း ၊ အကွက်အမှတ် (၅၀၀) စက်မှုဇုန်
၀၉ - ၃၆၀၅၈၉၈၂ / ၀၉ - ၂၅၇၉၁၇၂၇၉

NLD ပါတီ အနိုင်ရရှိသွားတဲ့ ၂၀၁၅ ခုနှစ်ရွေးကောက်ပွဲအပြီးမှာစတင်ခဲ့တဲ့ လွှတ်တော်က ပြီးခဲ့တဲ့ ဖေဖော်ဝါရီလ ၂၀ ရက်နေ့မှာ သက်တမ်း ၄ နှစ်ပြည့်သွားပြီ ဖြစ်ပါတယ်။ ပြည်နယ်အတွင်းမှာရှိတဲ့ အရပ်ဖက်အဖွဲ့အစည်း၊ တက်ကြွလှုပ်ရှားသူ၊ လူငယ်စတဲ့ ဒေသခံပြည်သူတွေရဲ့ ထင်မြင်သုံးသပ်ချက်တွေကို ဖော်ပြလိုက်ပါတယ်။



ခူးရီးရယ် – ကရင်နီလူငယ်

လုပ်ဆောင်ချက်တွေက အားရကျေနပ်မှု မရှိဘူး။ လုပ်သင့်တာနဲ့ လုပ်ပြီးရမဲ့ အလုပ်တွေကို ပြီးစီးအောင် မလုပ်ဆောင်နိုင်ကြဘူး။ လွှတ်တော်အမတ်ဖြစ်တဲ့သူတွေက ခိုင်မာတဲ့ခံယူချက် ရှိဖို့ လိုတယ်။

ပြောင်းလဲလိုတဲ့ မြင်ချင်တဲ့ အရာတွေကို လေးလေးနက်နက် အားထုတ်ပြီး လုပ်ဆောင်ဖို့ လိုအပ်တယ်။

ဒီလစာငွေ တစ်ခုတည်းကိုပဲ မက်ပြီး လွှတ်တော်အမတ် လုပ်ရင်တော့ သိပ်ရှက်ဖို့ ကောင်းပါတယ်။ လွှတ်တော်အမတ်တွေဆိုရင် စတင်ဝင်ရောက် အရွေးကောက်ခံပြီးကတည်းက ယနေ့အထိမြို့နယ်သော်လည်းကောင်း၊ ရပ်ကွက်သော်လည်းကောင်း၊ ကျေးရွာကိုသော်လည်းကောင်း ကွင်းဆင်းပြီး ပြည်သူလူထုနဲ့ ထိတွေ့တာ မရှိဘူး။ ဒါတွေကအဓိကပြဿနာဖြစ်တယ်။

အဲ့လို တကယ်အလုပ်မလုပ်တဲ့ လွှတ်တော်အမတ်တွေကို ကျတော်တို့ အနားပေးဖို့လိုတယ်။ အဲ့လိုအမတ်တွေ လွှတ်တော်ထဲမှာ နေရာယူထားသရွေ့တော့ ကျတော်တို့ပြည်နယ် ဖွံ့ဖြိုးတိုးတက်ဖို့ ဝေလာဝေးပါပဲ။



စောဂျော်နီမင်း – ဒေသခံပြည်သူ တစ်ဦး

၂၀၂၀ ရွေးကောက်ပွဲလည်း နီးလာပြီပေါ့နော ဆိုတော့ ဒီ၄နှစ်တာကာလမှာကျတော်မြင်တာကတော့ အမတ်တွေကတော့ သူ့ဟာနဲ့သူတော့ လုပ်နေကြပါတယ်။

သို့ပေမဲ့လည်း သူတို့ရဲ့ တချို့သော ကတိကဝတ်တွေရယ် သူတို့ရဲ့ မဲဆန္ဒနယ်တွေမှာ ထိရောက်စွာ အလုပ် မလုပ်နိုင်ဘူးလို့ပဲ ကျတော်မြင်တယ်။

တချို့သော နေရာတွေမှာ လစ်ဟာမှုတွေ အများကြီး ရှိနေတယ်။ တချို့ သော လူထု တွေ့ဆုံမှု တွေ ဒီဒေသဖွံ့ဖြိုးရေးတွေမှာ တချို့သော အခန်းကဏ္ဍတွေမှာ အများကြီး လစ်ဟာနေတာတွေ ရှိတယ်ပေါ့နော ဆိုတော့ တချို့သော နေရာတွေမှာ လုပ်လို့ ရပေမဲ့လည်း မလုပ်တာလား၊ မလုပ်နိုင်တာလား၊ ဘယ်လိုအခက်အခဲ ရှိလဲဆိုတာတော့ မသိဘူးလေနော ဒါပေမဲ့ တကယ်တမ်း လိုအပ်နေတဲ့ နေရာမှာ မလုပ်တာ တွေ၊ မရောက်နိုင်တာတွေ အများကြီးတော့ တွေ့နေရတယ် ပေါ့နော။ အားမရဘူးပေါ့ဗျား။

**အဆက်ကို စာမျက်နှာ ၂နှင့် ၂၁ သို့**

**Sweet Dream** စပရိန်မွေ့ရာ၊ ပရိဘောဂ၊ မင်္ဂလာခန်းဝင်ပစ္စည်းအမျိုးမျိုး၊ ခန်းဆီးလိုက်ကာ နှင့် အိမ်တွင်းအလှဆင်လုပ်ငန်း




ဆိုင် (၁) ➡ (ရှမ်း/၃၃) လောပိတလမ်း၊ ရှမ်းစုရပ်။ ဖုန်း – ၀၉-၅၆၀၀၃၅၉၊ ၀၉၄၂၈၀၀၂၁၉၅။ ဆိုင် (၂) ➡ နှစ်ထပ်ဈေးအပေါ် ထပ် မြောက်ဖက်ခြမ်း။ ဖုန်း – ၀၉-၂၆၀၀၉၀၀၉၇

ဒို့ခေတ် လယ်ယာသုံးစက်နှင့် ဆောက်လုပ်ရေးသုံးပစ္စည်းဆိုင်



ဆိုင် (၁) ဗဟိုဈေး၊ လွိုင်ကော်မြို့။ Ph: 083 21180, 21870/ 09-5600333
ဆိုင် (၂) ပဒေသာလမ်း၊ ဓမ္မာရုံ၊ လွိုင်ကော်မြို့။ Ph: 083 22007/ 09-5600777
ဆိုင် (၃) ရှမ်းပြည်နယ်တောင်ပိုင်း၊ မိုးဗြဲမြို့။ Ph: 09-49400030
ဆိုင် (၄) ဒီးမော့ဆို၊ လမ်းခွ၊ ဒေါင်ခါး။ Ph: 083 40347, 09-31015896
ဆိုင် (၅) ရှမ်းပြည်နယ်တောင်ပိုင်း၊ ဖယ်ခုံမြို့။ Ph: 081 56078

ဒို့ခေတ် မိသားစု လယ်ယာသုံးစက်နှင့် ဆောက်လုပ်ရေးသုံး ပစ္စည်းဆိုင်မှ တလနှစ်ကြိမ် ထုတ် Kantarawaddy Times ဂျာနယ်ကို လစဉ် အစောင် (၄၀) ဖိုး လစာကို လှူဒါန်းသည်။